# အပါယ်ရွာ

ထွန်းလွင် (ဓမ္မာစရိယ၊ဘီအေ)



ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်

အပါယ် ၄-ဘုံတွင် ဘဝဇာတ်ဖြစ်နေကြသူတို့ ခံစားနေရသည့်

ဆင်းရဲအမျိုးမျိုး ဒုက္ခအပုံပုံ ဇာတ်လမ်းစုံ

# အပါယ်ရွာ


## ထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ)

(ရတနာမွန်မဂ္ဂဇင်းအယ်ဒီတာချုပ်)



**မြတ်ပန်းရဂုံစာပေ**

၅၂/၉၁၉၊ ရော ၆-လမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် • ၈၆/၉၆ (၁၀)
မျက်နှာဖုံးခွင့်ပြုချက် • ၈/၉၇ (၃)
ထုတ်ဝေသည့်လ • ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ
အကြိမ် • ဒုတိယအကြိမ်
အုပ်ရေ • ၅၀၀
မျက်နှာဖုံးပန်းချီ • ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ • *SUNN SCANGRAPHICS*
ကွန်ပျူတာစာစီ • မျိုးမော်ကွန်ပျူတာ (ဖုန်း - ၂၅၃၃၅၂)

အတွင်းဖလင် **သူရိယအလင်း** ဖုန်း-၆၆၇၁၆၈

**ထုတ်ဝေသူ**

ဦးရဲမြင့်(မြ-၀၁၀၄၉) တက်လမ်းစာပေ၊
၉၆၇/ပဒေသာရပ်၊ ဇော်ဘွားကြီးကုန်း
အင်းစိန်မြို့နယ်။

**ပုံနှိပ်သူ**

ဦးကျော်ငွေ (မြ-၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်
အမှတ် ၂၅၁၊ ၃၉-လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။

**တန်ဖိုး - ကျပ်[illegible]**

# ကျွန်တော့်အမှာစကား

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များအဖို့ ‘အပါယ်’ဟူသော စကားလုံးကို စကားပြောတတ်စ အရွယ်မှစပြီး ဘဝတစ်လျှောက်လုံး အလျဉ်းသင့်တိုင်း သုံးစွဲလာခဲ့ကြလေသည်။ ကျွန်တော်တို့ ဘုရား ရှိခိုးသည့်အခါ ‘အပါယ်လေးပါး၊ ကပ်သုံးပါး’စသည်ဖြင့် အပါယ်ကိုရှေ့တန်းတင်ပြီး ရွတ်သည်။ နောက် ရှိသေးသည်။ အဘိုးအဘွား၊ မိဘ ဆရာသမား စသူတို့ ကို ထော်လော်ကန့်လန့်၊ ကလန်ကဆန်လုပ်မိသည့်အခါ–

‘ဟဲ့–နင် အပါယ်ကျလိမ့်မယ်’

စသည်ဖြင့် အပြောခံရသလို ကိုယ်တိုင်လည်း သုံးစွဲခဲ့ကြလေသည်။ သို့ကလို အကြောင်းအမျိုးမျိုးနှင့် သုံးစွဲနေကြသော်လည်း အပါယ်ကို နှစ်သက်စရာအဖြစ် သုံးစွဲနေကြသည်မဟုတ်။ ကြောက်ဖို့၊ လန့်ဖို့အဖြစ်သာ သတိပေးအနေနှင့် သုံးစွဲနေကြခြင်းဖြစ်သည်။

မှန်ပါသည်။ အပါယ်၏ အဓိပ္ပာယ်မှာ ‘ချမ်းသာကင်းရာအရပ်’ဟုဖြစ်ရာ ချမ်းသာမှုကင်းပြီ ဆိုကတည်းက ဆင်းရဲချည်း ပြွမ်းတီးတည်ရှိရာအရပ်မှန်း နားလည်ကြပြီး ဖြစ်သည်။

သို့ဖြင့် ကျွန်တော်တို့ ‘အပါယ်’ကို သုံးစွဲရာ၌ ကြောက်ရွံ့ထိတ်လန့်ဖို့အတွက်သာ သုံးစွဲနေကြကြောင်း ထင်ရှားသိသာလှပေပြီ။

သို့ဖြစ်သော် ကျွန်တော်တို့ အပါယ်ဆင်းရဲ အပါယ်ဒုက္ခကို

ဘယ်အတိုင်းအတာအထိ သိသည်၊ ဘယ်အထိ ကြောက်နေကြသနည်းဟု ဆင်ခြင် စဉ်းစားစရာ ဖြစ်လာရသည်။

ကျွန်တော်ထင်သည်။ အသိဉာဏ် ရင့်ကျက်သူများ အဖို့ရာမှာ အပါယ်ဆင်းရဲကို နှိုက်နှိုက်ချွတ်ချွတ် သိရှိပြီး၊ အပါယ်ဘေးကို အမှန်တကယ် ကြောက်ကြမည်ကို မည်သို့မျှ သံသယဖြစ်စရာ မရှိချေ။ ချွင်းချက်မရှိ လက်ခံကြမည်ဖြစ်သည်။

စဉ်းစားကြည့်ရမှာက အသိဉာဏ်နုသေးသူတို့အတွက်သာ ဖြစ်သည်။ အပါယ် ၄–ဘုံရှိသည့်အနက် ကျွန်တော်တို့ အကြောက်ဆုံးဘုံမှာ 'ငရဲ'ဘုံပင်ဖြစ်သည်။ မကောင်းတာလုပ်မိရင် 'ငရဲကျကော့မှာပဲ'ဟု ကိုယ့်ဘာသာကိုယ် သိသလို သူတစ်ပါးကိုလည်း သတိပေးတတ်သည်။ မကောင်းတာပြောမိ၊ ကြံမိရင်လည်း ထို့အတူပင်ဖြစ်သည်။

ထိုသို့ဖြစ်ရသည်မှာ ငရဲဘုံရောက်သည့်အခါ ခံစားရမည့် ဒုက္ခ သုက္ခကို အတော်လေး သိထားလို့ပင်ဖြစ်သည်။

ထိုငရဲဒုက္ခများကား ငရဲအိုး၊ ငရဲထိန်း၊ ငရဲခွေးနက်၊ ငရဲမီးလျှံ စသည်တို့၏ ဒဏ်ချက်ပင်ဖြစ်သည်။ ငရဲအိုးထဲ ကျခံရမှာတို့၊ ငရဲခွေးတို့၏ အကိုက်အခဲ၊ ငရဲထိန်းတို့၏ အရိုက်အနှက်၊ ငရဲမီးလျှံတို့၏ အလောင်အဝါး စသည်တို့ကို ကျွန်တော်တို့ ကြားသိပြီးဖြစ်လို့သာ ငရဲဆင်းရဲကို ကြောက်ကြရခြင်း ဖြစ်သည်။ ထိုအကြောက်မှ တကယ့်အကြောက်ဖြစ်သည်။

နောက် ကျွန်တော်တို့ကြောက်သော အပါယ်ဘုံနှစ်ဘုံက

‘ပြိတ္တာဘုံနှင့် အသူရကာယ်ဘုံ’တို့ ဖြစ်သည်။ အသူရကာယ်ဟူသည် ပြိတ္တာအမျိုးအစားပင် ဖြစ်သည်။ ပြိတ္တာထက် ဆင်းရဲဒုက္ခပိုကြီးသည်။ ထိုပြိတ္တာဘုံ အကြောက်ကျတော့ ကျွန်တော်တို့မှာတစ်မျိုးဖြစ် နေဟန်ရှိသည်။ ပြိတ္တာဘဝ၏ အစာငတ်၊ ရေငတ်ဆင်းရဲကို ကြောက်သည့် အကြောက်ထက် ‘ဟဲ’ဆို အခြောက်ခံရမှာတို့၊ ဖြုန်းဆို ကိုယ့်ရှေ့က မိုးတိုးမတ်တတ်ကြီး ရပ်ပြမှာတို့စသည်တို့ကို ကြောက်သည့်အကြောက်မျိုး ဖြစ်နေသည်။

ကျွန်တော်တို့ အကြားအသိများသည်ကလည်း ‘သရဲချောက်ပုံ’လောက်သာ တင်းကြမ်းဖြစ်နေသည်။ သို့ဖြင့် ပြိတ္တာဘုံအကြောက်သည် ငရဲဘုံအကြောက်လို အကြောက်မျိုး မဟုတ်ကြောင်း ထင်ရှား သိသာလှသည်။ နောက်ဆုံး အပါယ်တစ်ဘုံက‘တိရစ္ဆာန်ဘုံ’ဖြစ်သည်။ တိရစ္ဆာန်ဘုံကိုမူ ကြောက်ရလန့်ရမှန်းတောင် သိပ်မသိကြတော့ချေ။

ကျွန်တော်တို့ တိရစ္ဆာန်ဘုံကို ကြောက်ရာ၌ အကောင်အမျိုးအစားခွဲပြီး ကြောက်တတ်ကြသည်။ ဥပမာ ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝက်ဝံ၊ မြွေဟောက်၊ မိကျောင်း စသည်တို့ကိုကြောက်သည်။ ကြောက်ရာမှာလည်း သူတို့ဘဝ၏ ဆင်းရဲဒုက္ခကိုသိပြီး ကြောက်သည့်အကြောက်မျိုး မဟုတ်ကြ။ ထိုအကောင်ပလောင်တို့က ကျွန်တော်တို့၏ အသက်အန္တရာယ်ကို ရန်ရှာတတ်လို့သာ ကြောက်ခြင်းဖြစ်သည်။ နောက် ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ဘဲ၊ ကြက်၊ ငှက်၊ ငါး စသည် တို့ကိုမူ မကြောက်သည့်အပြင်

ဂရုတစိုက်တောင် မွေးမြူထားကြသေးသည်။ ဤသို့ မွေးမြူထား ရသည်မှာ ကျွန်တော်တို့က သူတို့ကို ခိုင်းစေဖို့၊ သူတို့အသွေး အသားတို့ကို စားသောက်ဖို့၊ စားမရသောသားရေ၊ အရိုး၊ ဦးချို စသည်တို့ကိုမူ လူ့အသုံးအဆောင်များလုပ်ဖို့ စသည်တို့ကြောင့် ဖြစ်သည်။

အမှန် အပါယ်ဘေးကို ကြောက်ဖို့ဆိုသည်က အပါယ်ဒုက္ခကို အစင်းသိ၊ အတွင်းသိ နှောကြေအောင်သိပြီး ကြောက်ကြပါမှ အပါယ်ဘေးကို ဧကန်ဧက ကြောက်ပြီဟု ဆိုရပါမည်။

ကျွန်တော့်စာအုပ် 'အပါယ်ရွာ' ကို ရေးရာ၌ အပါယ်ဆင်းရဲကို အတတ်နိုင်ဆုံး သိစေချင်ပြီး အပါယ်ဘေးကို အမှန်အကန် ကြောက်လန့်မိဖို့ စေတနာထား ရေးခဲ့ပါသည်။

သို့ရေးရာ၌ ကျွန်တော့် ရတနာမွန်မဂ္ဂဇင်းတွင် ဖော်ပြဖူးသော ထိုထိုသော စာရေးဆရာတို့၏ အပါယ်လေးဘုံမှ တစ်ဘုံဘုံပြန် လူဝင်စားတို့ ကိုယ်တွေ့ပြောပြချက်၊ ကျွန်တော်ကိုယ်တိုင်စုံစမ်း သိရှိချက်နှင့် ဘုရားဟော ကျမ်းဂန်လာ ဖြစ်ရပ်မှန်တို့၏ ခံစား ချက်တို့ကို သမပြီး ရောမွှေတင်ပြထားပါသည်။

ကျွန်တော့်'အပါယ်ရွာ'ကို လေ့လာကြည့်ရင်းဖြင့် တစ်ဦး တစ်ယောက်ယောက် အရင်ကထက် အပါယ်ဒုက္ခကိုသိမည်၊ အရင်ကထက် ပိုကြောက်မည်ဆိုလျှင် ကျွန်တော်ရေးရကျိုး နပ်ပါသည်။

ထွန်းလွင်(မြွှာစရိယ ဘီအေ)

ယခုနှစ်သကြၤန်ရက်အတွင်း ကျွန်တော် ဥပုသ်စောင့်ဖြစ်သည်။ အဆောကစား၊ အပျော်အပါး လုံးဝမပြုလုပ်၊ သကြၤန်အကြိုနေ့ကပင် ကျောင်းမှာ ပြောင်းရွှေ့နေနှင့်သည်။ သို့နှင့် သကြၤန်အကျ အကြတ်နှင့် အတက်နေ့များတွင် ဥပုသ်ရလေသည်။

ဥပုသ်မစောင့်ဖူးသူမို့ စောင့်စက ပျင်းသလိုလို၊ ရွံ့သလိုလို၊ ရှက်သလိုလိုလေး ဖြစ်မိသေးသည်။ သို့သော် ဥပုသ်စောင့်ဖော်များ၏ ဝိုင်းဝန်းအားပေးမှုကြောင့် အခုလို အောင်မြင်စွာ စောင့်ဖြစ်ခဲ့ခြင်းဖြစ်သည်။

အခုလိုဥပုသ်စောင့်ဖြစ်ပြန်တော့လည်း ဥပုသ်စောင့်နေသည့် သုံးရက်အတွင်း စိတ်ချမ်းမြေ့မှု တစ်မျိုးကို ကျွန်တော် ထူးကဲစွာ ခံစားလာမိရုံမက သံဝေဂဉာဏ်ပင် ဖြစ်ထွန်းပေါ်ပေါက်လေသည်။

အထူးသဖြင့် ဥပုသ်စောင့်ရက်အတွင်းမှာ ဘကြီးမောင်ခင်တို့၊ ဆရာလေး ကိုတင်အောင်တို့၏ မမွစကားဝိုင်းနား သွားထိုင်ပြီး နာယူမှတ်သားရသည်မှာ ထမင်းဆာမှန်းပင် မသိနိုင်အောင် နားထောင်လို့ မငြီးငွေ့နိုင်ခဲ့ချေ။

သူတို့ စကားဝိုင်းကား ဘာရယ်လို့ သတ်သတ်မှတ်မှတ် မရှိ။ အလျဉ်းသင့်သလို ကိုယ့်အသိ၊ သူ့အသိ လေးများကို ချပြောသွားခြင်းမျိုး ဖြစ်သည်။

ထိုမမွစကားဝိုင်း၌ အများဆုံး ချပြောသွားသူများမှာ ဘကြီးမောင်ခင်နှင့် ဆရာလေး ကိုတင်အောင်တို့သာဖြစ်သည်။

ဘကြီးမောင်ခင်က ကျမ်းလာဗဟုသုတ စာပေများ အတော်လေးကြွယ်သလို၊ ဆရာလေး ကိုတင်အောင်ကလည်း ကျောင်းဆရာပီပီ စာဖတ်အသိပြည့်ဝသူ ဖြစ်သည်။

ယခုနှစ် သကြိန်၌ သူတို့ အများဆုံးပြောသွားသော စကားမှာ ဒါနခန်း၊ သီလခန်း၊ ဘာဝနာခန်းးများမှာ အစပိုင်း၌ အနည်းငယ်သာပါပြီး အပါယ်ဆင်းရဲအကြောင်းဘက်က အတော်များသည်။

သို့နှင့် ဘေးကနားထောင်နေရသူ ကျွန်တော့်အဖို့ သံဝေဂဉာဏ်လေးများပင် ဖြိုးဖြိုးဖျောက်ဖျောက် ဖြစ်ပေါ်လာရသည်အထိ သူတို့အပါယ်အကြောင်း ဆွေးနွေးမှုက ခိုက်လှပေသည်။

တစ်ခါတစ်ရံ နားထောင်ရာကနေပြီး သူတို့ စကားလုံးများနှင့်အတူ အပါယ်ရွာဝန်းကျင်သို့ ကိုယ်တိုင်ခရီးဆန့်နေမိပြီး အပါယ်သားတို့၏ နေမှု၊ စားမှု၊ ဝတ်မှုများကို ကွင်းဆင်းလေ့လာနေမိသယောင် ထင်လာရပေသည်။

ဤသို့ ဘကြီးမောင်ခင်တို့ စကားဝိုင်းကို အပါယ်ရွာတစ်ဝိုက်ဆီသို့ တွန်းပို့လမ်းကြောင်းပေးလိုက်သူမှာ ကိုကြီးဖိုးထောင် ဖြစ်သည်။

ကိုကြီးဖိုးထောင်က ဘကြီးမောင်ခင်နားသွားပြီး ပုတီးလေး တစ်ကိုင်ကိုင်၊ တဖျောက်ဖျောက်နှင့် လုပ်နေသည်။ ထိုအခါ ဘကြီးမောင်ခင်က ကိုကြီးဖိုးထောင်ကို ကောက်ခါငင်ခါ မေးသည်။

"ဖိုးထောင်က သကြိန်ပြီးတဲ့အထိ ဥပုသ်စောင့်မှာလား"

"စောင့်ပြီလား ဘကြီးခင်၊ အခုတောင် ၂- ရက် ရနေပြီဟာ"

"အလို- ဒီနေ့ကမှ သကြိန်စကျတာ၊ မင်းက ဘယ်လိုလုပ် ၂- ရက် ရနေရတာလဲ"

"နို့- အကြိုနေ့က ဘကြီးခင် မစောင့်ဖြစ်လို့လား"

"အေး-- မစောင့်ဖြစ်ဘူး။ မင်းကကော-"

"စောင့်တာပေါ့ ဘကြီးခင်ရ၊ အဲဒီနေ့က ကျွန်တော့်ဦးလေး ဦးစိန်မောင်တို့အိမ်မှာ ဆွမ်းကျွေးရှိ မဟုတ်လား"

"အဲဒါနဲ့ ဆရာတော်က ဒီနေ့က သင်္ကြန်အကြိုနေ့မို့ တစ်ခါတည်း ရှစ်ပါးသီလသာ ယူကြဆိုပြီး ပေးတာကိုး။

"ဒါနဲ့ ကျွန်တော်လဲ အဲဒီနေ့က ဥပုသ်ရအောင် နေလိုက်တာပေါ့။ ဒါကြောင့်မို့ ၂– ရက်ရတာ"

"နေပါဦး ဖိုးထောင်ရ၊ မင့်ဦးလေး စိန်မောင်နဲ့ မင့်အဒေါ် မယ်ကြည်တို့ ဘာကိစ္စနဲ့ ဆွမ်းကျွေးတာလဲ"

"ဦးလေးစိန်မောင်အဖေကြီးအတွက် ၉–နှစ်မြောက် နှစ်ပတ်လည်လေ"

"အော်–အော်– ဒါလား။ အင်း–အင်း–– စိန်မောင့်အဖေ သာဒွန်းဆုံးတာ ဘာလိုလိုနဲ့ ၉–နှစ်တောင် ရှိပြီကိုး"

"ဒါနဲ့ နေပါဦး ဘကြီးခင်ရ၊ အဘိုးသာဒွန်းသေတာ အခုဆို ၉–နှစ်တောင် ပြည့်ခဲ့ပြီဟာ။ အဲ– သူသေတုန်းကလဲ သက်ပျောက် ဆွမ်းတို့၊ ရက်လည် ဆွမ်းတို့၊ နောက်များ တစ်လပတ်၊ နှစ်လပတ်တို့ ဆိုတာတွေ လုပ်ခဲ့ရုံတွင်မက နှစ်ပတ်လည်တွေတောင်လုပ်ပြီး အမျှအတန်း အမြဲဝေတာ။ ဒါနဲ့တောင် ဒီအဘိုးကြီ မကျွတ်သေးဘူးလား၊ နောက်ဆို ဘယ်အထိ ဆက်လုပ်နေရဦးမှာလဲ"

"ဒါကတော့ ဖိုးထောင်ရယ်၊ မင့်အဘိုးသာဒွန်း ကျွတ် မကျွတ်ဆိုတာကို ဘယ်လိုလုပ် သိနိုင်မှာလဲ။ အဲ– ဒါပေမယ့်

တစ်ခုတော့ရှိတယ်။ သားသမီးဝတ္တရား ငါးပါးထဲမှာ 'လှူမှုဝေဌ်' ဆိုတာ ပါမဟုတ်လား"

"ဟုတ်ကဲ့ ပါပါတယ် ဘကြီးခင်"

"အဲ- ပါတော့ အခုလို ကွယ်လွန်သူ ဖခင်ကြီးကို မမေ့မပျောက်နိုင်ဘဲ အလှူအတန်းတွေလုပ်ပြီး အမျှအတန်းပေးဝေတာဟာ သားသမီးဝတ္တရားလဲ ကျေပွန်တယ်၊ ကိုယ့်မှာလဲ ကုသိုလ်ရ မဟုတ်လား"

"ဟုတ်ကဲ့- ဘကြီးခင်"

သည်တွင် အနားက နားထောင်နေသော ဆရာလေး ကိုတင်အောင်က ဝင်ပြောသည်။

"ဒါက ဒီလိုရှိတယ် ကိုဖိုးထောင်။ ကျွန်တော့်ကိုယ်တွေ့လေးပါ"

"ဟော့ မောင်တင်အောင် ဒါဆိုပြောစမ်းကွ၊ ဘကြီးတို့မှတ်ရတာပေါ့"

"ဒါက ဒီလိုပါ ဘကြီးခင်၊ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က အတွေ့အကြုံပေါ့။

"အဲ- ကျွန်တော်နဲ့ အလွန်ရင်းနှီးတဲ့ ဘုန်းကြီးဦးဝါသဝ ဆိုတာ ရှိတယ်။ ကျွန်တော့်ဘုန်းကြီးက စာလဲတတ်ပါတယ်။ ဒီတုန်းက သိက္ခာဝါလဲ မနည်းတော့ပါဘူး။ ဝါက (၄၃) ဝါ

လောက်ရှိရော့မယ်။ အခု ဘုန်းကြီး ပျံလွန်တော်မူသွားရှာပါပြီ။ ဘုန်းကြီးဦးဝါပျံလွန်တော့ သက်တော် (၆၆) နှစ်ထဲမှာပါ။

"အဲ– ဘုန်းကြီးဦးဝါ ပျံလွန်တော်မမူခင် ၃–နှစ်အလိုလောက်ကစပြီး သူဟာ အခုလို သကြိန်ရောက်တိုင်း သူ့အရပ်မှာပြန်ပြီး အလှူအတန်း လုပ်လေ့ရှိတယ်။ ဒါဟာ အရင်တုန်းက လုပ်တာမဟုတ်ဘူး။ ပျံလွန်တော်မမူခင် ၃–နှစ်ကမှ ဆက်တိုက်လုပ်လာတာ။

"သူအလှူလုပ်ပုံကလဲ ကြည့်ပါဦး ဘကြီးခင်။ သူ့အဖိုးပိုင်ခြံကြီးထဲမှာ မဏ္ဍပ်ကနားကြီးထိုးပေါ့။ တူတွေ၊ တူမတွေ၊ ဆွေမျိုးသားချင်းတွေနဲ့ပေါ့။ ပျော်စရာကြီးရယ်။

"အဲ– နောက် သူနဲ့အတူပင့်သွားတဲ့ ဦးဇင်းလေးငါးပါးနဲ့သူ အဲဒီမဏ္ဍပ်မှာ သီတင်းသုံး၊ သကြိန်ရက်အတွင်းမှာ သူက သီလပေး၊ နောက်ကွယ်လွန်သွားတဲ့ သူ့မိဘ၊ ဘိုးဘွားတွေကို ရည်စူးပြီး အနားက အသက် ၈၀– ကျော် အဘိုးအဘွားတွေကို ပင့်ခေါ် ထမင်းကျွေး၊ မျက်နှာသုပ်ပဝါတို့၊ ဆပ်ပြာတို့၊ ပိုက်ဆံတို့ဆိုတာတွေကို သူနိုင်သလောက်လှူ၊ အတူပါသွားတဲ့ ကိုယ်တော်တွေကိုလဲ ဖိနပ်၊ သင်္ကန်းတွေလှူနဲ့ပေါ့။

"နောက် အမျှအတန်းပေးဝေတဲ့အခါကျတော့ သူ့အဘိုးအဘွားတွေ၊ မိဘတွေကို ဦးထိပ်ထားပြီး အမျှဝေတာ။ အဲလို ဘကြီးခင်ရဲ့"

"အင်း-- အင်း-- အတော် တော်တဲ့ ကိုယ်တော်ပဲ"

"ဒီလိုနဲ့ နောက်ဆုံးနှစ်မှာ ကျွန်တော့်ကိုပါ ခေါ်တာနဲ့ လိုက်သွားဖြစ်တယ်လေ။ အဲ- ဒီနှစ်မှာက ဟိုခပ်ဝေးဝေး ရွာက သူ့အဒေါ်လေးဆိုသူကိုလဲ လှည်းနဲ့သွားခေါ်ခိုင်းတယ်။ ဒီအဒေါ်လေးက သူ့အဖေဘက်က သူ့အဘိုးရဲ့ သမီးအငယ်ဆုံး တဲ့။ အားလုံးသေကုန်ပြီ။ သူတို့မှာ ဒီအဒေါ်လေး တစ်ယောက်ပဲ ကျန်တော့တယ်။ အသက်ကလဲ ၇၅-နှစ် လောက်ရှိပြီတဲ့။

"အဲ- ဒါနဲ့ ဘုန်းကြီးခေါ်တာမို့ သူ့အဒေါ်လေးကလဲ လိုက်လာရှာပါတယ်။ ဘယ်လောက်ဝေးလဲတော့ မသိဘူး။ နေ့လယ်လောက်မှာ ရောက်လာပါတယ်။

"အဲ- သူ့အဒေါ်လေးဆိုသူလဲ ရောက်လာရင်ပဲ သူ့တူ ဦးဇင်းနဲ့ ဝမ်းမြောက်ဝမ်းသာ စကားစမြည်ပြောပေါ့။ မဏ္ဍပ် ထဲမှာ။

"အဲလိုပြောနေတုန်းမှာတွင် ရုတ်ခနဲ သူ့အဒေါ်လေးက ထသွားတယ်။

"အပေါ့အပါးသွားဟန် တူပါတယ်ဆိုပြီး ကျွန်တော် တို့လဲ ဘာမှမမေးမမြန်းဘဲ ကြည့်နေကြတယ်။

"ဒီအဘွား သွားတာက မဏ္ဍပ်အဝင်နားမှာ ဆောက် ထားတဲ့ ရေအိုးစင်ကို။ အဲ- ရေအိုးစင်ရောက်တော့ ရေတစ်ခွက်

ခပ်ပြာ တစ်ကျိုက်နှစ်ကျိုက် သောက်ပြီးတာနဲ့ ဟောဇျ-တစ်ခါတည်းကို --

"ဟီး-ဟီး -- ဟီး-ဟီး နဲ့ အော်ငိုပြီး ထိုင်ချလိုက်ပါရော။ ဒါနဲ့ ကျွန်တော်တို့လဲ ဘာမှန်းမသိတော့ သူ့နား အူယားဖားယား ပြေးလာကြတာပေါ့။ သူ့နားရောက်တော့-

"ဦးဇင်း- ဦးဇင်း- ဟိုမှာ အဖေရယ်၊ အဖေရယ် တွေ့လား၊ တွေ့လားနဲ့လို့ဆိုပြီး ခြံစည်းရိုးအပေါက်ဘက်ကို ချည်း လက်ညှိုးထိုးပြနေတယ်။ အဘွားပြတဲ့ဆီ ကျွန်တော်တို့ ကြည့်တော့လဲ ဘာမှ မတွေ့ရဘူး။

"ဒါနဲ့ ဘုန်းကြီးဝါက 'ဘယ်မှာလဲ ဒကာမကြီးဟာက ဘာမှ မတွေ့ပါလား' ဆိုတော့-

"ဦးဇင်းရယ် အဖေမှ အဖေပါ။ အရင် သူ လူ့ဘဝမှာ တုန်းကလိုပဲ သူ့တပည့် ၂ -ယောက်နဲ့အတူ ခြံထဲကို စိုက်ကြည့်နေတဲ့ဥစ္စာ ဝတ်ကောင်းစားလှတွေနဲ့ပါ ဦးဇင်းရယ်-ဆိုပြီး တဟီးဟီး ငိုနေပြန်ရော။

"ဒါနဲ့ အဘွားကို ချော့မော့ပြီး သံဃာစင်နားကို တွဲခေါ်ခဲ့ရတယ်"

"ို့ မင့်ဘုန်းကြီးက ဘာပြောသေးလဲ"

"ဘုန်းကြီးဝါကလား။ အဲ- ပြောတာက ဒကာမကြီး ပြောတဲ့အတိုင်းဆို အခု ဦးဇင်းတို့ ကုသိုလ်လုပ်တာ အမြတ်ရပြီတဲ့။ အကျိုးရှိပြီတဲ့လေ။

"ဒါ– အဘိုးထေခါနီးမယ် သူ့ခြံသူ့စည်းစိမ် စတာတွေ စွဲလန်းပြီး သူ့ခြံထဲမှာ သရဲတစ္ဆေအဖြစ်နဲ့ နေရတာဖြစ်မှာပဲ။ အခု ဦးဇင်းက သတိရပြီး သူတို့အတွက် ကုသိုလ်လာရောက် လုပ်ပေးပြီး အမျှဝေတာကို အဘိုးသာဓုခေါ်ရလို့ ဒါ ဒီဘဝ ဆိုးကြီးက ကျွတ်လွတ်သွားတာ ဖြစ်မှာပဲလို့ မှတ်ချက်ချမြ တယ်လေ။

"အဘွားမှာလဲ ကွယ်လွန်တာ နှစ်ပေါင်းလေးငါးဆယ် ကြာပြီဖြစ်တဲ့ ဖခင်ကြီးကို အခု အသက် ၇၀– ကျော် ၈၀– ဝန်းကျင်ကျမှ ပြန်တွေ့ရလို့ ဝမ်းသာဝမ်းနည်း ဖြစ်နေရှာ တယ်။ သူ့ခမျာ ငိုလိုက်တာ ကြူကြူပါရောပဲ"

"ဒါ အမှန်ပဲကွ၊ ဒီအဘိုးကြီးခမျာ သရဲတစ္ဆေဘဝမှာ နည်းတဲ့နှစ်လား။ အင်း– ဟိုကောင်ဖိုးထောင် ဒါပဲကြည့်။ မင်းဦးလေး စိန်မောင့်အဖေဆုံးတာ ဘာရှိသေးလို့ အခုမှ ၉– နှစ် ထဲရယ်။ ဟိုမှာက အနှစ်လေးငါးဆယ်ရှိပြီဥစ္စာ။

"ဒီတော့ သေတာကြာပြီဆိုပြီး မေ့ထားလို့ ဖြစ်မှာ တဲ့လား။

"ဘယ်ဖြစ်မလဲ ဘကြီးခင်"

"မဖြစ်ဘူးကွယ့် ဆရာလေးမောင်တင်အောင်ရယ်၊ မိဘကျေးဇူးတွေဆိုတာ နည်းသတဲ့လား။

"အင်း- နှစ်တွေကြာပြီ၊ ကျွတ်လောက်ပြီဆိုပြီး မေ့ထားလို့ တော်ပါ့မလား ဖိုးထောင်"

"ဘယ်မေ့လို့ ဖြစ်မလဲ ဘကြီးမောင်ခင်။ 'သေသူကို ရှင်သူက တ,ရမယ်'ဆိုတာ ရှိတယ်မဟုတ်လား ကိုဖိုးထောင်"

"ဟုတ်ကဲ့ ဆရာလေးကိုတင်အောင်"

"အဲဒါမို့ သေသူကို အခုလို ကောင်းမှုလေးတွေပြုပြီး တ,ကြရမှာကိုး"

"နေဦး ဖိုးထောင်၊ မင်းဟာက ဟိုအင်္ဂလိပ်ရဲ့မှာလာတဲ့ 'ဇာဏုသောဏိသုတ်' ကို မကြားဖူးဘူးလား"

"ဟင့်အင်း၊ ကျွန်တော် ဒါ မကြားဖူးသလိုပဲ"

"နင့်ဟာက မသိလဲမသိဘူး ပြောပါ ဖိုးထောင်ရယ်။ သလိုပဲတွေ၊ ဘာတွေနဲ့ ဟိုက အဘမောင်ခင် မျက်စိလည် အောင် လုပ်နေလိုက်တာ"

"ဒါက အဒေါ်လေး ဒေါ်တင်ရယ် ရတ်တရက်မို့ပါ"

"အဲ-အဲ- ဒီလိုရှိတယ် ဖိုးထောင်၊ မင်းတော့ ကြားဖူး မှာပါ။ မမှတ်မိလို့နေမှာ။ တို့ဆရာတော်က ဒါ တစ်ခါတစ်ခါ ဟောတတ်ပါတယ်"

"ဟုတ်ကဲ့ ဘကြီးမောင်ခင်ပဲ အခုပြောပြပါ"

"အေး- အေး-- တို့ ဘုရားလက်ထက်တော်က ဇာဏုသောဏိဆိုတဲ့ ပုဏ္ဏားကြီး တစ်ယောက်ရှိတယ်။ အဲဒီ

ပုဏ္ဏားကြီးက တို့ဘုရားကို တို့ပြောနေတဲ့ အခုလို အကြောင်းကိုပဲ လျှောက်ထားဖူးတယ်။

"အဲ- အရှင်ဂေါတမတဲ့၊ တပည့်တော်တို့ဟာ သေသူတွေကို မှန်းဆပြီး ကောင်းမှုကုသိုလ်တွေ လုပ်ကြ၊ နောက် အမျှအတန်းတွေ ဝေကြနဲ့ပေါ့ဟာ။ ဒီတော့ ဒါဟာ သူတို့ တကယ်ပဲ ရကြလို့လားတဲ့ ပုဏ္ဏားကြီးက--

"အဲဒီလိုမေးတော့ တို့ဘုရားက ဒါကို ဖြေတော်မူတယ်။

"ဒါက ဒီလိုရှိတယ် ပုဏ္ဏားကြီးရယ်တဲ့။ ကိုယ်ကရည်မှန်းလုပ်ပေးမယ့် သေသူက ရောက်သင့်တဲ့အရပ်မှာရှိရင်ရတယ်။ မရောက်သင့်တဲ့ အရပ်မှာရှိရင်တော့ ဘယ်ရမလဲ"

"နို့- အရှင့်ဟာက ရောက်သင့်တဲ့အရပ်နဲ့ မရောက်သင့်တဲ့အရပ်လဲ ပြောဦးမှပေါ့"

"မရောက်သင့်တဲ့ အရပ်ဆိုတာက ငရဲ၊ တိရစ္ဆာန်ရယ်၊ လူနဲ့နတ်ရယ်ဆိုတဲ့ ဘဝတွေမှာဖြစ်နေရင် ဒါ ကုသိုလ်လဲမရောက်၊ သေတဲ့လူလဲ ကုသိုလ်အကျိုးကို မခံစားရဘူး။

"အဲ- တစ်ခုတော့ရှိတယ်၊ သေသူဟာ ပြိတ္တာ ဘဝမျိုး ရောက်နေခဲ့ရင်၊ ဖြစ်နေခဲ့ရင် ဒါ ကုသိုလ်လဲ ရောက်နိုင်တယ်။ ကုသိုလ်အဖို့ကိုလဲ သေသူခံစားရမယ်လို့ ဗုဒ္ဓက အဖြေပေးတယ်။

"အံမယ်၊ ဒါနဲ့တောင် ပုဏ္ဏားကြီးက မရပ်သေးဘူး။ ဆက်နေသေးတယ်ခင်ဗျ"

"ဘယ်လိုတဲ့လဲမောင်ခင်၊ နင့်ဟာ ဆက်ပြောပါဦးဟယ်"

"ဒီလိုပါ ဖွားမယ်ဗျော့ရယ်၊ ပုဏ္ဏားဆက်မေးတာက–

"အရှင်ဂေါတမတဲ့၊ တကယ်လို့ ကိုယ်ရည်မှန်းတဲ့ ပုဂ္ဂိုလ်က အဲဒီပြိတ္တာအဖြစ်မှာ မရှိဘူးဆိုရင်ကောတဲ့"

"အေးဟော့– ဒါလဲ ဟုတ်တာပဲ။ မေးသင့်တာပဲ"

"ဟုတ်တယ်၊ အမေဗျော့ရဲ့ မေးသင့်ပါတယ်။ နို့– ဘယ်လိုဖြေသလဲ ဘကြီးမောင်ခင်"

"ဘုရားဖြေတာက မောင်ဖိုးထောင်ရယ်၊ ကောင်းလိုက်တာမှ။ အေး– ကိုယ်မှန်းလိုက်တဲ့သူက ပြိတ္တာအဖြစ်မှာ မရှိဘူးဆိုရင်လဲ ကိုယ်နဲ့ဆွေမျိုးတော်စပ်ဖူးတဲ့ ပြိတ္တာတွေက ရှိနေသေးတော့ သူတို့ရတာပေါ့တဲ့။ တစ်ခါ ပုဏ္ဏားက––

"နို့– ဆွေမျိုးပြိတ္တာတွေ မရှိရင်ကော"

"မရှိဘူးဆိုတာတော့ မဖြစ်နိုင်ဘူးတဲ့။ ဒီလောက် ရှည်လျားတဲ့ သံသရာမှာ တစ်ဦးနဲ့တစ်ဦး အမိအဖြစ်၊ အဖ အဖြစ်၊ ဦးကြီးဦးလေး၊ ဒေါ်ကြီးဒေါ်လေးအဖြစ်နဲ့ တစ်မျိုးမဟုတ် တစ်မျိုးတော့ သတ္တဝါတွေဟာ တော်စပ်ခဲ့ကြတာချည်းပဲ"

"အဲ–– တစ်ခုတော့ရှိတယ်။ သင်ပုဏ္ဏားကြီးပြောသလို ဆွေမျိုးတော်စပ်ဖူးသူရယ်လို့ မရှိဘူးပဲဆိုပါတော့။ အဲလို

မရှိတာတောင် အလှူရှင်တွေအဖို့ ဒါနအကျိုးကျေးဇူးတွေ ခံစားရတာပေါ့။

"ဟော- ဒီဘဝသေလို့ နောက်ဘဝမယ် ဆင်ဘဝပဲရောက်ရောက်၊ မြင်းတို့လို၊ နွားတို့ကို ဘဝတွေပဲရောက်ရောက်၊ အယုတ်ဆုံး ခွေးလိုဘဝမျိုးပဲရောက်ရောက်။ အဲ- အဲလိုဖြစ်ရာဘဝတွေမှာ စားစရာ သောက်စရာတို့၊ အဆင်တန်ဆာတို့ဆိုတာတွေမှာ ပြည့်ပြည့်စုံစုံ ခံစားရတာပေါ့။

"အဲ- ဒီအထဲ လူဘဝလို၊ နတ်ဘဝလို၊ ဘဝတွေမျိုးရောက်နေရင်တော့ ဘာပြောစရာ လိုတော့မလဲလို့ တို့ဘုရားရှင်က ဟောပြလိုက်တော့မှ ဇာဏုသောဏိ ပုဏ္ဏားကြီးမှာ ဝမ်းသာလွန်းလို့--

"အစ္ဆရိယံ ဘန္တေ- အဗ္ဘုတံ ဘန္တေ- နဲ့။ အံ့ဩစရာပါပဲလား ဘုရား။ မဖြစ်ဖူးမြဲ ဖြစ်လိုက်ရတာ ဘုရား။ အလှူဒါနဆိုတာ ပြုသင့်လိုက်တာ ဘုရား။ သေတဲ့သူတွေကို ရည်မှန်းတမ်းတပြီး ဆွမ်းကျွေးကွမ်းကျွေး အလှူတွေ လှူသင့်လိုက်တာဘုရားနဲ့ အားပါးတရကြီးကို လျှောက်ထားသတဲ့။

"ဒီတော့ ဟို ဖိုးထောင် အမြင်သန့်သွားပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဘကြီးမောင်ခင်၊ တတ်နိုင်ရင် ကိုယ်မသေမချင်းကို လုပ်သွားသင့်တဲ့ အလှူမျိုးပါ ခင်ဗျာ"

"ဒါပေါ့ ကိုဖိုးထောင်ရ။ 'သေသူ ရှင်သူ၊ ထိုနှစ်လူ တွင် ရှင်သူပေးမှ သေသူရ' ဆိုတာလေ"

"အစစ်ပဲ၊ ဆရာလေး ကိုတင်အောင်ရေ့။ ရှာတော့ သေသွားတဲ့ မိဘတွေက ကုန်းရုန်းရှာသွားရတာ။ တို့အတွက် လေ။

"အဲ- ဒါ- သူတို့ သေတဲ့အခါ တို့က ပေးဝေမျှ ဘူးဆိုရင် ဘယ်တော်ပါ့မလဲ မောင်တင်အောင်"

"ဟုတ်ကဲ့ပါ ဦးလေးလှဖေ။ ကျွန်တော်တို့ ဒါတွေကို သိထားဖို့ လိုတယ်ဗျ"

"ဒါနဲ့ ဘကြီးမောင်ခင်ကို မေးကြည့်ရဦးမယ်။ အခု ကျွန်တော်တို့ ပြောနေကြတဲ့ ပြိတ္တာဆိုတာ ကျွန်တော်တို့ အရပ်ထဲမှာ ပြောပြောနေကြတဲ့ သရဲ၊ တစ္ဆေဆိုတာတွေကိုလား"

"အေး- ဟုတ်တယ် ဖိုးထောင်။ ပြိတ္တာလို့ခေါ်တဲ့ အစားထဲမှာ ဘီလူး၊ သဘက်၊ မှင်စာ၊ တစ္ဆေ၊ သရဲဆိုတာတွေ အကုန်လုံးပါတယ်။ ဒါတွေဟာ ပြိတ္တာစာရင်းဝင်တွေချည်းပဲ"

"နို့- ပြိတ္တာဆိုတာကကော"

"ပြိတ္တာဆိုတာ ဒို့ 'ပေတ' ဆိုတဲ့ ပါဠိက လာတာ၊ ပေတ-ဆိုတာက 'ချမ်းသာကဝေးလို့' ပေတတဲ့။ ချမ်းသာ ဝေးတယ်ဆိုတာကလဲ ချမ်းသာမရှိတာ။ ချမ်းသာခြင်း မရှိဘူး ဆိုတော့ ဆင်းရဲချည်းခံနေရတာပေါ့။

"ဒါကြောင့်မို့ ပေတ– ပြိတ္တာဆိုတာ ကန်းကုန်အောင် ဆင်းရဲတဲ့ ဘဝသမားတွေပေါ့။

"တစ်ခါ သူတို့နေတာကော တို့နဲ့အတူတူရယ်သာ မောင်ဖိုးထောင်။ တစ်ပြင်တည်းထဲမှာရယ်"

"ဒါဆို ဘာလို့ကျွန်တော်တို့က သူတို့ကို မမြင်တာလဲ"

"ဒီလို ဖိုးထောင်ရဲ့။ ကျမ်းလာစာလာအရ ပြောရရင် သူတို့မယ် ကမ္မဇိဒ္ဓိခေါ်တဲ့ ကံကြောင့်ဖြစ်တဲ့ တန်ခိုးတစ်မျိုး ဆိုတာရှိတယ်။ အဲဒီတန်ခိုးနဲ့ အဲ– ကမ္မဇိဒ္ဓိ တန်ခိုးနဲ့ လူတွေ က သူတို့ကို မမြင်နိုင်အောင် ကွယ်နိုင်သတဲ့။

"အဲ– နောက်တစ်မျိုးက သူတို့မယ် လူတွေမမြင် နိုင်အောင် ကွယ်နိုင်တဲ့ ဆေးမြစ်တစ်မျိုးဆိုတာ ရှိသတဲ့။ အဲဒီဆေးမြစ်ကြောင့်ဆိုပဲ။

"ဒီနေရာမယ် ဟို မဇ္ဈိမပဏ္ဏာသမှာလာတဲ့ သိဟိုဠ် (သီရိလင်္ကာ) က ပြိတ္တာမကြီးအကြောင်း ပြောပြမယ်"

"ဟုတ်ကဲ့– ပြောပြပါ ဘကြီးမောင်ခင်"

"အေး– အေး– မှတ်ထားပေါ့ မောင်ဖိုးထောင်။

"အဲ– ဒါက ဒီလိုကွ၊ ဒီ ပြိတ္တာမကြီးက သိဟိုဠ်။ အဲ– အခုတော့ သီရိလင်္ကာနိုင်ငံပေါ့။ အဲဒီနိုင်ငံက အနုရာဓဆိုတဲ့ မြို့က ပြိတ္တာမကြီးတဲ့။

"ဒီပြိတ္တာမကြီးဟာ တစ်နေ့မှာ သူ့ကလေးနှစ်ယောက်ကို ထူပါရုံဘုရား မုခ်ဝမှာ ချန်ထားခဲ့ပြီး သူကတော့ ကလေးတွေအတွက် မြို့ထဲမှာ အစာသွားရှာသတဲ့။ ဟဲ့– ဖိုးထောင်။ ဒါမိဘနော် မိဘ။ ကြည့်––။

"ဟုတ်ကဲ့– အမေဖျော့၊ ပြိတ္တာမိဘလဲ လူမိဘလိုပဲနော်"

"အေး–အေး– အဲ– ဒီအခိုက်မှာတွင် ဆွမ်းခံကိုယ်တော်တစ်ပါးကလဲ အဲဒီအနားရောက်လာတော့ ပြိတ္တာကလေး နှစ်ယောက်က ရလာတဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ အဲဒီကိုယ်တော်နဲ့ မှာလိုက်သတဲ့။ ဘယ်လိုလဲဆိုတော့––

"အရှင်ဘုရားတဲ့။ တပည့်တော်တို့အမေ မြို့ထဲမှာ အစာသွားရှာနေပါတယ်။ အဲဒါ အရှင်ဘုရား အမေ့ကို တွေ့ရင် ရတာနဲ့ပဲ အမြန်ပြန်လာဖို့နဲ့ သင့်သားလေးနှစ်ယောက်မှာ ဆာလွန်းလို့ မနေနိုင်တော့ဘူးလို့ ပြောပေးပါလို့ မှာသတဲ့"

"အံမယ်၊ ပြိတ္တာသာဆိုရတယ်။ တကယ့်ဟာလေးတွေနော်။ ကျွန်တော်တို့ လူသားကလေးငယ်လေးတွေ လိုပဲ။ သွက်သွက်ချာချာနဲ့ မှာတတ်လိုက်တာ လွန်ရော"

"တတ်ပြီပေါ့ မောင်ဖိုးထောင်ရယ်။ နင်တို့ငါတို့လဲ ခန္ဓာငါးပါးပဲ။ ရုပ်နဲ့နာမ်ပဲ ရှိတာ။ သူတို့လဲ ခန္ဓာငါးပါးပဲ။ ရုပ်နဲ့နာမ်ပဲဟာကို။ တစ်ခါနေတော့လဲ ကြည့်ဦး။ တို့ ကာမဘုံသား အတူတူတွေ ဥစ္စာ။

"အဲ- အဲ-- ပြိတ္တာလေးနှစ်ကောင်က ဒီလိုမှာတော့ ဆွမ်းခံကိုယ်တော်က မင်းတို့မှာတာကတော့ ဟုတ်ပါရဲ့ကွယ်။ ငါက မင်းတို့အမေကို ဘယ်လိုလုပ် သိနိုင်မှာလဲလို့ ပြောသတဲ့။

"ဒီတော့ ဟိုပြိတ္တာပါးလေး နှစ်ကောင်က ဒီလိုဆို အရှင်ဘုရား။ ဒီဆေးမြစ်ယူသွားဆိုပြီး ဆေးမြစ်တစ်မြစ် ပေးလိုက်သတဲ့။

"အဲ- အဲဒီဆေးမြစ်လဲရရော ဆွမ်းခံကိုယ်တော်ဟာလေ ပြိတ္တာပေါင်း အရာအထောင်ကို မြင်ရောတဲ့။ ရှုစိကိုထိုးနေတာ ပဲတဲ့။ သွားကြ၊ လာကြနဲ့ဟာ"

"ဟင်- ဒီလိုဆို ကျွန်မတို့ အနားပတ်ဝန်းကျင်မှာ အဲဒီ တစ္ဆေ၊ သရဲဆိုတာတွေ၊ ပြိတ္တာဆိုတာတွေ ဆိုတာ သွားနေကြမှာနော်"

"ဒါပေါ့ ဘုတ်ဆုံမရဲ့။ သူတို့လဲ ဒို့လိုပဲဟာ။ ရုပ်နဲ့ နာမ်ရှိလေတော့ စားဖို့သောက်ဖို့ဆိုတဲ့ဝန်က ရှိနေတာကိုး"

"အဲတော်- ဒါဆိုကြောက်စရာကြီးနော်"

"အံမယ်၊ ဘုတ်ဆုံးမက ကြောက်နေ။ တစ်နေ့ နင် အဲဒီရောက်မှာ"

"ဒီ ဖိုးထောင်၊ ငါ ခေါက်လိုက်ရ။ နင်ကော--"

"ငါ့ ကြည့်လေ။ ပုတီးနဲ့ဟာ့"

"ဟောဒီ သေနာကောင်၊ ငါ ဥပုသ်ကြီးနဲ့မို့ မပြောလိုက်ချင် ဘူး"

"အဲ- အဲ- တော်ကြစမ်းပါဗျာ။ ဆက်ပါဦး ဘကြီးခင်ရ"

"အဲလို မောင်တင်အောင်ရေ့။ ဟိုဆွမ်းခံကိုယ်တော်က ဆေးမြစ်တန်ခိုးနဲ့ ပြိတ္တာတွေ ရှုစိထိုးနေတာကိုတွေ့တော့ ဟိုပြိတ္တာကလေး နှစ်ယောက်ရဲ့ အမေဆိုတဲ့ ပြိတ္တာကြီးဆိုတာကို ရှာလို့လွယ်တာပေါ့။

"အဲဒါနဲ့ မြို့ထဲလဲရောက်ရော ပြိတ္တာမကြီးကို အလွယ်တကူပဲ မုဆိုးတံငါတွေသွားတဲ့ လမ်းမကြီးပေါ်မှာ ရပ်နေတာကို တွေ့လိုက်ရတယ်"

"နို့- ဒီပြိတ္တာမကြီးက အစာမရှာဘဲ ဘာလို့လမ်းမပေါ်မှာ ရပ်နေရတာလဲ ဘကြီးခင်"

"ရပ်နေတာဟာ အစာအတွက်တဲ့။ အဲဒီနားက အိမ်က မီးဖွားပြီးသွန်မယ့် ကိုယ်ဝန်အညစ်အကြေးကို ယူဖို့စောင့်နေတာတဲ့"

"ဝေါ့- အံမယ်လေး ရွံစရာကြီးပါလား။ ဘကြီးခင်ရယ်"

"ရွံမနေနဲ့ မဘုတ်ဆုံမ။ ဒီလို အညစ်အကြေးတွေဆိုတာ ပြိတ္တာတွေရဲ့ အစားအစာပဲတဲ့။

"အဲ- နင်တို့မှတ်ထား။ ပြိတ္တာတွေ၊ တစ္ဆေ၊ သရဲဆိုတာတွေ စားရသောက်ရတဲ့ အစားအစာဆိုတာတွေက လူတွေ

စွန့်ပစ်လိုက်တဲ့ အဲ- တံတွေးတဲ့၊ နှပ်တဲ့၊ အန်ဖတ်တဲ့၊ မစင်တဲ့၊ ချွဲသလိပ်တဲ့၊ ကိုယ်ဝန် အညစ်အကြေးတဲ့။

"အဲ-- ရှိသေးတယ်၊ လူသေကောင်ပုပ်၊ ငါးသေကောင်ပုပ်၊ ခွေးသေကောင်ပုပ်၊ မြွေသေကောင်ပုပ်တဲ့"

"အို- တော်ပါတော့ ဘကြီးခင်ရယ်၊ ဘကြီးဟာက မသတီစရာတွေချည်းပဲဥစ္စာ"

"နောက်ရှိသေးတယ် ဘုတ်ဆုံ။ အဲ -- နင်တို့က ဘက်ခနဲ သွန်ပက်လိုက်တဲ့ လက်ဆေးရေတို့၊ ပန်းကန်ဆေးရည်တို့ဆိုတာတွေထဲမှာ ပါသွားတဲ့ ထမင်းလုံး အစအနတွေ၊ ဟင်းဖတ်အစအနတွေတဲ့"

"အဲ- ဒီလိုဟာတွေကို စားကြရတာ။ ဒါကြောင့် ဆင်းရဲလွန်းလို့ ပြိတ္တာခေါ်တာပေါ့နော်"

"အဲ-အဲဒါနဲ့ ဟိုကိုယ်တော်က ပြိတ္တာမကြီးရပ်နေတာကို သူ့ကလေးနှစ်ယောက်ပြောလိုက်တဲ့ အမှတ်အသားနဲ့ သူတို့အမေဖြစ်မှန်းလဲ သိရော 'ပြိတ္တာမကြီး နင့်ကလေးနှစ်ယောက်က အမြန်ပဲရသမျှအစာနဲ့ ပြန်လာပါတဲ့။ သူတို့ ဆာလွန်းလို့ မနေနိုင်တော့ဘူးတဲ့'လို့လဲ ပြောပြလိုက်ရော ဟို ပြိတ္တာမကြီးက--

" 'နို့- အရှင်ဘုရားက တပည့်တော်မကို ဘယ်လိုလုပ်မြင်လို့လဲ'လို့ မေးတော့။ ဒီမယ်လေ၊ နင့်ကလေးတွေပေးလိုက်

တဲ့ ဆေးမြစ်လို့ ပြလဲပြလိုက်ရော ဇတ်ခနဲဆို ဆေးမြစ်ကို ပြိတ္တာမကြီးက လုယူလိုက်သတဲ့။ အဲလို လုလို့ ဆေးမြစ်လဲ လက်ထဲမှာ မရှိရော ဟိုကိုယ်တော်လဲ ပြိတ္တာမကြီးကို မမြင်ရ တော့ဘူးတဲ့။

"အဲဒါကြောင့်မို့ ဆေးမြစ်တစ်မျိုးနဲ့လဲ ပြိတ္တာတွေ ဟာ သူတို့ကို လူတွေက မမြင်နိုင်အောင် လုပ်ထားသတဲ့"

"နို့- ဘာလို့ လူတွေမမြင်အောင် သူတို့က လုပ်ချင် ရတာတဲ့လဲ ဘကြီးခင်ရ"

"ဒီလိုရှိတယ် မောင်ဖိုးထောင်ရဲ့။ သူတို့က သိပ်ကို အရုပ်ဆိုးတာ၊ ကြောက်စရာကြီးရယ်။

"သူတို့ ခန္ဓာကိုယ်မှာ တို့လို အသားအသွေးဆိုတာ ရှိတာ မဟုတ်ဘူး။ အရိုးနဲ့ အရေ အကြောလောက်သာ ရှိတာတဲ့။ နောက်ပြီး သူတို့ အသားနဲ့ အရေဆိုတာက သိပ်ကို ကြမ်းတမ်း တာ။ အဲလို ရုပ်အဆင်းတွေက ကြောက်စရာကောင်းလောက် အောင် ဆိုးနေတော့၊ လူတွေက သူတို့ကို မမြင်နိုင်အောင် ကွယ်နေတာတဲ့"

"ဒါဖြင့် သူတို့က ဘာလို့ ချောက်တာလဲ"

"တမင့်ကို ချောက်ဖို့မလိုဘူး ဖိုးထောင်ရဲ့။ အခု ပြောသလို အလိုလိုကို သူတို့ရုပ်အဆင်းက ကြောက်စရာကြီး ဖြစ်နေတာ။

"အဲချောက်လှန့်တဲ့အခါလဲ ရှိသတဲ့။ ဖန်ဆင်းပြီးတော့"

"နို့- ကျွန်တော်တို့နဲ့ မြေတစ်ပြင်ထဲမှာ ရှိနေတော့ သူတို့က ဘယ်မှာသွားနေကြသလဲ"

"နေကြတာက တောချုံ ပိပ္ပေါင်း၊ လိုင်ဂူတွေ၊ သုသာန် ဇရပ်တွေ၊ သစ်ပင်တွေမှာ နေကြသတဲ့"

"ဒီလိုဆို အချို့သစ်ပင်တွေမှာ သရဲရှိတယ်ဆိုတာ အဟုတ်ပဲ နေမှာနော်"

"အေး- ဟုတ်တော့ဟုတ်တယ်။ နို့ပေမယ့် သစ်ပင် တိုင်းမှာတော့ဖြင့် ရှိဟန်မတူဘူး။ သူတို့မှာလဲ ဆိုင်ရာပိုင်ရာ တွေက ရှိပြီဥစ္စာကွယ့်"

"ဟုတ်တယ် ဘကြီးခင်ရဲ့။ သစ်ပင်တစ်ပင်ထဲမှာ တွင်ကို စုပြုံနေရတာတောင်ရှိတယ်"

"နို့- အဲဒါ ဆရာလေးက ဘယ်လိုလုပ်သိလို့လဲ"

"ဒါက ဒီလို ကိုဖိုးထောင်။ အရင်ဘဝက တစ္ဆေသရဲ ဖြစ်ခဲ့ပြီး အခုတော့ လူ့ဘဝရောက်နေတဲ့ အရင်တစ္ဆေဘဝကို ပြန်ပြောနိုင်တဲ့ လူဝင်စားက ပြောပြလို့သိရတာ"

"ဒါဖြင့် ဆရာ့လူက လူဝင်စား မဟုတ်ဘူးပေါ့။ တစ္ဆေဝင်စား ဆိုရမှာပေါ့"

"ဟုတ်တယ် ကိုဖိုးထောင်၊ မကောင်းတဲ့ ဒုဂ္ဂတိဘုံဌာန ကနေ ကောင်းတဲ့သုဂတိ ဘုံဌာနကို ပြန်ရောက်လာတဲ့သူပဲ။

အဲဒီပုဂ္ဂိုလ်က ပခုက္ကူခရိုင်က ကမ္မမြို့အနီးက လက်ပြရွာသား ဦးရွှေစင်ပဲ။

"အဲ– ဦးရွှေစင်က တစ္ဆေဘာဝမရောက်ခင်က လူသားတဲ့။ လူသားတောင် ယောကျ်ားမဟုတ်ဘူး။ မိန်းကလေးတဲ့။ အမည်က မခင်မှုံတဲ့။ အဲဒီတုန်းကလဲ လက်ပြရွာမှာပဲတဲ့။

"အဲဒါ ဆင်းရဲလွန်းလို့ အမေတစ်ခု သမီးတစ်ခုပဲ ရှိတော့ သူမမှာ ကျောင်းမနေရဘဲ သူ့အမေကိုပဲ လုပ်ကျွေးနေခဲ့ရသတဲ့။ အလုပ်က ယာကူလီအလုပ်ပေါ့။ ဒီလိုဆင်းရဲပေမယ့် မခင်မှုံဟာ ရတနာသုံးပါးကို ယုံယုံကြည်ကြည်နဲ့ ဆည်းကပ်သတဲ့။

"ဟော– မနက် ၄ နာရီမှာ ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်ရင် အိပ်ရာကထ။ ထမင်းဟင်းချက်၊ အိမ်တွင်းအိမ်ပြင်မှာ တံမြက်စည်းဘာလှည်းကျင်း။ နောက် ဘုရားဆွမ်းတော်တင်၊ သူ့အမေကြီးစားဖို့ ချူးခပ်ပြီးမှ အဖော်တွေနဲ့ အတူ ယာခင်းထဲသွားသတဲ့။

"အဲလိုနဲ့ နေလာလိုက်တာ တစ်နေ့မှာတော့ မခင်မှုံကို ပိုးထိလိုက်ရော။ ပိုးထိတော့ သူ့အဖော်တွေ သူမကို အိမ်အရောက် ပို့ပေးရှာကြပါသေးတယ်၊ နို့ပေမယ့် အဆိပ်က သိပ်ပြင်းလွန်းတော့ သတိကို လုံးဝပြန်မလည်တော့ဘူး။ တစ်ခါတည်း မခင်မှုံ ဆုံးရှာလေရော။

"အဲလို သေပေမယ့် သူ့ကိုယ်သူ သေတယ်ဆိုတာကို မသိသေးဘူးတဲ့။ မသိတော့ အရင်လူမခင်မှုံ ဘဝကလိုပဲ အုန်းမောင်းခေါက်သံကြားတာနဲ့ အိပ်ရာကထ၊ မျက်နှာ ဘာသစ်၊ တမင်းချက်တာတွေကို အရင်ကလို လုပ်တာပဲတဲ့"

"နို့- ဆရာလေးဟာက သေပြီဥစ္စာ အရင်လူဘဝ ကလို ဘယ်လိုလုပ် ထမင်းချက်လို့ ရမှာလဲ"

"ဒါက ဒီလိုရှိတယ် ကိုဖိုးထောင်။ ကိုဖိုးထောင် အိပ်မက်ထဲမှာ ထမင်းချက်နေမယ်၊ စားနေမယ်၊ မိတ်ဆွေ တွေနဲ့ စကားပြောနေမယ်ဆိုရင် ဘေးကကျွန်တော်တို့ကကော သိမှာလား"

"ဒါတော့ ဘယ်သိမလဲ။ အိပ်မက်ထဲမှာကိုး"

"ဒါဖြင့် ကိုဖိုးထောင်ကတော့ အိပ်မက်ထဲမှာ လုပ်နေ၊ ပြောနေမှာပဲပေါ့"

"ဟုတ်ကဲ့"

"အဲ- ဟိုတစ္ဆေမ မခင်မှုံလဲ အဲဒီလိုနေမှာပေါ့။ သူလုပ်နေကျအလုပ်ကို သေမှန်းမသိတော့ စိတ်ထဲပေါ်သလို လုပ်နေမှာပေါ့။ တကယ်ထမင်းအိုးကြီး ချက်မှာတော့ ဘယ် ဟုတ်မလဲ"

"အင်း-- အင်း-- သဘောပေါက်ပြီ"

"ဟုတ်ကဲ့- အဲလိုပဲ တွေးကြည့်ရတာပေါ့ ကိုဖိုးထောင်ရာ။ ဒါနဲ့ အဲလို အိမ်မှုကိစ္စကို အရင်ကလုပ်သလို လုပ်ကိုင်ပြီးမှ အဖော်တွေနဲ့အတူ ယာခင်းကို လိုက်သွားသတဲ့။ အဲ-လမ်းမှာ အရင်ကလို သူက စကားလိုက်ပြောတော့လဲ သူ့အဖော်တွေက သူ့ကို စကားပြန်မပြောကြဘူး။ ဒါနဲ့ သူက ငါက ဆင်းရဲတော့ မခေါ်တာနေမှာလို့ တွေးပြီး မျက်ရည်ကျဆိုပဲ"

"အင်း- အင်း- ဆရာလေးဟာက စိတ်ဝင်စားစရာဗျ။ ဆိုပါဦး"

"ဟုတ်ကဲ့၊ နောက် ယာထဲရောက်တော့ သူတို့ယာရှင်ဦးမှုံဆိုသူက အဲဒီနေ့က အလုပ်သမတွေကို ကောက်ညှင်းပေါင်းကျွေးရော။ ကျွေးတော့ ဆန်းနေတာက သူ့ကိုတော့ ဦးမှုံက ကောက်ညှင်းပေါင်းစားဖို့ မခေါ်ဘူး။ ဒါနဲ့ သူလဲဝမ်းနည်းလွန်းလို့ အဲဒီအနားက သစ်ပင်အောက်မှာတွင် သွားထိုင်ပြီး ငိုနေရသတဲ့"

"ဘကြီး မောင်ခင်"

"ဘာလဲ ဖိုးထောင်"

"ဒါ တစ္ဆေဘဝမယ်၊ ဆင်းရဲအစပဲနဲ့တူတယ်"

"ဟုတ်ပါ့ မောင်ဖိုးထောင်ရာ။ အမှန်ပဲပေါ့။ တို့လူသားတွေနဲ့ သူတို့တွဲလို့ မရဘူးဆိုတာ မင်းအမြင်အကြားပဲ။

သူတို့ တို့ကို ဘာလုပ်လို့ရမှာလဲ။ ဒါပဲ ကြည့်တော့။ တို့မှာ ဆိုတာက ဘုန်းနဲ့ကံနဲ့ဟာ၊ နောက် ဒါနနဲ့သီလနဲ့ဟာကို"

"အဲလိုနဲ့ တစ္ဆေမ မခင်မှုံဟာ သူ့အဖော်တွေ အလုပ်လုပ်ရင် သူလဲလုပ်ပဲ။ နောက် ပြန်ချိန်ကျလို့ ဟိုလူမလေးတွေ ပြန်ရင် သူလဲပြန်ရှာသတဲ့။

"အဲ- အဲလိုပြန်လာရင်း သူ့အိမ်နားကျတော့ သူတို့ အိမ်ထဲမှာ လူတွေသွားလာ လှုပ်ရှားနေတာကိုတွေ့တော့ သူ့ အမေများ ဘာများဖြစ်သလဲလို့ ရင်ထဲတောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသတဲ့။ ဒါနဲ့ အပြေးလေးသွားပြီး သူ့ဘကြီးတော်သူ တစ်ယောက်ကို တွေ့တာနဲ့--

"အမေ ဘာဖြစ်လို့တုန်း ဘကြီးလို့ မေးတော့လဲ သူ့ဘကြီးက ဘာမှပြန်မပြောဘူးတဲ့။ ဒါနဲ့သူလဲ လူတွေကြား ကနေ တိုးဝှေ့သွားတော့ သူ့အမေက လူတစ်ယောက်ကို ပွေ့ဖက်ပြီး ရှိုက်ကြီးတငင် ငိုနေတာကို တွေ့ရတော့ အမေရေ- အမေရယ် ဘာဖြစ်သလဲလို့ သူက မေးတော့လဲ သူ့အမေက သူ့ကို စကားပြန်မပြောဘူး။ ဒါနဲ့ သူ့အမေ ဖက်ငိုနေတာ ဘယ်သူလဲဆိုတာ သူကြည့်လိုက်တော့မှ သူနဲ့ချွတ်စွပ်တူနေတဲ့ မခင်မှုံမှန်း သိရရောတဲ့။ အဲလိုသိတော့ ဟင်- ဟိုမှာလဲ အမေဖက်ထားတာက မခင်မှုံ၊ ငါကလဲ မခင်မှုံရယ်။ ဆန်းလိုက်တာဟယ်နဲ့ တွေးနေတုန်း လူတွေက အမေ့ရင်ခွင်ထဲက

မခင်မှုံကို လေးတိုင်စင်ပေါ်တင်တာကို တွေ့လိုက်ရတော့မှ ဟဲ့- ငါသေပြီကောလို့ သိလိုက်ပြီး။

"ငါ- ငါ- လူမဟုတ်တော့ဘူး၊ တစ္ဆေမ ဖြစ်နေပြီ အမေနဲ့ ခွဲရပါပေါ့ကလား။ ငါပြောတာလဲ အမေက မကြား၊ ငါ့ကိုလဲ အမေ မမြင်တော့ပါကလားဆိုပြီး ချုံးပွဲချ ငိုကြွေး နေသတဲ့။

"အဲဒီနောက် သုသာန်ထုတ် သင်္ဂြိုဟ်တော့လဲ လူအုပ်နဲ့ အတူ သူလိုက်သွားတာပဲ။ သုသာန်မှာ တရားနာပြီး သူ့ကို အမျှဝေတော့လဲ သူ အနားမှာရှိတယ်တဲ့။ ဒါပေမယ့် သူ့အမေ အမျှဝေတာက ငိုကြီးချက်မနဲ့မို့ သူ သာခုမခေါ်ဖြစ်ဘူးဆိုပဲ"

"နို့- ဒါက ဘယ်လိုလဲ ဆရာ့ဟာက။ အမျှဝေတာ ပဲဟာ ငိုငို မငိုငိုပေါ့။ သူနဲ့ ဆိုင်လို့လား"

"ဒီကောင် ဖိုးထောင်နှယ်။ ဆိုင်ပြီကောကွယ်။ မင့်ကို ဘကြီးက မင်းလိုချင်တဲ့ပစ္စည်းကို ဆောင့်ကြီးအောင့်ကြီးနဲ့ စိတ်ဆိုးမာန်ဆိုးနဲ့ ဒေါသကြီးတစ်ခွဲသားနဲ့ ရော့-အင့်နဲ့ ပစ်ပေးလိုက်ရင် မင်း ယူမှာတဲ့လား"

"ဟာ- ဘကြီးခင်ကလဲ မသာမယာပေးတဲ့ပစ္စည်း ဘာလို့ ယူရမှာလဲ"

"ဟဲ-ဟဲ- ဒီလိုပေါ့ ငါ့တူရယ်၊ ဟို တစ္ဆေမ မခင်မှုံလဲ ဘယ် သာခုခေါ်မှာလဲ။ ပေးတဲ့အမျှဆိုတာက အသာတကြည် ရှိတာမှ မဟုတ်တာ။

"နောက် မှတ်ထားကြ။ ငိုတယ်၊ ပူဆွေးတယ်ဆိုတာ အဘိဓမ္မာသဘောအရ တရားကိုယ်ကောက်ရင် ဒေါသတဲ့ ခင်ဗျ။ ဒီတော့ ဒေါသနဲ့ အမျှဝေတဲ့ဥစ္စာကို"

"အင်း- နားလည်ပြီ ဘကြီးမောင်ခင်။ ဒါ မှတ်ထားရမယ်လေ"

"အဲဒါနဲ့ပဲ တစ္ဆေမ မခင်မှုံဟာ အဲဒီသုသာန်ရဲ့ ဇရပ်ကြီးနားက ကုက္ကိုပင်မှာပဲနေရသတဲ့။ နေတော့လဲ သူတစ်ယောက်ထဲ မဟုတ်ဘူးဆိုပဲ။ ကုက္ကိုပင်မှာနေတဲ့ တစ္ဆေ သရဲတွေဟာ တအုပ်တမကြီးမို့ ပြည့်ကြပ်နေသတဲ့။ တစ်နေရာစာရဖို့ပင် မလွယ်ကူဘူးဆိုပဲ။

"နောက် နေဝင်ရီတရောအချိန်ဆို ရွာထဲမယ် အစာရှာဖို့ ကြိုးစားရတယ်။ ဝင်ချင်တိုင်းလဲ ဝင်လို့မရဘူး။ ရွာစောင့်နတ်က အထဲမဝင်ဖို့ တားသတဲ့။ အချို့လဲ ချုံပုတ်တွေကြားကနေ တားနေရင်းကပဲ အတင်းတိုးဝင်ကြသတဲ့"

"ဒါဆို ကျွန်တော်တို့ လူတွေလိုပဲနော်။ ပျော်စရာကြီးနေမှာ"

"အေး- ပျော်စရာကြီးဆို နင်သွားပျော် ဖိုးထောင်"

"အယ်- ဒီဘုတ်ဆုံ၊ သဘောပြောရတာ"

"အဲ- အဲ-- မခင်မှုံကိုတော့ ရွာစောင့်နတ်က ဝင်ခွင့်ပေးတာမို့ ရွာထဲဝင် အမေ့အိမ်ဆီသွား။ အမေ့ကိုကြည့်။

စကားပြောနဲ့။ ဒါပေမယ့် သူ့အမေက ဘာမှပြန်မပြောရုံမက မခင်မှုံ လာချောက်လှန့်တယ်လို့တောင် ပြောသတဲ့။

"အဲ- နောက်အချိန်တန်ရင် ကုက္ကိုပင်ဆီ အမြန်ဆုံး ပြန်ပြေးရရော၊ မပြန်လို့က မဖြစ်ဘူး။ ဟိုမှာက တစ်နေရာစာ ရဖို့ဆိုတာ နောက်ကျနေလို့မှ မဖြစ်ဘဲဟာ။ အဲဒီအပင်မှာ အဆင်းရဲ ခံနေကြရသတဲ့။ အစားအစာကလဲ အလွန့်ကို ဆင်းရဲတာပဲတဲ့။ ဒါကြောင့်မို့ မခင်မှုံဟာ လူ့ဘဝကို ပြန်ချင်နေတယ်တဲ့။

"အဲလို လူ့အဖြစ်ကို တောင့်တနေရာက ကမ္ဘာက ဒေါ်ပုံခေါ်တဲ့ ဝက်သားသည်မကြီးနဲ့ တွေ့တာနဲ့သူ့နောက်က လိုက်သွားပြီး ဒေါ်ပုံ့ဝမ်းမှာတွင် ပဋိသန္ဓေ ဝင်စားလိုက်ရာတယ်။

"အဲ- နေ့လစေ့ မွေးလာတော့မှ ယောကျ်ားလေးအဖြစ်နဲ့မို့ သူ့ကို ဦးရွှေစင်လို့ အမည်ပေးတာကိုး။

(စာသင်ဖိုးကု- မခင်မှုံလူဝင်စား၊ ၉၅-ခု၊ မတ်လ၊ ရတနာမွန်မှ)

"အင်း- ကောင်းပါ့ကွာ၊ တစ္ဆေသရဲ ပြိတ္တာဘဝကို တစ်ခါတည်းကို လုမ်းမြင်ရတဲ့ အဖြစ်ပဲ"

"ဒီလိုဆို ဘကြီးခင်ရ။ တစ္ဆေမ မခင်မှုံ ဘဝကနေ ဘယ်လိုလုပ်ပြီး ဒေါ်ပုံဗိုက်ထဲ ဝင်စားတာလဲ"

"အင်း– ဖိုးထောင်ကဖြင့် လုပ်ပြီ။ ဒီလိုလေ ပထမ လူမ မခင်မှုံဘဝကနေ သေတော့ ဟိုတစ္ဆေဘဝမှာ ပဋိသန္ဓေ နေတာပေါ့။ ဒါ ဥပပတ်ပဋိသန္ဓေ နေတယ်လို့ ခေါ်ရတယ်။ တစ်ခါထဲကို ခန္ဓာကိုယ် အထင်အရှားနဲ့ဟာကိုး။

"အဲ– အဲလို တစ္ဆေမဘဝမှာဖြစ်ပြီး တစ်ခါဒေါ်ပုံရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေနေတော့ ဟိုတစ္ဆေမ မခင်မှုံဘဝက စုတေရသေးတာကိုး။ အဲလိုစုတေပြီးမှ ဒေါ်ပုံ့ဝမ်းမှာ လူပဋိသန္ဓေ နေရတာ။ ဒါကျတော့ ဂဗ္ဘသေယျ ပဋိသန္ဓေလို့ ခေါ်တယ်"

"နို့– ဒီလိုဆို တစ္ဆေမ မခင်မှုံဘဝမှာ သေတော့ သူ့ အလောင်းကောင်ကြီး ကကော"

"ဒီကောင် ဖိုးထောင်၊ အတော်ကပ်တဲ့ ကောင်ပဲ"

"ကပ်တာမဟုတ်ဘူး အမေဖျော့ရ။ သိချင်မှတ်ချင် လို့ပါ"

"ဒါက ဒီလိုကွ၊ ဟိုမိလိန္ဒပဥှာကျမ်းမှာ အခုလိုပဲ မေးတာကို အရှင်နာဂသိန်က ဖြေထားတာရှိတယ်။ ဒါက–

"မင်းကြီးတဲ့ သေကုန်တဲ့ ဘီလူး၊ ပြိတ္တာတွေရဲ့ ခန္ဓာ ကိုယ်ကောင် တွေ့မြင်ရပါတယ်။ အပုပ်နံ့လဲ တလှိုင်လှိုင် ထွက်ပါတယ်။

"မင်းကြီးတဲ့ သေကုန်တဲ့ ဘီလူး၊ ပြိတ္တာတွေရဲ့ ကိုယ်ကောင်ကို ပိုးကောင်အသွင်နဲ့လဲ တွေ့မြင်ရပါတယ်။

ပေါက်ဖတ်အသွင်နဲ့လဲ တွေ့မြင်ရပါတယ်။ နောက် ခြပုန်း အသွင်နဲ့တဲ့၊ ပိုးနံ့ကောင် အသွင်နဲ့တဲ့။ ကင်းခြေများ အသွင်နဲ့တဲ့။ နောက် ကျေးငှက်အသွင်နဲ့တဲ့။ သမင်အသွင်နဲ့တဲ့ အဲလို အသွင်အနေနဲ့သာ တွေမြင်ရသတဲ့ဗျ"

"အဲ- သူတို့ ခန္ဓာကိုယ်ကို သူတို့သေတဲ့အခါကျတော့ မဖုံးကွယ် နိုင်တော့ဘူးတဲ့။ နောက်ပြီး သူတို့စားရတဲ့ အစာ အာဟာရကလဲ ကြမ်းကြမ်းတမ်းတမ်းကြီးကိုး။ ဒီတော့ သားရဲ တိရစ္ဆာန် အကောင်ပလောင်တစ်မျိုးမျိုး အသွင်နဲ့ပဲ ထားရစ် ခဲ့ရသတဲ့ မောင်ဖိုးထောင်"

"အော်-- ဒီလိုကိုး ဘကြီးမောင်ခင်ရ။ တကယ်ကို မသိလို့"

"အေး- ဒါ မှတ်ထားပေတော့"

"ဟုတ်ကဲ့ပါ ဘကြီးမောင်ခင်"

"ဆရာလေး ကိုတင်အောင်ရဲ့၊ ဒီမှာ မှတ်စရာလေးက လူမ မခင်မှုံဘဝက အနေအထိုင်လေးပဲ။ အဲ- ဦးရွှေစင် အပြောအရဆိုရင် တစ်အချက် မခင်မှုံဟာ ရတနာသုံးပါးနဲ့ မိခင်ကြီးကို အလွန်ရိုသေ ကိုင်းရှိုင်းတယ်။ နှစ်အချက်က သူ့စားမှုသောက်မှုက ယာကူလီအလုပ်နဲ့ဆိုတော့ ဒါ သမ္မာအာဇီဝ ကျပါတယ်။ အဲလိုနေရင်းက သေရတော့ အကုသိုလ်ဆိုလို့ ပြောပလောက်အောင်ရှိတာမှ မဟုတ်တာ။

"အဲ- ဒါကြောင်မို့လဲ လူ့ဘဝကို အမြန်ပြန်ရောက်လာရတာပဲ။ အပါယ်ဒုက္ခကို သိပ်မခံစားရရှာဘူး"

"နို့- ဘာလို့ တစ္ဆေမ ဖြစ်သွားရတာလဲ ဘကြီးခင်"

"ဒါက ဒီလိုရှိတယ် ဘုတ်ဆုံရဲ့။ သူသေခါနီးမှာ သူ့အမေကို စွဲလန်းမှု ရှိပုံရတယ်။ ဒီလို စွဲလန်းသေမှုဟာ တစ္ဆေ သရဲတို့ ပြိတ္တာတို့ ဆိုတာတွေ ဖြစ်ရတာ။

"ဒီတော့ သေခါနီးမယ် အာရုံဖြောင့်ဖို့ လိုတယ်နော်"

"ဟုတ်ကဲ့ပါ ဘကြီးခင်"

"အဲ- ဆရာလေး၊ နောက်ကောရှိသေးလား။ ဒီ- အဲလို အဖြစ်မျိုးတွေလေ"

"ရှိပြီပေါ့ ကိုဖိုးထောင်ရယ်"

"ရှိရင်လဲ ပြောပြပါဦး၊ မှတ်ရသားရ တာပေါ့။ ကျွန်တော်တို့က အခုလို သကြိန်ရက်လေး ဘာလေးသာ အားကြရတာ"

"ဟုတ်ကဲ့ အခုပြောမှာက ရန်ကုန်တိုင်း ကော့မှူးဘက်ကပါ။ အခုတော့ မြို့မှာပဲနေတယ်၊ ဒေါ်ပိုတဲ့။ ကျောင်းအစ်မ၊ ရဟန်းအစ်မကြီးပါ။

"ဒီဒေါ်ပိုကလဲ ဒေါ်ပိုဘဝကို တစ္ဆေ၊ သူ့ရဲဘဝကနေ ကူးလာရသူပဲ။

"ဒီအဘွား၊ တစ္ဆေ သရဲဘစ မရောက်ခင်ဘဝက ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးချောင်ရွာက လယ်ပိုင်ရှင် ဦးဘိုးသာ ဒေါ်မယ်စိန်တို့ဆီမှာ လူငှားအလုပ်လုပ်သတဲ့။ အမည်က ကိုဘိုးဗျာ။ သူ့ဇနီးက မငယ်အေးတဲ့။ သားသမီးလဲ ရှိတယ်။ အမျိုးအနွယ်က ကရင်အမျိုး နွယ်တဲ့။

"အဲ- တစ်နေ့မှာ ကိုဘိုးဗျာ အပြင်းအထန် ဖျားတယ်၊ အလုပ်မဆင်းနိုင်ဘူး။ အိမ်မှာတွင် တဟင်းဟင်းနဲ့ အဖျား တက်နေရှာတယ်။ ဖြစ်ချင်တော့ ပြောပါတယ်။ ကိုဘိုးဗျာ အဖျားတက်နေတုန်းမှာ သူ့မိန်းမ မငယ်အေးက ငါးသလောက်ဥ ကြော်ပြီး ကျွေးသတဲ့"

"ဟောတော့- ငါးသလောက်ဥကလဲ တက်ပါဘိ နဲ့ဟယ်။ ဟိုလူမမာကလဲ အဖျားတက်နေတာ၊ နင်တို့ဟာက"

"ဟုတ်တယ် အမေဗျော့ရဲ့။ အဲလို ငါးသလောက်ဥ ကြော်ကျွေးတာနဲ့ ကိုဘိုးဗျာခမြာ အဖျားတက်လိုက်တာ ကျတယ်ကို မရှိဘူး။ တစ်ခါထဲကို အသက်ပါ ပါသွားတယ်။

"အင်- ကျွတ် ကျွတ် သနားစရာဟယ်။ သူ့မိန်းမက ဒီလောက်ထူရသလား"

"ဒါကတော့ အမေဗျော့ရယ်၊ ပျက်ချိန်တန်လို့ နေ မှာပေါ့"

"အင်း– ဒါလဲဟုတ်တာပဲ။ အင်း– အင်း– ဆက်ပါ ဆရာလေး"

"အဲလို ကိုဘိုးဗျာ သေတာကို ကိုဘိုးဗျာက သူသေမှန်း မသိဘူးတဲ့။ သူ့အိမ်ကနေ ရွာပြင်ထွက်လာခဲ့တယ်။ အပြင်ရောက်တော့ မစောကွမ်းခြံဘက်မှာ ပေါက်နေတဲ့ ညောင်ပင်ကြီးဆီ သူလာခဲ့ရော။

"အဲဒီ ညောင်ပင်အောက်မှာလဲ အရုပ်ဆိုးဆိုးနဲ့ လူကြီးတစ်ယောက်က လက်ထဲမှာ အချွန်အတက်တွေပါတဲ့ ဝါးရင်းတုတ်ကြီးကိုင်ပြီး ရပ်နေတယ်၊ ကြောက်စရာကြီးတဲ့။

"ဒီလူကြီးဘေးမှာလဲ အခြား ၃–ယောက်က တရိုတသေ ထိုင်လို့တဲ့။

"အဲ– အဲလို ကိုဘိုးဗျာက ညောင်ပင်ဘက်ကို လျှောက်လာရင်ပဲ အခုန အရုပ်ဆိုးတဲ့ လူကြီးက ကိုဘိုးဗျာကို လက်ယပ်ခေါ်သတဲ့။ ကိုဘိုးဗျာက အဲဒီလူနားသွားတော့––

"ငါက ဒီညောင်ပင်က အစောင့်ပဲ။ မင်း ငါနဲ့ နေလို့ ပြောတာနဲ့ ကိုဘိုးဗျာလဲ အဲဒီညောင်ပင်မှာတွင် နေလိုက်ရတယ်။

"ဒီအထိ သူ့ကိုယ်သူ သေမှန်းမသိသေးဘူး။ ထမင်းဆာ၊ မဆာဆိုတာရယ်၊ စားရ၊ မစားရဆိုတာရယ်ကို အမေ ထွေးပိုက မမှတ်မိဘူးတဲ့။

"ဒါပေမယ့် တစ်နေ့တော့ သူ့ကလေးတွေကို သတိရ လွမ်းဆွတ်လာတယ်။ ဒါနဲ့ပဲ အိမ်ပြန်မယ်ဆိုပြီး ဆွမ်းခံ ကျောင်းသားလေးတွေ အပြန်မှာ ရောပြီး ကပ်လိုက်သွားတယ်။

"အဲ- ဒီလိုကပ်လိုက်သွားတဲ့အခါ ရွာစပ်လဲရောက် ရော တစ်စုံတစ်ယောက်က သူ့မျက်နှာကို ဖြတ်ရိုက်ချလိုက် တာကိုခံရလို့ မျက်လုံးထဲ မီးဝင်းဝင်းတောက်သွားသတဲ့"

"ဟော- ဒါ ရွာစောင့်နတ်နေမှာ"

"အစစ်ပေါ့ ဖိုးထောင်"

"ဒါနဲ့ သရဲကိုဘိုးဗျာဟာ ရွာထဲမဝင်ရဲတော့ဘဲ ညောင်ပင်ကြီးဆီ ပြန်ပြေးခဲ့ရော။

"ညောင်ပင်ရောက်တော့လဲ သရဲကိုဘိုးဗျာခမျာ မသက် သာသေးဘူး။ အခုန အစောင့်ကြီးက သူ့မပြောဘဲ သွားရ မလားဆိုပြီး ဆူးဝါးရင်းတုတ်ကြီးနဲ့ ရိုက်သတဲ့"

"အင်း- သူတို့ဘဝတွေလဲ မသက်သာဘူးနော်။ ဘကြီးမောင်ခင်"

"အေး- ဘယ်သက်သာမလဲ။ သူ့ နိုင်ရာနိုင်ရာနဲ့ ပိုင်ရာဆိုင်ရာနဲ့ကိုး ဖိုးထောင်"

"အဲဒါနဲ့ ကျွတ်ချိန်တန်လာတော့လဲ အရင်သူ့ စာရင်း တိုင် ဦးဘိုးသာရဲ့ဇနီး ဒေါ်မယ်စိန်က နေဝင်ရီတရောအချိန်မှာ မစောခြံမှာ ကွမ်းလာဝယ်ရော။

"သရဲဦးဘိုးဗျာလဲ အဲလို ဒေါ်မယ်စိန် ကွမ်းလာဝယ်တာကို မြင်တာနဲ့ပြေးပြီး နှုတ်ဆက်မလို့အလုပ်မှာ ဟိုအစောင့်ကြီးက ရှေ့ကတားလိုက်ပြီး--

"မင်း သူ့ကိုသိလား"

"သိပါတယ်"

"သိရင် မယ်စိန်နဲ့ လိုက်သွားလို့ ခွင့်ပြုလိုက်သတဲ့။

"အဲဒါနဲ့ပဲ သူလဲဒေါ်မယ်စိန်နဲ့ ကပ်လိုက်လာပြီး နေခွင့်ပေးဖို့ အိပ်မက်ပေးပြီး အခုလို ဒေါ်မယ်စိန်ဆီမှာ ဝင်စားခဲ့တယ်တဲ့။

"အဲဒါ မွေးလာတော့ မိန်းကလေးမို့ မထွေးပိုလို့ အမည်ပေး ခံရတာကိုး။ ဒီအမေထွေးပိုရဲ့ မွေးသက္ကရာဇ်က ၁၂၉၃- ခုနှစ်၊ နယုန်လဆန်း ၁၀-ရက်နေ့မို့ အခုဆို အသက် ၆၄-နှစ်ရှိပြီလေ"

(ကိုရွှေသောင်းဝင်း-အံ့ဖွယ်လူဝင်စား။

၉၅-ခု၊ ဇန်နဝါရီလထုတ်၊ ဉာဏ်လင်းမဂ္ဂဇင်းမှ)

"ဇာတိဿရဉာဏ်က သိပ်ထက်တာကိုး"

"အဲ- ဒီကိုဘိုးဗျာ တစ္ဆေကျတော့ ညောင်ပင်မှာ နေရပေမယ့် တစ္ဆေမ မခင်မှုံတို့လို ပြည့်ကြပ်နေတာ မဟုတ်ဘူး။ သူ့အပြောအရဆို အားလုံး ၅-ယောက်ထဲရယ်။

"ဒါကတော့ ဆရာလေးနယ်၊ ကျွန်တော်တို့လိုပဲ သူတို့လဲ လူဦးရေ၊ အဲ-အဲ- တစ္ဆေဦးရေ အစိပ်အကျဲဆိုတာ ရှိမှပေါ့"

"အင်း- ဟုတ်မယ် ဖိုးထောင်"

"နို့-နောက်ထပ် ဆရာလေးကိုတင်အောင် မှတ်ထားတာ ရှိသေးလား။ ရှိရင် လုပ်ပါဦး"

"ရှိသေးတယ် ကိုဖိုးထောင်"

"ဒီတစ်ခါ တစ္ဆေဘဝကို ပြန်မှတ်မိတဲ့လူက ထီးချိုင့်မြို့နယ်၊ သခွပ်ချောင်ရွာသား ဘုရားဒကာကြီး ဦးဘဂျမ်းပဲ။

"ဒီ ဦးဘဂျမ်းဟာ တစ္ဆေဘဝက လာခဲ့တာကို ပြန်ပြောနိုင်တဲ့ ပုဂ္ဂိုလ်ပါပဲ။

"အဲ- သူ့အပြောက သူတစ္ဆေဘဝ မရောက်ခင်က မဲဇာမြစ်ကမ်းက မိကျောင်းတိုက် ရွာသား။ သူ့နာမည်က မြသီးတဲ့။

"အဲဒါ မြသီးဘဝမှာတုန်းက သူက လူဆိုးဆိုပဲ။ အခါကလဲ မြန်မာမင်းများ အုပ်ချုပ်တဲ့အချိန်တဲ့။ သူတို့ မဲဇာမြစ်ရိုးတစ်လျှောက်ကို အုပ်စိုးတာ မြတောင်ဝန်မင်းတဲ့။ ဒါပေမယ့် သိပ်ခေါင်တောကျလွန်းတဲ့ အရပ်မို့ မြတောင်ဝန်မင်းလဲ မလာရောက်ရဲ မကဘူး။ နိုင်နင်းအောင်းတောင် မအုပ်ချုပ်နိုင်ဘူး။

"ဒီတော့ မဲဇာမြစ်ဝှမ်းမှာ သူက ခေါင်းဆောင်တဲ့ အဖွဲ့၊ မင်းဝံတောင်တန်း အနောက်ဘက်မှာက ကိုခွေးကြီး ခေါင်းဆောင်တဲ့ လူဆိုးအဖွဲ့ရယ်၊ ထီးချိုင့်မြောက်ပြင်မှာက သံတိုင်ဆိုသူခေါင်းဆောင်တဲ့ လူဆိုးအဖွဲ့နဲ့ဆို အဲဒီတစ်ဝိုက် မယ် ဓားပြလူဆိုးအဖွဲ့ သုံးဖွဲ့ရှိတယ်။

"မြသီးကတော့ အရမ်းကာရော ဆိုးသွမ်းနေတာ မဟုတ်ဘူး။ သူ့နယ်အတွင်း ချင်းနင်းဝင်ရောက်လာတဲ့ အခြား အရပ်က လူဆိုးတွေကိုသာ သူကရက်ရက်စက်စက် ခုခံနှိမ်နင်း ပေးတာ။ နောက် သူ့နယ်အတွင်းက လူတွေကိုတော့ အကာ အကွယ်ပေးတာတဲ့။ ဒါကြောင့်မို့ မဲဇာမြစ်ဝှမ်းက လူတွေက သူ့ကိုပင် အားကိုးနေကြသတဲ့။

"အဲ- တစ်ချိန်မယ် သံတိုင်တို့အဖွဲ့က သူ့နယ်အတွင်း က ဆင်ဖြူဆိပ်ရွာကို ဝင်ရောက်မွှေနှောက်ပြီး ဓားပြတိုက်ပါ ရော။ ဒါကို သူက မခံနိုင်တာနဲ့ သံတိုင်တို့အဖွဲ့ကို နောက်ကနေ လိုက်တိုက်ပြီး ပါသွားတဲ့ပစ္စည်းတွေကို ပြန်ယူလာ။ ပြီး- ပစ္စည်းရှင်တွေ ပြန်ပေးသတဲ့။

"ဒါနဲ့ သံတိုင်က မြသီးအပေါ် အာဃာတထားပြီး သူတို့အဖွဲ့ကို တိုက်ခိုက်လေ့ရှိပေမယ့် သံတိုင်အဖွဲ့က သူ့အဖွဲ့ ကို မယှဉ်နိုင်ဘူး။

"အဲလိုနေလာရာက မင်းတုန်းမင်း နတ်ရွာစံလို့ သီပေါလဲ နန်းတက်ရော။ မင်းပြောင်းမင်းလွှဲ အချိန်မို့ တစ်တိုင်းပြည်လုံး အေးချမ်းငြိမ်သက်မှု မရှိသေးဘူးဆိုပဲ။

"နို့ပေမယ့် ကိုမြသီးအဖွဲ့ ဦးဆောင်တဲ့ မဲဇာမြစ်ဝှမ်း ကတော့ အေးချမ်းငြိမ်သက်နေတာကိုး။

"ဒါကို သံတိုင်က မနှစ်မြို့နိုင်ဘူး။ မနှစ်မြို့နိုင်ပေမယ့် သူကလဲ မြသီးကို မနိုင်ဘူး။ ဒီတော့ မနိုင်တဲ့အတူတူ မြတောင်ဝန်မင်းဆီမှာ လက်နက်ချ အညံ့ခံပြီး မြသီးကို နှိမ်နင်းပေးမယ့် အကြောင်း ရဲဝံ့စွာ အာမခံလိုက်သတဲ့။

"အဲဒါနဲ့ မြတောင်မြို့ဝန်မင်းက သံတိုင်ကို သူ့တပ်နဲ့အတူ မြသီးကို နှိမ်နင်းခိုင်းလိုက်ရာ မကြာခင်မှာတွင် မြသီးကို လက်ရ ဖမ်းဆီးမိလိုက်တယ်။

"ဒါပေမယ့် မြို့ဝန်က မြသီးကို မသတ်ပါဘူး။ ဗြိတိသျှတို့နဲ့ကလဲ ဘာလိုလိုဖြစ်ဖို့ရှိသမို့ လူစွမ်းကောင်းလဲ လိုနေချိန်မို့ မြသီးကို ကောင်းကောင်းမွန်မွန် နေဖို့မှာပြီး လွှတ်ပေးလိုက်တယ်။

"အဲဒီတော့ မြသီးဟာ သူ့ရွာ မီးကျောင်းတိုက်ကို ပြန်လာ။ အစ်မဖြစ်သူ ဒေါ်စပ်သီးအိမ်မှာနေ။ နောက် သူ လုပ်ခဲ့သမျှ မကောင်းမှုတွေကို ဆေးကြောတဲ့အနေနဲ့ မိကျောင်း

တိုက် ဘုန်းတော်ကြီးထံမှာ ရဟန်းဝတ်လိုက်ရော။ ဒီတုန်းက ဆို့ဘွဲ့က 'ဦးသုဇာတ' တဲ့"

"အံမာ အတော့်ကို မှတ်မိတာပဲနော်၊ ဆရာလေး"

"ဟုတ်တယ် ကိုဖိုးထောင်။ အဲလို ရဟန်းဖြစ်လို့ မကြာခင်မှာပဲသူ့ဆရာတော် မိကျောင်းတိုက်ဘုန်းကြီးက ပျံလွန်တော်မူရော။ ဒါနဲ့ ဦးသုဇာတက မိကျောင်းတိုက်ဘုန်းကြီး ဖြစ်သွားရတယ်။ ဒါပေမယ့် သူကလဲ တောထွက်ရဟန်းကြီး လဲဖြစ်၊ သင်္ကန်းဝတ်ချိန်မှာ အသက်ကလဲ(၇၀) နှစ်ခန့်ရှိပြန်တော့ သူလဲ မိကျောင်းတိုက်ဘုန်းကြီးဖြစ်လို့ မကြာခင်မှာ ပျံလွန်တော် မူသတဲ့။

"အဲလို ဦးသုဇာတ အဖြစ်နဲ့ ကွယ်လွန်ပြီးတော့မှ တစ္ဆေ ဘဝကို ရောက်တာ"

"ဟင်– ဆရာ့ဟာက ဘုန်းကြီးဘဝနဲ့ တစ္ဆေဖြစ်ရရောလား"

"ဒါက ဒီလိုကွ ဖိုးထောင်ရဲ့။ မြသီး ဘုန်းကြီးဝတ်တာကမှ ခဏတဖြုတ်လေး ရှိသေးတယ်။ ဟို ဓားပြလူဆိုးဘဝက ဆိုးခဲ့၊ တေခဲ့၊ ရက်စက်ခဲ့တဲ့ ဟာတွေက နည်းလို့လား။ အဲဒီကြီးမားတဲ့ အပြစ်တွေက သူ့ကို ဟိုငရဲအထိ တွန်းပို့နိုင်တာ။

"အဲဒီ ငရဲကျဖို့ရှိတာကို အခု ဦးသုဇာတ အဖြစ်နဲ့ သင်္ကန်းလေး ဝတ်လိုက်မိလို့သာ အခုလို တစ္ဆေဘဝရောက်တာ မောင်။ ဒါ အတော့်ကို ကောင်းတဲ့ကံဗျ၊ ဘာမှတ်လို့လဲ။

"ဟုတ်ကဲ့ ဘကြီးမောင်ခင်၊ ဒါ မြသီး ကံကောင်းတယ်ဆိုရမှာ"

"အေးပေါ့ ဆရာလေးရ၊ မတွေ့ဘူးလား။ အရှင်သောဏရဲ့အဖေ တောထွက်ရဟန်းကြီး သေခါနီးမယ် သူမှဆိုးဘဝ တုန်းကလုပ်ခဲ့တဲ့ ကံတွေပေါ်နေလို့ မောင်းပါသားရဲ့၊ ငါ့ ခွေးတွေဆွဲနေပြီ၊ ဘာပြီနဲ့ အော်တာလေ။ ဒါ ကမ္မနိမိတ်လို့ ခေါ်တယ်။ ကံ တစ်ခုခုကို ပြုခဲ့တုန်းက ဟာတွေ့ သေခါနီးတော့ ပြန်ပြန်မြင်ရတာ၊ သတိထား မောင်ဖိုးထောင်"

"ဟုတ်ကဲ့ ဘကြီးမောင်ခင်၊ ဒီမှာ ပုတီးရှိပါတယ်"

"ယောဒီကောင်၊ ဒီပုတီးပဲ လှုပ်လှုပ်ပြနေတယ်။ ငါနော် ခေါက်လိုက်ရ"

"မလုပ်ပါနဲ့ မဘုတ်ဆုံရယ်။ ဥပုသ်ကြီးနဲ့ ဟာ။ ကဲ-ကဲ-- ဆရာလေး ပြောပါဦး"

"အဲလို ဦးသုဇာတ ပျံလွန်တော်မူတော့ သူ့ရွာ မိကျောင်းတိုက်နဲ့ သောင်ကြီးရွာအကြားမယ် အဲဒီတုန်းက တောအုပ်ကြီးရှိနေသတဲ့။ အဲဒီတောအုပ်ကြီးအလယ်က မြစ်ကမ်းပါးမှာပေါက်နေတဲ့ သဖန်းပင်ကြီးမှာ တစ္ဆေကြီး သွားဖြစ်ရော။

"ဒါပေမယ့် သူတစ်ယောက်ထဲ မဟုတ်ဘူး။ နောက်တစ်ကောင်ရှိသေးတယ်၊ အားလုံးသူနဲ့ဆို တစ္ဆေ ၂-ကောင်တဲ့။ ဒါတင်မကဘူး။ သူတို့နေတဲ့ သဖန်းပင်ကြီးအနားမှာပဲ နောက်

ထပ် သဖန်းပင်ကြီး တစ်ပင်ရှိသေးတယ်။ အဲဒီသဖန်းပင်ကြီး မှာလဲ သရဲမကြီး တစ်ယောက်ရှိသေးသတဲ့။

"ဒီသရဲမကြီးကို သူတို့နှစ်ယောက်က သိပ်ကြောက်ရ ဆိုကိုး။ သရဲမကြီးခိုင်းတာဆို ဘာမဆို အကုန်လုပ်ပေးရသတဲ့။

"အဲ- ဦးဘဂျမ်းပြောတာက သူတို့တစ္ဆေဘဝမှာ တစ်ယောက်နဲ့တစ်ယောက် စကားပြောရတယ်ဆိုတာကို မမှတ်မိ ဘူးတဲ့။ နို့ပေမယ့် တစ်ယောက်ရဲ့ဆိုလိုချက်ကို တစ်ယောက် က သိနေတယ်လို့ပဲ အမှတ်ရသတဲ့"

"ဒါဆို စိတ်နဲ့စကားပြောတာနဲ့ တူတယ်"

"ဒါပေါ့ ဖိုးထောင်"

"အဲဒီလိုနေလာရင်း ကျွတ်ချိန်တန်လာတော့ ဒီလို တစ္ဆေဘဝမှာနေတုန်း အခုအခါ ပဲခင်းကြီးဖြစ်နေတဲ့ မြေပြင် ကြီးဟာ သူ(ဦးဘဂျမ်း) တစ္ဆေဘဝနဲ့တုန်းက တောကြီးဖြစ်ရုံတင် မက အလယ်ခေါင်မှာ'ဗွက်ထုံး' အမည်ရှိတဲ့ အင်းပြင်ကြီး ရှိသတဲ့။ အဲဒီဗွက်ထုံးအင်းကြီးနဲ့ နှစ်မိုင်လောက်ဝေးတဲ့နေရာမှာ ကြက်သွန်ခင်းရွာကြီး ရှိတယ်။

"အဲ- တစ်နေ့မှာ အခု ဦးဘဂျမ်းဘဝမှာ တော်စပ် ရမယ့် မိဘလောင်းနှစ်ဦးက ကြက်သွန်ခင်းရွာကနေ ဗွက်ထုံး အင်းကြီးဆီ သွားနေကြတာကို မြင်ရော။ အဲ- မြင်ရရင်ပဲ လိုက်သွားချင်လိုက်တာ မနေနိုင်အောင်ကို ဖြစ်နေသတဲ့။ လိုက်

ကလဲ မလိုက်ရဲနဲ့ကိုး။ ဒါနဲ့ သူ့သူငယ်ချင်း ဟိုတစ္ဆေကို သူက စိတ်နဲ့ပဲ ပြောလိုက်တယ်။

"သူငယ်ချင်းရယ် ငါလေ ဟိုက သွားနေတဲ့လူတွေ နောက်ကို လိုက်သွားချင်လိုက်တာ။ ဒါ လိုက်လို့ ဖြစ်ပါ့မလားကွ"

"မင်းလိုက်ချင်လဲ လိုက်သွားပေါ့။ နို့ပေမယ့် တစ်ခုတော့ မှာလိုက်ချင်တယ်"

"မှာလေ၊ ဘာမှာချင်လို့လဲ"

"တခြားမဟုတ်ပါဘူးကွာ။ ဟို လူတွေနဲ့ မင်းလိုက်ရင် မင်းဟာ လူဖြစ်ဖို့ သေချာပါတယ်။

"အဲ– မင်း လူ့ဘဝရောက်ရင် ငါ့ကို အမျှအတန်းလေး ဝေပေးပါလို့ မှာလိုက်ချင်လို့ပါ။

"ဒါဖြင့် ငါ လူ့ဘဝရောက်လို့ ကုသိုလ်တွေ ဘာတွေ လုပ်ပြီးရင် မင့်ကို အမျှအတန်း ပေးဝေပါ့မယ်ကွာ။ ဒါကို ငါ ကတိပြုပါတယ်"

"အေး–အေး–– မမေ့ပါနဲ့ကွာ။ မင်းအမျှပေးဝေမယ့် အချိန်ကို ငါ သာခုခေါ်ဖို့ စောင့်နေပါ့မယ်"

"ကဲ–ကဲ– သွား–သွား–။ ဟိုဟာမကြီး မလာခင်"

ဤသို့ပြောပြီးနောက် ဦဘဂျမ်းအလောင်း တစ္ဆေဟာ ကြက်သွန်ခင်းရှာက ဦးဘိုးလှိုင် ဒေါ်ဆုပ်တို့နှင့် အတူလိုက်လာခဲ့ပြီး အခုလို သူတို့ရဲ့သား မောင်ဘဂျမ်း ဖြစ်လာတာတဲ့။

"ဦးဘဂျမ်း အိမ်ထောင်ကျတော့ သခွတ်ချောင်သူ ဒေါ်သန်းကြီးနဲ့ အိမ်ထောင်ကျလို့ သခွတ်ချောင်ရွာမှာ လာနေတာတဲ့။ အဲ- ဇာတိရွာက ကြက်သွန်ခင်းပေါ့။

"အဲ- သူဟာ ဒါနအမျိုးမျိုး လုပ်ခဲ့ပေမယ့် သူ့မိတ်ဆွေတစ္ဆေကို အမျှဝေဖို့ မေ့နေတယ်တဲ့။

"ဒီလို တစ္ဆေဘဝကို ပြန်သိတာက သူ ၁၄-နှစ်သားကျမှ ကိစ္စတစ်ခုနဲ့ မိကျောင်းတိုက်ရွာကို အသွားမှာ အရင်တစ္ဆေဘဝနဲ့တုန်းက သူနေခဲ့ဖူးတဲ့ သဖန်းပင်ကြီးကို မြင်ရတော့မှ ဇာတိဿရဉာဏ် ဖြစ်ပေါ်လာပြီး အခုလို တစ္ဆေဘဝကို ပြန်သိရတယ်ဆိုပဲ"

"ဒါဖြင့် ဟိုတစ္ဆေခမြာ ဦးဘဂျမ်းအမျှဝေမှာကို စောင့်နေရှာမှာပဲနော်"

"ဒါပေါ့ စောင့်မှာပေါ့။ သို့ပေမယ့် ဦးဘဂျမ်းကလဲ အခုထက်ထိ တစ်ခါမှ အမျှမဝေဖူးသေးဘူးတဲ့။ မေ့နေလို့တဲ့။ ဦးဘဂျမ်းက ဒါကို ပြန်ပြောတော့ အသက်ပဲ ၇၀- ကျော်ပြီဟာ။ ဒီတော့ သူ့မိတ်ဆွေတစ္ဆေလဲ ကျွတ်ချင်ကျွတ်ရောပေါ့။ ဒါပေမယ့် ဒီတစ်ခါ ရေစက်ချရင် ဟိုမိတ်ဆွေတစ္ဆေကို အမျှဝေဖို့ ဝိုင်းတိုက်တွန်းကြတယ်လေ။

"ဦးဘဂျမ်း သူတစ္ဆေဘဝကို ပြန်ပြောတဲ့နေ့ကလဲ သခွတ်ချောင်ကျောင်းတော်ဦးမှာ တည်ထားကိုးကွယ်တဲ့ ရုပ်ပွား

တော်ကြီးကို သူက ဝယ်ယူပူဇော်တဲ့နေ့မှာကိုး။ ဒီတော့ သူ့အလှူ ရေစက်ချအပြီးမှာ ဝေမှာပေါ့"

"အဲ– တစ်ခုတော့ရှိတယ်။ သူ့မိတ်ဆွေ တစ္ဆေက ကျွတ်မကျွတ်၊ ကျွတ်သွားရင်လဲ မလိုတော့ဘူးပေါ့။ မကျွတ် သေးဘဲရှိနေရင်လဲ ဒါ သူမျှော်နေတဲ့ အမျှအတန်းကို သာဓု ခေါ်ရမှာပေါ့"

(ထီးချိုင့်နတ်စိုး၏ –တစ္ဆေဘဝက အဆွေရေ အမျှအမျှ၊ ၉၃– ခု၊ ဒီဇင်ဘာထုတ်၊ ရတနာမွန်မဂ္ဂဇင်းမှ)

"နေပါဦး၊ ဆရာလေးရ။ ဒီတစ္ဆေ သရဲတွေက သူတို့ အချင်းချင်း စိတ်နဲ့ပဲ စကားပြောတယ်ဆိုတာ အဟုတ်ပဲလား"

"ဟာ– ဒီကောင်ဖိုးထောင်၊ ထောင်လာပြန်ပြီ။ အဟုတ် မို့ ပြောတာပေါ့။ ဘယ်သူက ဘယ်လိုလုပ် သိမှာလဲ။ အခု ဟာတောင် ဦးဘဂျမ်းက မှတ်မိလို့ဟာ"

"အင်းဗျာ။ ဆန်းတော့ အဆန်းသားပဲ။ ဟုတ်မှာနဲ့ တူတယ် ဘကြီးခင်။ သူတို့ ဦးရေလဲ အများသားမို့ သူတို့ ကိုသာ မမြင်ရတာ။ သူတို့အချင်းချင်း ပြောကြဆိုကြတဲ့ အသံကိုတော့ ကျွန်တော်တို့ ကြားရမှာ။ အတူတူတစ်ပြင်ထဲ မဟုတ်လား"

"ဟုတ်တယ် ကိုဖိုးထောင်ရေ့။ ကြားရ၊ သိရတာ ကောင်းပါ့ဗျာ"

"အေး- ဟုတ်တယ်။ ရုပ်ကိုသာ ဆေးနဲ့ဘာနဲ့ ကွယ်တာ။ အသံကို ဘာနဲ့ကွယ်တယ်ရယ်လို့ မပါတော့ ဒါ စိတ်ချင်းပြောလို့ပေါ့"

"အဲ-- ဖိုးထောင် အခုဆို မင်းအနေနဲ့ ပြိတ္တာတို့၊ တစ္ဆေ သရဲတို့ရဲ့ ဘဝကို အစုံလေး သိသွားပြီ"

"ဟုတ်ကဲ့- ဘကြီးမောင်ခင်။ သူတို့ အနေဆင်းရဲတာရယ်၊ အစားဆင်းရဲတာရယ်၊ သူတို့စားရတဲ့ အစားအစာတွေရယ်၊ သူတို့ အချင်းချင်း ဆက်ဆံပုံတွေရယ် စုံလို့ပါပဲ"

"အင်း-- ဒီလိုသိရလေတော့ အဲဒီဘဝဆိုးကြီးဆီ ဦးလှည့်မသွားဖို့ရယ်၊ ခြေချော်လက်ချော် ဆိုသလို ကံမကောင်း အကြောင်းမလှလို့ အဲလို ဘဝဆိုးမှာရောက်နေတဲ့ သူတွေကို အဲဒီဘဝဆိုးကလွတ်အောင် တို့က အမျှအတန်း ဝေဖို့ဘာဖို့ ဆိုတာရယ်ကိုလဲ မမေ့ပါမှကွ"

"ဟုတ်ကဲ့၊ ကျွန်တော်ဒါတွေကို အခု သဘောပေါက် သွားပြီ ဘကြီးမောင်ခင်ရ။ တစ်နှစ်တစ်ခါတောင် မဟုတ်ဘူး။ နှစ်ခါသုံးခါလောက်တောင် လုပ်ဖို့ကောင်းတယ်"

"ဟဲ့- ဖိုးထောင်။ ဒါတော့ နင်ပိုသွားပြီ"

"ပိုတာ မဟုတ်ဘူး အမေဖျော့ရဲ့။ လုပ်ရင်ကောင်းတာကို ပြောတာ။ ဒါမှ တစ်ခါမကျွတ် တစ်ခါကျွတ်ကရော"

"ဒီလို ဘကြီးခင်--"

"အင်း- ပြော မောင်တင်အောင်"

"အဲလို ဘဝဆိုးမှာရောက်နေလို့ ကျွတ်ချင်လွတ်ချင်လို့ ကုသိုလ်လုပ် အမျှဝေပါလို့ သမီးလုပ်သူကို ပြောတာတောင် ဟို သမီးလုပ်သူက မလုပ်ပေးတဲ့အပြင် ရက်လှပါတယ်ဆိုသူ မျိုးလဲ ရှိသေးတယ်"

"ဟယ် နင့်ဟာ မိုက်တွင်းနက်လှချည်လား"

"နက်တယ်လဲ ဘယ်ဟုတ်မလဲ အရိုးဗျော့ရယ်။ အသိဉာဏ် မကြွယ်လို့ဆိုရမှာပေါ့"

"ဟော့- မောင်တင်အောင်၊ ဒီအကြောင်း ပြောစမ်း"

"ဟုတ်ကဲ့ ဘကြီးခင်"

"ဒီအကြောင်း ပြောသူက စံသိန်းဆိုတဲ့ သူပဲ။ သူ ပြောတာက သူနေတဲ့တိုက်ရဲ့ အနောက်ဘက်တိုက်မှာ တိုက်ခန်း ငှားနေတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ မောင်လှနဲ့ မလှမြင့် ဆိုပဲ။

"အဲဒါ တစ်နေ့မှာ မောင်လှ အူယားဖားယားနဲ့ သူ့ကို လာခေါ်တယ်တဲ့။

"ဦးလေး လိုက်ခဲ့ပါဦး၊ ကျွန်တော့်မိန်းမ မလှမြင့် ဘာဖြစ်မှန်းမသိဘူး။ ဝူး-ဝူး-ဝါး-ဝါးနဲ့ပြောပြီး မျက်ဖြူကြီး လန်လန်တက်နေတယ်။ နောက် နင်တို့ကို သတ်မယ်၊ သတ် မယ်နဲ့ ကြိမ်းနေတယ်နဲ့။

"ဒါနဲ့ သူလိုက်သွားတော့ မလှမြင့်က ဘုရားစင်ကို လှည့်ပြီး ထိုင်နေတယ်၊ ပါးစပ်ကလဲ ဝူးဝူးဝါးဝါးနဲ့ ပြောလို့။ ဒါနဲ့ သူက--

"မလှမြင့် နင် ဘာဖြစ်နေတာလဲလို့ မေးလိုက်တော့

"ဟော့- ငါ မောင်ကြီးကွ။ မင်း ငါ့ကို မမှတ်မိတော့ ဘူးလား။ ဒီတိုက်တွေ ဆောက်နေတုန်းက မင်းတို့ တန်းလျား တွေနဲ့ နေကြမဟုတ်လား။ ဒီတုန်းက မင်းတို့နဲ့ မျက်နှာချင်း ဆိုင်မှာနေတဲ့ မောင်ကြီးလေ-ဟု ပြောသတဲ့။

"ဒါနဲ့သူက ကိုမောင်ကြီး သေတာ ၆-နှစ်တောင် ရှိပြီဟာ။ အခု ဘာကိစ္စနဲ့ ပူးကပ်နေတယ်ဆိုတာကို သိချင်တာနဲ့ ဆက်မေးကြည့်တယ်။

"နို့- ခင်ဗျားသေတာလဲ ၆-နှစ်ရှိပြီ။ သေတော့လဲ ရက်လည်ဆွမ်းတွေ ဘာတွေကျွေးပြီ အမျှဝေသားပဲ။ ဒါ- ခင်ဗျား အမျှမရဘူးလား"

"မရဘူး၊ ဒီတုန်းက ငါဟာ ငါ့သမီးကို ချစ်ခင်စွဲလမ်း လွန်းလို့ သာဓုမခေါ်ခဲ့ဘူး။ သာဓုခေါ်ရင် ဒီက ငါ ထွက်သွားရ မှာကိုး"

"နို့- ခုတော့ ကော"

"အခုတော့ ကျွတ်ချင်ပြီ။ သမီးကို စွဲလမ်းချစ်ခင်တာကလဲကြာလာတော့ လျော့နည်းသွားပြီ။ အခု ငါ သိပ်ဆင်းရဲနေတယ်။ တိုက်ရှေ့က အပင်ကြီးမှာ ငါ နေရတယ်။

"ငါ့မှာ ဝတ်စရာလဲ မရှိဘူး၊ စားစရာလဲ မရှိဘူး၊ နေစရာလဲ မရှိဘူး။ လမ်းမှာ လျှောက်သွားနေရတယ်။ နေ့ခင်းနေ့လည်တောင် မထွက်ရဲဘူး။ ညညမှ ထွက်ပြီး သူတကာပစ်ထားတဲ့ စားကြွင်းစားကျန်တွေကို လိုက်ကောက်စားနေရတယ်။ ဒါတောင် မစားရတာက များတယ်။

"ဒါ ငါ့ သမီးအခန်းကွ။ ဒီတော့ ငါ့သမီးကို ခေါ်ပေး။ ငါ့အတွက် ဆွမ်းကျွေးပေးဖို့နဲ့ အဝတ်အစား တစ်စုံလှူပေးဖို့ ပြောပေးပါလို့ပြောပြီး ထွက်သွားသတဲ့။

"အခု မောင်လှတို့နေတဲ့အခန်းက တန်းလျားမှာနေရစဉ်က ဦးမောင်ကြီးနာမည်နဲ့ ရထားတဲ့ အခန်းတဲ့။ အဲဒါ ဦးမောင်ကြီးတို့ ဇနီးမောင်နှံ ကွယ်လွန်ပြီးနောက် တိုက်ခန်းတွေမှာ ပြန်လည်နေရာချပေးတော့မှ ဦးမောင်ကြီးသမီးက သူမနာမည်နဲ့ ရသွားတာကိုး။

"အဲလို ဦးမောင်ကြီး ပူးကပ်ပြောစဉ်က သူ့သမီးက အလုပ်ဘက်မှာ နေတာ။ ဒါနဲ့ မောင်လှကို သွားပြောခိုင်းတယ်။ ဒီတော့ ဦးမောင်ကြီးသမီးက 'သူ့အဖေ ဒီလိုဖြစ်တာ ရှက်တယ်' ဆိုပြီး သူ့ယောကျ်ားကိုပဲ လွှတ်လိုက်သတဲ့"

"အဲကွာ အံ့ရော၊ ဘာလို့ ရှက်ရမှာလဲ။ ကိုယ့်ဖအေကြီး အခုလောက် ဒုက္ခရောက်နေတဲ့ဟာကို။ ငါသာဆို ဘယ်နေလိမ့်မလဲ"

"အံမယ်၊ အခုပြောမကြီးနဲ့ မောင်ဖိုးထောင်ကြီးရယ်၊ ဟုတ်မှလဲ လုပ်ပါ"

"အဟုတ် အမေဗျော့ရ။ ဒါ လုပ်ကိုလုပ်ပေးရမှာ"

"အဲဟယ် တော်ကြစမ်းပါ။ လုပ်ပါ ဆရာလေး ဆက်ပါဦး"

"အဲလို သူ့ယောက်ျားလိုက်လာတော့ အကျိုးအကြောင်း ပြောဆို ပြန်လွှတ်ပြီး ဦးမောင်ကြီးပြောသလို လာလုပ်ပေးမလား လို့ စောင့်နေကြတာ။ ၇-ရက်လောက်သာ ကြာသွားတယ်။

"ဒီတွင် ဦးမောင်ကြီးက မလှမြင့်ကို ထပ်ပူးပြီး မေးပြန်တယ်။ သူ့သမီးက ဘာပြောသလဲလို့။

"ဒီတော့ သူ့သမီးပြောတာကို ပြောပြကြတာပေါ့။ ဒီတော့ ဦးမောင်ကြီးက 'ဩော်- ငါ့သမီးလေးက ဒီလိုပဲ ပြောလွှတ်လိုက်သလား' ဆိုပြီး မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျရှာသတဲ့"

"အင်း- သနားစရာ နော်ကွယ် ဖိုးထောင်"

"ဟုတ်တယ် အမေဗျော့ရယ်"

"အဲလို ဦးမောင်ကြီး မျက်ရည်ကျနေရှာတော့ ကျွန်တော် ဘာလုပ်ပေးရမလဲလို့ မောင်လှက မေးတော့။

"အခုဒီမှာရှိတဲ့ မလှမြင့်ကပဲ သူ့သမီးကိုယ်စား သူ့အတွက် ဆွမ်းကပ်လှူပေးပါ။ အဝတ်အစား တစ်စုံလဲ လှူပေးပါ။ နောက် ညနေဘက်ကျရင်လဲ သူ့ကိုကျွေးပါ။ အလှူမလုပ်ခင် တစ်ရက်က ကြိုပြီးလဲသူ့ကို ဖိတ်ပါလို့မှာပြီး ပူးရာမှ ထွက်သွားသတဲ့။

"ဒါနဲ့ မောင်လှတို့ကလဲ ဦးမောင်ကြီး မှာသလို တစ်ရက်အလိုက ဖိတ်၊ နောက်နေ့ကျတော့ သူတို့အခန်းကို ဆွမ်းခံကြွလာတဲ့ ကိုယ်တော်ကို--

"အရှင်ဘုရား ဒီအလှူက လွန်ခဲ့တဲ့ ၆-နှစ်လောက်က ကွယ်လွန်သွားတဲ့ ဦးမောင်ကြီးကို ရည်စူးပြီ လှူတဲ့အလှူပါလို့ လျှောက်ထားပြီး ဆွမ်း၊ ဆွမ်းဟင်းနဲ့ အဝတ်အစားတစ်စုံကို ပေးလှူလိုက်တယ်။

"နောက် ဦးမောင်ကြီးကို အမည်ခေါ်ပြီး အမျှအတန်း ပေးဝေလိုက်တယ်။

"အဲ- အဲဒီလို အမျှဝေပြီး၊ ဦးမောင်ကြီးရေ ညနေကျလဲ ခင်ဗျားကို ထမင်းနဲ့ဟင်းကို ကျွေးပါ့မယ်လို့ မှန်းပြီးပြောလိုက်ရော ဦးမောင်ကြီးက ချက်ချင်းပဲ မလှမြင့်ကိုပူးကပ်ပြီး--

"ငါ့ကို ကျွေးစရာ မလိုတော့ဘူး။ မင်းတို့လှူပြီး အမျှဝေတာ ငါ သာခုခေါ်ရလို့ အခုငါ့မှာ အမြဲဆာတာတွေ ပျောက်သွားပြီ။ မစားချင်တော့ဘူး။ မကျွေးကြနဲ့တော့။

"ငါ့ခန္ဓာကိုယ်လဲအခု အရောင် ပြောင်းသွားတယ်။ အရင်က မဲနက်နေရာက အခုတော့ အညိုရောင်ဖြစ်လာတယ်။ နောက်ပြီး ငါ့မှာ နေစရာလဲရပြီ။ ငါ သွားတော့မယ်"ဆိုပြီး ထွက်သွားသတဲ့။

(စံသိန်းရေး သာခုအကျိုး ဆောင်းပါးမှ။
ရတနာမွန်၊ ၁၉၉၂–ခု၊ ဧပြီလထုတ်)

"အင်းတော်သေးရဲ့၊ တော်သေးရဲ့။ ဟိုကလေး ဇနီးမောင်နှံက လုပ်ပေးလို့သာ။ ဦးမောင်ကြီးခမျာ ဘဝဆိုးကြီးက ကျွတ်သွားရှာတာ။ သူ့သမီးလိုသာဆိုရင် နောက်ထပ် ဘယ်လောက်ကြာအောင် ဒီပြိတ္တာဘဝဆိုးကြီးထဲမှာ နစ်မွန်းနေဦးမလဲ မသိဘူး"

"ဟုတ်တယ်၊ ဘကြီးခင်"

"အေး– မောင်တင်အောင်ပြောတဲ့ ဦးမောင်ကြီးက သမီးမလိမ္မာတာနဲ့တွေ့လို့ ဒုက္ခဆက်ရောက်ရမယ့်ဘဝက ကံကြီးသီလို့ လွတ်ကင်းသွားရှာတယ်။

"ဟို– စုဋ္ဌသောတ္တိပေတဝတ္ထုမှာလာတဲ့ ပြိတ္တာကြီးကျတော့ သူ့သမီးက သူ့အတွက်တော့ လှူပါတယ်။ ဒါပေမယ့်

အလှူခံတွေက ဟန်မကျလေတော့ သူ့ခမျာ အလှူအကျိုးကို မခံစားရရှာလေဘူး"

"ဒါကို ပြောပြပါလား ဘကြီးမောင်ခင်"

"အေး–အေး– ဘုတ်ဆုံ၊ ပြောမယ်"

"ဒီအကြောင်းက ဒီလိုပါ။ မင်းတို့ အဇာတသတ် မင်းတော့ သိပြီးသားပဲ။ ဒီအဇာတသတ်မင်းက ဒေဝဒတ်နဲ့ ပေါင်းပြီးတော့ အဖေ ဗိမ္ဗိသာရမင်းကြီးကို သတ်ထားတော့ သူ့မှာ မအိပ်နိုင်၊ မစားနိုင်နဲ့ ဆင်းရဲဒုက္ခကြီးကို ခံနေရတာကိုး။

"အဲလိုနဲ့ ညဥ့်တစ်ညဥ့်မှာပေါ့။ အိပ်လို့ မရအောင်ကို အဖေသတ်တဲ့ သောကဒဏ်က ပြင်းထန်နေတာနဲ့ ပြာသာဒ် အထက်မှာ တစ်ကိုယ်တည်း စင်္ကြံသွားနေတယ်။

"ဒီတုန်းမှာပဲ ခန္ဓာကိုယ်တစ်ခုလုံး အရိုးနဲ့အရေသာ ရှိပြီး ပိန်ချုံးနေတဲ့ ပြိတ္တာတစ်ကောင်က ကောင်းကင်မှာ သွားနေတာကို မင်းကြီးက မြင်လိုက်တော့––

"မြင်တော့ သူ့စိတ်ထဲမယ် ပြိတ္တာမှန်း မသိရှာဘူး။ ဟိုပြိတ္တာက ပိန်ကလဲပိန်၊ ခေါင်းကလဲ ပြောင်တလင်းမို့ ဒါ တိတ္ထိရဟန်း တစ်ပါးပါးပဲနေမှာပဲဆိုပြီး 'ကြွပါ ဘုရား'လို့ ပင့်လိုက်ရှာတယ်။

"အဲလို မင်းကြီးကပင့်လိုက်တော့ ပြိတ္တာကြီးက မင်းကြီး ဆီ လာတာပေါ့။ လာတော့ မင်းကြီးက––

"အရှင်ရဟန်းရယ်၊ ဘယ်ကြွမလို့တုန်း"

"ကျုပ်က ရဟန်းမဟုတ်ဘူး မင်းကြီး၊ ပြိတ္တာပါ။ အခု ဗာရာဏသီကို သွားမလို့။ ကျုပ်ရဲ့ သမီးက ကျုပ်အတွက် ရည်စူးပြီး အလှူလုပ်မလို့ဟာ ကျုပ်ကိုဖိတ်တယ်။ အဲဒါ သမီး ပေးဝေမယ့်အလှူကို ခံယူဖို့ သွားမလို့ပါ–လို့ ပြန်ပြောသတဲ့။

"ဒါဖြင့် အပြန်လဲဝင်ခဲ့ပါဦးလို့ မင်းကြီးက မှာတော့ 'ဝင်ခဲ့ပါ့မယ်'လို့ ပြိတ္တာကြီးက ပြောပြီး သူ့သမီးရှိရာဆီကို ဆက်လက်ထွက်ခွာသွားသတဲ့။

"ဒီလိုသွားပြီး ဒီပြိတ္တာကြီးဟာ အပြန်ကျတော့လဲ ဒီပုံစံအတိုင်းပဲ။ ခေါင်းကပြောင်ပြောင်၊ အရိုးပေါ်အရေတင် လျက်နဲ့ပဲတဲ့။

"အဲလိုပဲရှိသေးတော့ အဇာတသတ်မင်းက–

"နို့– သင့်ဟာက ဘယ်လိုဖြစ်တာလဲ။ သမီးပေးတဲ့ ကုသိုလ်ကို ရရဲ့သားနဲ့ ဒီအတိုင်းပဲပါလား"

"အေး– ဒီအတိုင်းပဲ။ ဟိုက ငါ့သမီး လှူတယ်ဆိုတာ က သီလမရှိတဲ့ အလှူခံတွေကိုပဲလှူတော့ သမီးလှူတဲ့အလှူရဲ့ အဖို့ဘာဂကို ငါဘယ်လိုရမှာလဲ၊ ဒါကြောင့်မို့လဲ ဒီအတိုင်း ပြန်လာရတာပေါ့လို့ ဖြေသတဲ့"

"နာလိုက်တာ အနာကြီးရယ်နော် ဘကြီးခင်"

"အေး– ဟုတ်ရဲ့ မောင်တင်အောင်၊ ဒါမို့လို့လဲ အလှူဘာလုပ်တော့မယ်ဆိုရင် အလှူခံကို ရွေးချယ်တတ်ဖို့ လိုတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဘကြီးခင်"

"အေး– ဒါနဲ့ အဇာတသတ်မင်းကြီးက ဒီပြိတ္တာကြီးကို သနားတာနဲ့ ဘုရားရှင်အမှူးပြုတဲ့ သံဃာကိုပင့်ပြီး အဲဒီပြိတ္တာကြီးအတွက် အလှူလုပ်၊ အမျှအတန်းဝေလိုက်မှ အလှူခံက မှန်လေတော့ အလှူရဲ့အကျိုးအာနိသင်ကို ပြိတ္တာကြီးမှာ အပြည့်အဝ ရရှိခံစားရပြီး အဲဒီပြိတ္တာဘဝဆိုးကြီးက ကျွတ်လွတ်သွားသတဲ့"

"အဲ– ဘကြီးမောင်ခင်။ တစ်ခု ကျွန်တော် စဉ်းစားမိတယ်ဗျာ"

"အင်း– ဆို ဖိုးထောင်။ မင်းက ဘယ်လိုဟာများ စဉ်းစားမိလို့လဲ"

"ဟို ဦးမောင်ကြီးသမီး အကြောင်းပါ။ မိဘများရဲ့ မေတ္တာဆိုတာ သားသမီးအပေါ်မှာ အလွန်ကြီးတာနော်။

"အဲ– တကယ်လို့ ဦးမောင်ကြီး နေရာမှာသာ သူ့သမီး ရှိနေတယ်ဆိုရင် ဦးမောင်ကြီး မနေဘူး။

"အဲ- ငါ့သမီးလေးရယ်၊ ဖြစ်မှဖြစ်ရလေ ဆိုပြီး ချက်ချင်း အလှူတွေလုပ်၊ အမျှအတန်းတွေ ဝေမှာ သေချာ တယ်နော်"

"ဟာ- ဟုတ်ပြီလား ဖိုးထောင်ရယ်၊ မိဘပဲဟာ။ အခုလို ကိုယ့်သားသမီး ဒုက္ခရောက်နေတာကို ကြည့်နေရက် မတဲ့လား"

"အစစ်ပဲ ကိုဖိုးထောင်။ မိဘသာဆို နေကိုမနေဘူး။ ဒီလို အသိဉာဏ်ရှိတဲ့ လူ့ဘဝမယ် မဆိုထားနဲ့။ ဟို တစ္ဆေ သရဲဘဝ ရောက်နေတာတောင် မနေဘူးဗျာ"

"ဘယ်လိုမို့လဲ မောင်တင်အောင်ရဲ့။ မင်းဟာက တို့လဲ ပြောပြစမ်းပါဦး"

"ဒါက ဒီလို ဘကြီးခင်။ ဟို ထီးချိုင့်ဘက်မှာ မုတ်ဝ ရွာဆိုတာရယ်၊ ကျွန်းပင်သာရွာ ဆိုတာရယ်လို့ ရွာနှစ်ရွာ ရှိတယ်။ အဲဒီ နှစ်ရွာမယ် ဦးမြလေးဆိုသူက မုတ်ဝရွာသား၊ မောင်သိန်းမောင်ဆိုသူက ကျွန်းပင်သာရွာသား။ အဲ- သူတို့ နှစ်ယောက်ဟာ ငယ်စဉ်က သူတို့အနားက တောမရွာ မြောက် ကျောင်းမှာ ပညာသင်ကြတယ်။ အတော်လဲ ခင်မင်ကြတယ်။

"အဲ- နောက် ကျောင်းထွက်ပြီးတဲ့ အခါကျတော့ အိမ်ထောင်ရက်သား ကျကြတာပေါ့။

"ကျတော့ မုတ်ဝရွာက ဦးမြလေးက ဒေါ်မဲဆိုသူနဲ့ အိမ်ထောင်ကျပြီး သူ့ရွာမှာနေတယ်။ ဟို ကိုသိန်းမောင်ကလဲ ဒေါ်လှဆိုတဲ့ အမျိုးသမီးနဲ့ အိမ်ထောင်ကျပြီး သူ့ကျွန်းပင်သာ ရွာမှာပဲ နေတယ်။ ဒီ ဦးသိန်းမောင်တို့မှာက အသားမဲလို့ မနက်လို့ အမည်ပေးထားတဲ့ သမီးလေးတစ်ယောက် ထွန်း ကားတယ်။

"အဲဒါနဲ့ ၁၃၀၄–ခုနှစ်၊ ၁၃၀၅–ခုနှစ် တစ်ဝိုက်မှာ ဂျပန်က မြန်မာနိုင်ငံအတွင်း ဝင်ရော။ ဝင်တော့ ဂျပန်တပ်တွေက ထီးချိုင့်နယ်ထဲ ရောက်ပေါ့။ ရောက်တော့ အင်္ဂလိပ်တပ်တွေနဲ့ အရောရော အနှောနှော တိုက်ကြခိုက်ကြပေါ့။

"ဒီမှာတင် ရွာသူရွာသားတွေဟာ ကိုယ့်အိုးကိုယ့်အိမ် တွေ စွန့်ပစ်ပြီး တောအုံချုံကြားတွေမှာ ပုန်းအောင်းနေကြ တာကိုး။

"ဒီအခါမယ် ဂျပန်စစ်သားတွေက ကျွန်းပင်သာ ရွာဘက် ရောက်လာတော့ ကိုသိန်းမောင်တို့ မိသားစုလဲ အများနဲ့အတူ ကျွန်းပင်သာချောင်းအပေါက်ဘက်မှာ ပုန်းအောင်း နေကြတာပေါ့။ ဒီတုန်းက မ,နက်လေးက (၁၄) နှစ်သမီး အရွယ်လေးရယ်တဲ့။

"အဲ– ဖြစ်ချင်တော့ အဲလို ပုန်းအောင်းနေတုန်းမှာပဲ မ,နက်လေးက ရေနစ်ပြီး ဆုံးပါလေရော။

"အဲလို ဆုံးသွားတော့ ကိုသိန်းမောင်ခမျာ ချုံးပွဲချ ငိုကြွေးရှာတယ်။ မလှက အမေဖြစ်ပေမယ့် ခံသာသေးသတဲ့။ ကိုသိန်းမောင်မှာတော့ မဖြေနိုင်လောက်အောင်ကို ရှိနေပြီး–

"အမယ်လေးဟဲ့၊ ငါပါ သေလိုက်ပါတော့။ ငါပါ သေလိုက်စမ်းဟဲ့ဆိုဆိုပြီး ချောင်းနက်ကြီးထဲ ခုန်ခုန်ဆင်းနေလို့ ဘေးကလူတွေက အတင်းဆွဲထားရသတဲ့။

"အဲလောက်ကို သူ့သမီးလေးကို ချစ်ရှာတာ။ နောက်လဲ တမှိုင်မှိုင်တတွေတွေ တငေးငေး တငိုင်ငိုင်နဲ့ သမီးလေးကို တမ်းတမ်းတတနဲ့ ပူဆွေးသောက ဖြစ်နေရှာသတဲ့။ နောက်တော့ မကြာပါဘူး၊ ကိုသိန်းမောင်ခမျာ မစားနိုင် မသောက်နိုင် ရှိနေရာကနေ သမီးနောက်ကို လိုက်သွားရှာတယ်။

"အဲလို ကိုသိန်းမောင်ပါဆုံးတော့ ဒေါ်လှလဲ တစ်ကိုယ်တည်းရယ်မို့ နောက်အိမ်ထောင် ပြုလိုက်ရှာတယ်။

"ဒီလိုနဲ့ နေလာခဲ့ရာမှ မြန်မာသက္ကရာဇ် ၁၃၁၀– ခုနှစ်၊ ခရစ်နှစ် ၁၉၄၈– ခုနှစ်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ရတယ်လေ"

"ဟုတ်ကဲ့၊ ၉၄၈–ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံ လွတ်လပ်ရေး ရတာပါ"

"ဟုတ်တယ် ကိုဖိုးထောင်၊ ဒီတုန်းက လွတ်လပ်ရေးရစမှာ ကွန်မြူနစ်တို့၊ ရဲဘော်ဖြူတို့၊ ဘာတို့နဲ့ ရောင်စုံသူပုန်တွေ ထ, မဟုတ်လား"

"ဟုတ်တယ်ဆရာလေးရဲ့။ တိုင်းပြည်က လွတ်လပ်ရေးရစမှာ ဆူပူသောင်းကျန်းမှုတွေ အလွန်များတာ။ အစိုးရတပ်တွေက မနည်းကြီးကို လိုက်နှိမ်နေရတာပဲ"

"ဟုတ်တယ် ဘကြီးခင်၊ အဲဒီတုန်းက တောသူတောင်သား တွေအဖို့ လယ်ယာကိုင်းကျွန်းကိုပင် ရဲရဲတင်းတင်း လုပ်နိုင်ကြတာမဟုတ်ဘူး။

"အဲ– ဒီတွင် ဦးမြလေးရဲ့လယ်က မုတ်ဝရွာဘက်မှာ မရှိဘဲ ဟိုး ကျွန်းပင်သာ ရွာဘက်မှာ ရှိတာကိုး။ ဒီနှစ်ရွာလဲ ၆–မိုင်လောက် ဝေးသတဲ့။ မုတ်ဝရွာက မဲဇာမြစ်ကမ်းမှာရှိပြီး၊ ကျွန်းပင်သာရွာက မင်းဝံတောင်ခြေမှာရှိတယ်။

"ဒီတော့ ဦးမြလေးဟာ ကျွန်းပင်သာရွာဘက်မှာရှိတဲ့ သူ့လယ်မြေကို ထွန်ယက်ပြီး ပျိုးခင်းကြဲကာ နွား၊ ကျွဲ မစားအောင် သွားပြီးခြံကာထားရတယ်။ နေ့တိုင်းလိုလိုပဲ သွားရဲသွားဝံ့တဲ့အချိန်အခါမှ မဟုတ်ဘဲကိုး။

"ဒီလိုနဲ့ တစ်နံနက်ခင်းမှာ သူ့ပျိုးခင်းကို ကျွဲတွေ ဝင်စားနေတယ်ဆိုတဲ့ သတင်းစကားကြားတာနဲ့ လယ်ခင်းရှိရာကို ထွက်လာခဲ့တယ်။ ရွာပြင်ရောက်လို့ အတန်ကြာမျှ

သွားမိပြီဆိုရင်ပဲ ကိုမြလေးနောက်က လူတစ်ယောက် လိုက်လာတဲ့ခြေသံကို ကြားရတာနဲ့ ဦးမြလေးက ရုတ်တရက် လှည့်ကြည့်လိုက်ရာ သူ့သူငယ်ချင်း ကိုသိန်းမောင်နဲ့ မျက်နှာချင်းဆိုင် တွေ့ရပါရော။

"အဲ– ကိုသိန်းမောင်သေတာက ကြာလှပြီမို့ ကိုမြလေး စိတ်မှာ ကိုသိန်းမောင်သေတာကို မထင်မှတ်နိုင်ဘဲ ရုတ်တရက် လဲ တွေ့ရတာမို့––

"ဟော့– သိန်းမောင်၊ မင်း ဘယ်ကလာလို့ ဘယ်သွားမှာလဲလို့ မေးလိုက်တယ်၊ ဒီတော့ ကိုသိန်းမောင်က–

"ဘယ်ကလာလို့ ဘယ်သွားမယ် မဟုတ်ဘူးကွ၊ မင့်ဆီ တမင်လိုက်လာတာ"

"နို့– ကိစ္စကကော"

"ကိစ္စကတော ငါ့သမီးလေး ကိစ္စပဲ"

"မင့်သမီးက ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"အေးကွာ၊ ငါ့သမီးလေးကိစ္စ ပြောရမှာတောင် ရှက်စရာကြီးရယ်။ ဟော– ဟော– မင်း နားထောင်ကြည့်၊ ဟောဟိုကိုင်းချုံထဲမှာ တရှုံရှုံနဲ့ တိုးနေတဲ့အသံကို မင်းကြားတယ် မဟုတ်လား။

"အေး– ကြားတယ်၊ ဟုတ်ပါရဲ့။ နို့–ဒါက ဘာသံလဲကွ"

"ဒါ- ငါ့သမီးလေး တိုးနေတဲ့အသံပဲပေါ့။ အဲဒါ ငါ့သမီးလေးမှာ ဝတ်စရာ အဝတ်မရှိရှာပါဘူး။ ကိုယ်လုံးတီး ဖြစ်နေလို့၊ အဲလို ကိုင်းချုံထဲတိုးပြီး ပုန်းနေရတာကွ။

"ပြီးတော့လဲ အစားအစာဆိုလို့ ဘာမှကို မစားရ ရှာဘူး။ သူ့ခမျာ ဆာလောင်မွတ်သိပ်လွန်းလို့ မျက်ရည်နဲ့ မျက်ခွက်ရယ်။

"အဲကွာ ငါ့သမီးလေး ဒီလိုဖြစ်နေတာ ငါ့မှာ မကြည့် ရက်နိုင်လွန်းလို့၊ မကြည့်ရက်နိုင်ပေမယ့် ငါလဲဘာမှကို မတတ်နိုင်ဘူး။

"အဲဒါမို့ မင်းဆီမှာ အကူအညီတောင်းချင်လို့ ငါ လိုက်လာတာပါကွာလို့ ကိုသိန်းမောင်က ပြောသတဲ့။

"နို့- ငါက ဘာကူညီရမှာလဲ"

"ငါ့သမီးလေးဆီ ထမင်းပို့ပေးပါ။

ပို့ပေးပါကွာ။ ငါ တောင်းပန်ပါတယ်။ ငါ့သမီးလေး ထမင်းမစားရလို့ အားကြီးကို ဆင်းရဲနေရှာပါတယ်။

"ခက်တယ် သိန်းမောင်၊ အခုလို ခေတ်ကြီးမယ် တောထဲကို ထမင်းမပို့ရဘူးလို့ ဆိုင်ရာက တားမြစ်ထားတယ်။

"ဟင်- ဒီလိုပဲ ပိတ်ထားလားကွ"

"အေး- ဟုတ်တယ်လေ။ ဒါကို မင်း မသိဘူးလား သိန်းမောင်"

"မသိဘူးကွ။ မသိဆို ငါက မင်းတို့နဲ့ ကင်းကွာနေတာကလဲကြာပြီ မဟုတ်လား။ မင်းတို့ဆီကလဲ တယ်ရှုပ်ပါလားကွာ"

"တို့ဆီရှုပ်တာက မင်းကပြောတာကိုး။ မင်းတို့ဆီမှာ ကကော"

"တို့ဆီမှာကတော့ အဲဒါမျိုးတွေ ရှင်းပါတယ်ကွာ"

"ရှင်းရင် မင်းတို့ဆီ ငါပါလိုက်ခဲ့ ချင်တယ်ကွာ။

"အလိုလေး၊ အလိုလေး။ မလိုက်ချင်နဲ့ သူငယ်ချင်း။ တို့ဆီက အရှုပ်ကတစ်မျိုးကြီးဟာကို၊ မင်းလိုက်ခဲ့ရင် မှားလိမ့်မယ်"

"နို့– ဒါဖြင့် မင်းတို့ဆီက အရှုပ်ဆိုတာက ဘယ်လိုဟာမို့လဲ"

"အဲကွယ်၊ တို့ဆီကအရှုပ်ကို အသာထား။ ငါ မင်းကိုမှာချင်တာက ငါ့မယား မယ်လှကိုပဲ။

"အဲ– သူကတော့ နောက်အိမ်ထောင်နဲ့ ပျော်လို့ပါးလို့ပဲ။ သူတို့အခု စံစားနေတာက ငါလုပ်ခဲ့တဲ့ စည်းစိမ်ပါကွာ။ ဒါ သူ တို့သားအဖကို သတိမရဘူး။ အခုဆို သမီးလေးဟာ အပျိုအရွယ်လေးရယ်။ ဒါနဲ့တောင် အဝတ်အစားမရှိဘဲ ကိုယ်လုံးတီးနေရလို့ လူမြင်သူမြင်တောင် မပြဲ့ဝံ့ဘူး။

အစားအစာလဲ မရရှာလို့ နေ့တိုင်းငိုကြွေးနေရတာ။ ဒါကို မြင်လျက် ငါ့မယ် ဘာမှမတတ်နိုင်ဘူး။

"ဒီတော့ မယ်လှကိုပြောပါ။ တို့ကို ရည်မှန်းပြီး အလှူလေးအတန်းလေး လုပ်ပေးပါဦးလို့ကွာ"

"အေး– အေး– ပြောပေးမယ်။ နို့– မင်းက ဘယ်မှာ နေလို့လဲ"

"ငါလား– ဟိုမှာပေါ့"

အဲလို ဦးသိန်းမောင်က ဟိုမှာပေါ့လို့ ညောင်ပင်ကြီး ကို လက်ညှိုးလဲထိုးပြပြီးရော နေရာကလဲ ပျောက်ကွယ် သွားတယ်ဆိုရင်ပဲ–

"ဟင်– ဒီကောင်သေတာကြာပြီပဲ။ ဒါငါ့ကို လာချောက် တာပဲလို့ ကိုမြလေး သတိရပြီး ကြက်သီးမွေးညင်းတွေ ထကာ အဲဒီနေရာမှာတွင် ပုံလျက်ကျပြီး မေ့မျောသွားသတဲ့။

"ဒါကို အနားက နွားကျောင်းသားတွေက မြင်တာနဲ့ ပြေးပွေ့ပြီး ဦးမြလေး အိမ်အရောက် ပို့ပေးကြတယ်။

"အဲ– အိမ်ကျတော့မှ ဗိန္ဒောဆရာတွေ၊ ပယောဂ ဆရာတွေနဲ့ ခေါ်ကုယူရတာကိုကပင် ၂–လလောက်ကြာသတဲ့။

"ရောဂါပျောက်တဲ့အခါကျမှ သူ့ကတိအတိုင်း ဒေါ်လှ ကို သွားပြောပြ။ ဒေါ်လှကလဲ တောမရွာကျောင်းဆရာတော်

ဦးသုဒ္ဓကိုပင့် ဆွမ်းကျွေး၊ လှူဒါန်း၊ နောက် ကိုသိန်းမောင်နဲ့ သမီးလေးကို အမျှအတန်း ပေးဝေလိုက်သတဲ့။

"အဲ- ဆန်းတာက အဲလိုလဲ အမျှပေးဝေပြီးရော ကိုသိန်းမောင်နေတယ်ဆိုတဲ့ ညောင်ပင်ကြီးဟာ တစ်ခုတစ်စ ခြောက်ကပ်သေဆုံးသွားတာ အခုထက်ထိတောင် ညောင်ပင် ခြောက်ကြီး ရှိသေးတယ်ဆိုပဲ ဘကြီးခင်။

(ထီးချိုင့်နတ်စိုး- တစ္ဆေနဲ့တွေ့ဆုံ ရတနာမွန်၊ ၉၃–ခုနှစ်၊ ဇန်နဝါရီလထုတ်)

"အဲလိုပဲ ကိုဖိုးထောင်ရေ့။ မိဘများကျတော့ သားသမီးတွေကို ချစ်လိုက်တာမှ ကမ်းကုန်ပဲ။ ဟိုတစ္ဆေဘဝ ရောက်တာတောင် သမီးလေးအတွက် ကုသိုလ်လုပ်ဖို့ အမျှ ဝေဖို့ကြိုးစားနေရသေးတာကိုပဲကြည့်"

"ဒါ မိဘမေတ္တာနော်။ ဘယ်အထိ ကြီးမားသလဲ ဆိုတာ ဘယ်လိုမေတ္တာတွေနဲ့ နှိုင်းခိုင်းမလဲ၊ မရဘူးဗျာ့။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ အတိုင်းအတာမဲ့ ကြီးမားတဲ့ မိဘတွေရဲ့ မေတ္တာကို မမေ့ကောင်းဘူး။ ဟုတ်ဘူးလား၊ ကိုဖိုးထောင်"

"ဟုတ်ကဲ့ ဆရာလေး၊ မမေ့အပ်ပါဘူး။ တစ်ရံတစ်ဆစ် မျှကို မမေ့ကောင်းပါဘူးဗျာ"

"အဲ- မောင်တင်အောင်နားဦး၊ ငါတစ်လှည့် ပြောဦးမယ်။ ဟို- အဲ- တို့ဘုရားရှင်ရဲ့ လက်ျာရံဖြစ်တဲ့ အရှင်သာရိပုတ္တရာတို့များ အခုဘဝမပြောနဲ့နော် ဟို(၅)ဘဝက မိခင်တော်စပ်ဖူးတဲ့ ပြိတ္တာမကြီး ကျွတ်လွတ်အောင်ဆိုပြီး ကုသိုလ်တွေလုပ်၊ အမျှအတန်းတွေဝေနဲ့ မိဘကျေးဇူးကို ဆပ်တော်မူခဲ့တယ်။

"ဘယ်လောက်များ အားကျကြည်ညိုစရာ ကောင်းသလဲဆို အရိယာ သူတော်ကောင်းများရဲ့ အလေ့အထနော်"

"ဟုတ်ကဲ့ ဘကြီးခင်"

"ဒါက ဒီလိုကွယ့်၊ အဲ- အရှင်သာရိပုတ္တရာရယ်၊ အရှင်အနုရုဒ္ဓါရယ်၊ အရှင်မောဂ္ဂလာန်ရယ်၊ အဲ- နောက် အရှင်မဟာကပ္ပိနရယ်။ အဲဒီမထေရ်လေးပါးဟာ ရာဇဂြိုဟ်နဲ့ မနီးမဝေး တောအုပ်မှာ သီတင်းသုံးနေကြတယ်။

"ဒီအခါမယ် ပြိတ္တာမတစ်ယောက်က အရှင်သာရိပုတ္တရာနဲ့တွေ့ချင်လို့ ကျောင်းထဲဝင်လာတယ်။ ကျောင်းတံခါးစောင့်နတ်က မဝင်ဖို့တားတော့--

"ဝင်ပါရစေ၊ ကျွန်ုပ်က ဟိုလွန်ခဲ့တဲ့ (၅) ဘဝက အရှင်သာရိပုတ္တရာရဲ့ အမေပါ၊ အခု မထေရ်ကို ဖူးချင်လို့ပါ၊ ဘာညာနဲ့ ပြောရော။ ပြောတော့ တံခါးစောင့်နတ်ကလဲ ဝင်ခွင့်ပြုလိုက်ပါတယ်"

"ဒီလိုဆို ကျွန်တော်တို့ခေတ်မှာ ဝင်ပူးကြတာလဲ ခြံစောင့်အိမ်စောင့်နတ်တွေကို ဘာတော်ပါတယ်၊ ညာတော်ပါ တယ်နဲ့ပြောပြီး ဝင်လာပြီး ပူးကြကပ်ကြတာနဲ့တူတယ်နော်"

"အဲ- ဖြစ်နိုင်တယ် ဖိုးထောင်၊ မင်းက ဒီလိုစကားကျ အကောက်လေးတွေတော့ မဆိုးဘူးကွ။

"အဲလို ပြိတ္တာမ ဝင်လာတော့ အရှင်သာရိပုတ္တရာက မေးတယ်။

"တစ်ကိုယ်လုံးမှာလဲ အဝတ်အစားလဲမရှိ၊ ပိန်ချုံး နေပြီး အကြောပြိုင်းပြိုင်းထနေတဲ့ ခန္ဓာကိုယ်ကြီးနဲ့ ဒီမှာ ဘာလို့ ရပ်လာတာလဲ"

"အရှင် (၅) ဘဝတုန်းက အရှင့်မယ်တော် ဖြစ်ခဲ့ဖူး ပါတယ်။ အခု ပြိတ္တာဘဝရောက်နေပြီး ဆာလွန်းလို့ လာတာပါ အရှင်ရယ်"

"တပည့်တော်မမှာ လူတွေစွန့်ပစ်ထားတဲ့ တံတွေးတွေ၊ နှပ်တွေ၊ သလိပ်တွေ၊ မီးရှို့သင်္ဂြိုဟ်ထားတဲ့ လူသေကောင်က ကျတဲ့ အဆီတွေရယ် သားဖွားသည်တို့ရဲ့ သွေးတွေရယ် အဲလိုဟာတွေကို ရှာဖွေစားသောက်နေရပါတယ်။

"အရှင်ဘုရား သာရိပုတ္တရာ၊ အရင်က အရှင့်မယ်တော် ဖြစ်ခဲ့ဖူးတဲ့ တပည့်တော်မမှာ မှီခိုအားထားရမယ့် သူလဲမရှိပါ။ နေစရာအိမ်လဲ မရှိပါဘုရား။ အခု တပည့်တော်မဟာ သုသာန် မြေပေါ်မှာတွင် အိပ်ရပါတယ် ဘုရား။

"ဒါကြောင့်မို့ အရှင်ဘုရားက တပည့်တော်မ ဒီဘဝဆိုးကြီးက လွတ်အောင် တပည့်တော်ကို ရည်မှန်းပြီး အလှူလုပ်အမျှဝေပေးပါ ဘုရား"

"အဲလို ပြိတ္တာမကြီးက လျှောက်တော့ တရားစစ်သူကြီးဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာဟာ ကျောင်းငယ်လေး ၄ လုံးရယ်၊ ထမင်းအဖျော်စတာတွေရယ်ကို စီမံပြီး ဟို(၅)ဘဝက တော်စပ်ခဲ့တဲ့ မိခင်ပြိတ္တာကြီးကို ရည်မှန်းပြီး လှူဒါန်းလိုက်ရော။

"အဲလိုလှူပြီး အမျှအတန်းဝေတာနဲ့ တစ်ပြိုင်နက် ပြိတ္တာမကြီးဟာ သာဓုခေါ်လိုက်ရတော့ တစ်ခါတည်းကို နတ်သမီးဖြစ်သွားရတယ်။

"မွန်မြတ်တဲ့ အစားအစာတွေကိုလဲ စားရ၊ ခန္ဓာကိုယ်ကလဲ သန့်သန့်ရှင်းရှင်းနဲ့ ဝတ်ထားတဲ့ အဝတ်အစားကလဲ ကာသိတိုင်းဖြစ် ပုဆိုးထက်တောင် ပိုကောင်း ပိုဆန်းကြယ်နေသေးတယ်တဲ့။

"အဲဒီလို နတ်သမီးဘဝ ရောက်သွားတော့ ဝမ်းသာလွန်းလို့ အရှင်မောဂ္ဂလာန်ထံ ချဉ်းကပ်သွားတယ်။ နတ်သမီးက–

"ဒီတော့ ရှင်မောဂ္ဂလာန်က အသင်နတ်သမီးက သောက်ရှူးကြယ်လိုပဲ။ အရပ် လေးမျက်နှာကို ထွန်းလင်းတောက်ပအောင် နှစ်လိုဖွယ် အဆင်းအရောင်နဲ့ပါကလား။ ဒါက ဘယ်လိုကုသိုလ်ထူးတွေ လုပ်ခဲ့လို့လဲ"

"ဒီလိုမေးတော့ နတ်သမီးက--

"အရှင်ဘုရား မောဂ္ဂလာန်ရယ်၊ အရင်တုန်းကတော့ အရှင်သာရိပုတ္တရာရဲ့ မယ်တော်ဖြစ်ဖူးတဲ့ ပြိတ္တာမကြီးပါ။

"အခုတော့ သားဖြစ်တဲ့ အရှင်သာရိပုတ္တရာက တပည့်တော်မအတွက် ရည်ညွှန်းပြီး အလှူလုပ် အမျှအတန်းဝေလို့ အခုလို ဘဝရောက်ခဲ့တာပါဘုရားလို့ အဲလို လျှောက်သတဲ့။ ဒါဟာ သားသမီးလိမ္မာလို့သာ ဟိုဒုက္ခရောက်နေတဲ့မိဘ ချမ်းသာရာ ရသွားတာပဲ မဟုတ်လား"

"ဟုတ်ကဲ့ ဘကြီးခင်၊ ရာသက်ပန် မှတ်ထားရမယ့် သင်ခန်းစာပါ ခင်ဗျား"

"အေး-ဟုတ်တယ် မောင်တင်အောင်"

"နို့- ဘကြီးဟာက အရှင်သာရိပုတ္တရာရဲ့ မယ်တော်တောင်ဖြစ်ခဲ့ဖူးသေးတာ။ ဘာလို့ ဒီလောက်အောက်ကျတဲ့ ပြိတ္တာဘဝရောက်သွားတာလဲ"

"ဒါက ဒီလိုဖိုးထောင်ရ။ ဒီပြိတ္တာမဘဝ မရောက်ခင်က သေဌေးကတော်မကြီးတဲ့။ သူ့ခင်ပွန်းယောကျ်ားက အလှူဝါသနာပါတယ်လေ။ တစ်နေ့တစ်နေ့မှာဆို လာသမျှ အလှူခံတွေကို ထမင်းတန် ထမင်း၊ ဟင်းတန်ဟင်းနဲ့ အိပ်ဖို့နေဖို့ နေရာကအစ လှူတန်းတာတဲ့။

"သူတို့အိမ်ဟာ အလှူခံတွေရဲ့ ဆိပ်ကမ်းကြီးလို ဖြစ်နေတာတဲ့။ အဲဒါ သူ့ယောကျ်ား သေဆွေးက တစ်နေ့တော့ ခရီးသွားစရာရှိတာနဲ့ သူ့ကို မှာထားခဲ့တယ်လေ။ သူမရှိခိုက် သူ့လိုပဲ လှူပါတန်းပါလို့။

"အဲ– သူကလဲ ကောင်းပါပြီ၊ ဘာရယ်ဲ ညာရယ်နဲ့ ပေါ့ကွာ။ ကတိဝန်ခံတွေ ဘာတွေပေးပြီး ဟိုက ခရီးသွားတော့ အိမ်ကိုလာသမျှ အလှူခံတွေထဲက ခရီးသွားဧည့်သည်ဆို အိမ်နောက်ဖေးက ဇရပ်အိုကြီးဆီပို့၊ စားဖို့သောက်ဖို့ အလှူခံတွေဆို နင်တို့ကျင်ကြီးစား၊ ကျင်ငယ်တွေသောက်ဟဲ့၊ သွေးပုပ်တွေ စားဟဲ့ သောက်ဟဲ့နဲ့ စသဖြင့် ရွံစရာကောင်းတာတွေကို ဖော်ဖော်ပြီး စားခိုင်းသတဲ့။ ဆဲလိုက် ဆိုလိုက်တာကလဲ မိုးမွှန်နေတာတဲ့။ အဲဒီဝစီကံ အပြစ်ကြောင့်ပဲ သူသေတော့ အခုလို ပြိတ္တာမကြီးဘဝရောက်ပြီး အရင်က သူပြောခဲ့တာတွေ ရှာစားနေရတာပဲ"

"အင်း– တွေးကြည့်ရင် ကြက်သီးမွေးညင်းတွေ တစ်ထောင်ထောင်ထပြီး ကြောက်စရာပါလား ဘကြီးမောင်ခင်"

"ဟုတ်တယ်ဖိုးထောင်။ ဒါ ဝစီကံ အပြစ်ကြီးနော်။ သတိထားပြီး ကြပ်ကြပ်ရှောင်နိုင်မှ တော်ရာကျမယ်ခင်ဗျ"

"ဒီလို ဘကြီးခင်ရဲ့။ အခု ဘကြီးတို့၊ ဆရာလေးတို့ ပြောတာတွေကို ကြားရတော့ သေပြီးပြိတ္တာဘဝ ရောက်သူတွေ အတွက် ကောင်းမှုလုပ်ပေးရတာ ဝမ်းသာစရာကြီးပဲနော်"

"ဒါပေါ့ ကိုဖိုးထောင်။ သိပ်ကို အရသာရှိတာပဲ။ ဒါတောင် လုပ်ပေးပြီး သူတို့ဘယ်လိုဖြစ်တယ်ဆိုတာ သိရတာ မဟုတ်ဘူး။ သိများသိရရင်တော့လား ပိုပြီးကြည်နူးနှစ်သိမ့်ရမှာနော်"

"ဟုတ်ပါ့ မောင်ဖိုးထောင်ရယ်။ ဟို– ပြိတ္တာတွေက အဝတ်မရှိရင် အဝတ်လှူပေးလိုက်၊ နေစရာမရှိ နေစရာ၊ စားစရာမရှိ စားစရာနဲ့။ ဒါဟာ ပေးကမ်းခြင်း တစ်မျိုးပဲပေါ့။

"အဲဒါကလဲ ပရဒတ္တူပဇီဝိက ပြိတ္တာခေါ်တဲ့ သူတစ်ပါး ပေးစာကမ်းစာကို မှီခိုစားသောက်ရတဲ့ ပြိတ္တာမျိုးမှရတာကိုး။ အဲ– ဒီပရဒတ္တူပဇီဝိက ပြိတ္တာမျိုးဆိုတာက အခုလို ကိုယ်က ကောင်းမှုပြုပေး၊ သူတို့ကို အမျှဝေပေးလို့ သူတို့သာဓုခေါ်တာနဲ့ ကို ချို့တဲ့တဲ့ အရာဟူသမျှ သူတို့မှာ ပြည့်သွားတာ။

"အဲ– သေသူက ပြိတ္တာဘဝကို ရောက်ပေမယ့် ခုပ္ပိပါသိကပြိတ္တာခေါ်တဲ့ သိပ်ကိုထမင်းငတ်၊ ရေငတ်ခြင်းဖြင့် နှိပ်စက်ခံနေရတဲ့ ပြိတ္တာတို့၊ နိဇ္ဈာမတဏှိက ပြိတ္တာခေါ် တစ်ကိုယ်လုံး အမြဲမီးလောင်ခံနေရတဲ့ ပြိတ္တာမျိုးနဲ့ ကာလကိဉ္စိက ပြိတ္တာခေါ်တဲ့ အသူရကာယ်ပြိတ္တာမျိုးတွေကျတော့ အခုလို အမျှအတန်းဝေပေမယ့် ကောင်းမှုအကျိုးကို ခံစားရတာ မဟုတ်ဘူးကွယ့်။

"ဒါကြောင့်မို့ နိယတဗျာဒိတ် ခံယူပြီးတဲ့ ဘုရားအလောင်းတော်များကျတော့ ဒီရုပ္ပါသီကတို့၊ နိရှာမတဏှိကတို့၊ ကာလကိဉ္စက ပြိတ္တာမျိုးတို့မှာ မဖြစ်ဘူးတဲ့။ အဲ-ပရဒတ္တူပဇီဝိက ပြိတ္တာမျိုးသာ ဖြစ်နိုင်သတဲ့"

"ဒါဆို အခုပြောနေတာတွေက ပရဒတ္တူပဇီဝိက ပြိတ္တာအမျိုးဝင်တွေပေါ့နော်"

"ဟုတ်တယ် ဆရာလေး ကိုတင်အောင်"

"ကျွန်တော် မှတ်ထားတာရှိသေးတယ် ဘကြီးခင်။ ဒါက သူ့ကိုမဖိတ်လို့ သာဓုမခေါ်ရတဲ့ မိခင်ကြီး အဖြစ်ပါပဲ"

"ဆိုပါဦး မင့်ဇာတ်လမ်းက"

"အဲ- ဒါက ဟိုဝက်လက်နယ်ဘက်က ထိန်ကန်ရွာကပါ။ အမေဖြစ်သူက ဒေါ်အုန်းတင်တဲ့။ သေတာ ၁၅-နှစ်လောက်ရှိပြီ။ သားသမီးသံယောဇဉ်နဲ့မို့ တစ္ဆေဘဝ ရောက်ရတာကိုး။

"အဲဒါ သူ့သား 'ချစ်ရန်' က အလှူကြီးပေးတာတောင် သူ့ကို မဖိတ်မကြား၊ အမျှမဝေလို့ ဝင်ပူးပြောတာ ဘကြီးခင်"

"နို့- ဘာတွေပြောလဲ"

"ဒီတစ္ဆေဒေါ်အုန်းတင် ပူးကပ်တာက ဒုတိယတန်းကျောင်းသူလေးကို၊ အဲ-ဒါနဲ့ ဒီကျောင်းသူလေးက--

"သားကြီးရယ် ရက်စက်လိုက်တာ။ မင်းအလှူကြီး၊ အတန်းကြီးပေးတာတောင် အမေ့ကိုမဖိတ်ဘူး။ အမျှအတန်း လေးတောင် မဝေဘူး–လို့ လူကြီးတွေလိုပဲ ပြောသတဲ့"

"နို့– ဘုန်းကြီးတွေ ရေစက်ချတော့ ဤကောင်းမှု အဖို့ဘာဂကို အမိအဖ ဆရာသမားကို အစထား၍နဲ့ ပါသားပဲဥစ္စာ ဆရာလေးနယ်"

"ဟဲ့ဖိုးထောင်ရဲ့၊ အဲ ဒိုတော့ ပါတာချည်းပဲပေါ့ဟာ။ အခုဟာက သူ့နာမည်ကို တိုက်ရိုက်ခေါ်ပြီး အမျှအတန်း ဝေစေချင်လို့ဟာပဲ။ ဒါမှလဲတန်းပြီးရမှာကိုးကွ။ ဟို ဗိမ္ဗိသာရတို့ ကျောင်းကြီးဆောက်ပြီး အမျှဝေတော့လဲ ဒီလိုပဲသူ့ဆွေမျိုး ပြိတ္တာတွေက အမျှမရရှာကြဘူး။ ဒါနဲ့ ညဘက်မှာ ကြောက်စရာ အသံကြီးတွေပေးပြီး လှန့်ယူရတယ်။ ဒါနဲ့ မင်းကြီးကို ဘုရား ရှင်က အမိန့်တော်ရှိ မဟုတ်လား။

"သင်မင်းကြီးရဲ့ ပြိတ္တာဆွေမျိုးတွေက သူတို့ကို ရည်ညွှန်းပြီး အမျှမဝေလို့ သာခုမခေါ်ကြရလို့ မကျွတ်သေးလို့ မင်းကြီးကို ချောက်လှန့်တာလို့။ ဒီတော့မှ မင်းကြီးက အလှူကြီး ထပ်လုပ်ပြီး ––

"ဣဒံ မေ ဉာတီနံ ဟောတု

"ဤအလှူဟာ အကျွန်ုပ်ရဲ့ ဆွေမျိုးဟောင်း ပြိတ္တာတွေ အတွက် ဖြစ်ပါစေလို့ အမျှဝေလိုက်မှ ဟိုဗုဒ္ဓနှ ရခေတ်ပတ်လုံး

မင်းကြီးအလှူပေးရင် သာခုခေါ်မယ်၊ သာခုခေါ်မယ်၊ သာခုခေါ်မယ်နဲ့ မျှော်လင့်လာတဲ့ ပြိတ္တာတွေ ကျွတ်ကုန်ရတာ။ အဲ-အခုလဲ ဒီလိုနေမှာပေါ့"

"အဲ- ဟုတ်ပြီ ဘကြီးခင်၊ ဒါမို့နဲ့တူတယ်။ အခုလဲပဲ သားကြီးရယ် မင်းအလှူပေးမှာကို ကြားရကတည်းကကို အမေဟာ ရွာစပ်နားကို တဖြည်းဖြည်းချင်း တိုးတိုးလာရတာလို့ ပြောရှာတယ်။

"ဒီတော့ ချစ်ရန်က အမေသေတာ ၁၅-နှစ်ရှိတော့ ကောင်းရာရောက်နေပြီထင်လို့ပါ။ နောက်ပြီး အမေ ဘယ်မှာ နေတယ်ဆိုတာကိုလဲ သားမသိလို့ပါဟုပြောတော့ အမေနေတာ က အမေတို့တောက မန်ကျည်းပင်ကြီးမှာ။ အဲဒါတောသွား တောလာတွေက သူတို့အချင်းချင်း 'ဟော့- ချစ်ရန်က အလှူ ပေးတော့မလို့ ရက်တောင်သတ်ပြီးပြီ၊ တပို့တွဲလဆန်း (၅) ရက်နေ့တဲ့' လို့ ပြောကြတာကို အမေကြားလို့ သိရတာ။ သိရင်ပဲ အမေက မင်း ဖိတ်နိုး၊ ဖိတ်နိုး၊ အမျှဝေနိုးနဲ့ စောင့်ခဲ့ရတာပါကွယ်၊ အီး-ဟီး-အီး-ဟီးနဲ့ ငိုရှာတယ်တဲ့။

"ဒါနဲ့သူ့သားချစ်ရန်က ဘာလုပ်ပေးရမလဲ ပြောပါ အမေရယ်ဆိုတော့ သင်္ကန်းဒွိစုံနဲ့ ဆွမ်း၊ ဆွမ်းဟင်းတို့ကို အမေ့အတွက် ရည်ညွှန်းပြီး လှူပေးပါသားရယ်။ အမေ့ကို ဖိတ်ရင် အမေနဲ့အတူနေတဲ့ တစ္ဆေတွေကိုပါ လာဖိတ်ပါ။

နောက် အမေနဲ့အတူနေတဲ့ မိတ်ဆွေတစ္ဆေတွေလဲ အမေနဲ့အတူ ရွာထဲဝင်ခွင့်ပြုဖို့ ရွာစောင့်နတ်ကို တောင်းပန်ပေးပါ။ သူတို့ ကိုလဲအမေနဲ့အတူ ကျွတ်စေချင်လို့ပါ သားရယ်ဆိုပြီး ထွက်သွားသတဲ့၊

"အဲဒါနဲ့ ချစ်ရန်ကလဲ သူ့အမေ မှာသလို လုပ်ပေးရှာ ပါတယ်။

(ခင်လေး-ဝက်လက် အမျှပေးစေလိုပါသည်။
(၁၉၉၂-ခု၊ စက်တင်ဘာလထုတ်၊ ရတနာမွန်မဂ္ဂဇင်း)

"ဒါပဲကြည့်၊ အဲဒီတော့ သူတို့ခမျာ ဘယ်လောက်များ ဆင်းရဲကြပ်တည်းနေသလဲဆိုတာ "

"ဟုတ်တယ် ဘကြီးခင်ရဲ့၊ ကျွန်တော့်မိတ်ဆွေ စာရေး ဆရာ တစ်ယောက်ရေးဖူးတယ်။ ဒါက ဟိုကညွတ်ကွင်းဘက် ကပဲ။ အဲ- သူက မြိုင်ကလေးရွာ အလယ်တန်းကျောင်းမှာ ဆရာလုပ်စဉ်က အတွေ့အကြုံပဲ။ ဒီတုန်းက သူ့အတန်းက သူ့တပည့်ကြာညွန့်ဆိုတဲ့ ကလေးဟာ ညနေကျောင်းဆင်း ချိန်မှာ ကျွဲကျောင်းရင်း ကျွဲခတ်လို့ သေပါရော။

"အဲဒါ ချောက်လိုက်တာမှ ကန်းကိုကုန်ရော။ ဟိုနား ချောက်လိုက်၊ ဒီနားလှန့်လိုက်နဲ့ တစ်ရွာလုံးက ကြာညွန့် ချောက်တယ်၊ ချောက်တယ်နဲ့ကို ပြောယူရတယ်။

"နို့ပေမယ့် သူက မယုံဘူး။ ဒီလိုနဲ့ ကြာညွန့်အတွက် ရက်လည်ဆွမ်းကျွေးတဲ့နေ့မှာ သူတို့ကျောင်းက ဆရာ၊ ဆရာမအားလုံး သွားကြတယ်။

"အဲ– ဆွမ်းကျွေးအိမ်မှာ မန္တလေးက အလည်ရောက်လာတဲ့ ကြာညွန့်အဒေါ်ဆိုသူလဲ ပါတယ်။ အဲဒီ ကြာညွန့်အဒေါ်ဟာ လူအုပ်ထဲမှာ ထိုင်နေရင်းက မူးသလိုလို မော်သလိုလို ဖြစ်ပြီး လဲကျသွားရော။ လဲကျသွားတော့ ဘေးကလူတွေက ဝိုင်းဝန်းထူပေးလိုက်ရင်ပဲ ကြာညွန့်ဝင်ပူးမှန်း သိရတယ်။

"သူကြာညွန့်ဖြစ်တယ်။ ဒီအိမ်က မသွားချင်ဘူး။ ဘာဘူးနဲ့ ပြောရော။ ပြောတော့ သူလဲမယုံတာနဲ့ ဝင်စမ်းကြည့်တယ်တဲ့"

"ဟော့– ကြာညွန့်ဆိုရင် ငါ့သိလား"

"သိတာပေါ့ ဆရာက ကျွန်တော့်အတန်းပိုင်ဆရာပဲဟာ"

"နို့ – ဟိုက ဆရာတွေကော"

"သူတို့လဲ သိပါတယ်။ ဟိုဟာက ဘယ်သူဘယ်ဝါနဲ့ ပြောရုံတင်မက သူက ဘောလုံးကန်ကောင်းလို့ ကျောင်းအုပ်ကြီးက ချီးကျူးကြောင်းကိုပါ အဲဒီအဒေါ်ဆိုသူက ပြောသတဲ့။ ဒါနဲ့သူက မြိုင်ကလေးရွာနဲ့ သုံးမိုင်ခန့်ဝေးတဲ့ ကျော်လှကြီး

ရှာက ကြာညွန့်သူငယ်ချင်းဖြစ်သူ ကျောင်းသားတစ်ယောက်လဲ ထိုင်နေတာမို့--

"မင်း- ကြာညွန့်ဆိုရင် သူ့ကိုသိလားလို့ အဲဒီကျောင်းသားကို လက်ညှိုးထိုးပြတော့--

"ဒါ ကျွန်တော့်သူငယ်ချင်း သိန်းတန်ပေါ့။ သူငယ်ချင်းရယ် မင်းတို့သိပ်စိမ်းကားတယ်၊ ကျောင်းကို ငါလာတိုင်းငါက နှုတ်ဆက်တယ်။ မင်းတို့က အရေးမစိုက်ကြဘူး။ ဆရာဆရာမတွေကလဲ ဒီလိုပဲ။ ငါ့ကို ပစ်ထားကြတယ်။ ငါလေဝမ်းနည်းလွန်းလို့ အိမ်ကိုပဲပြန်လာခဲ့ရတယ်နဲ့ ပြောပြောပြီးငိုသတဲ့ ဘကြီးခင်"

"အင်း- သနားစရာပဲကိုး"

"အဲလိုနဲ့ တစ်နေ့မှာ ဒီဆရာက ရှာထဲက အိမ်တစ်အိမ်မှာ အိမ်သားတွေနဲ့ စကားစမြည်ပြောနေတုန်း အိမ်ရှင်သားကို ကြာညွန့်ဝင်ပူးပြီး-

"ကျွန်တော့်မှာ အင်္ကျီဝတ်စရာ မရှိဘူးဆရာရယ်၊ ကျွဲခတ်ခံရတုန်းက အင်္ကျီကိုချွတ်ပြီး ဗိုက်ကဒဏ်ရာကို ပိတ်ဆို့လို့ပါ။ အဲဒါ ကျွန်တော့်အတွက် ဆရာက အင်္ကျီတစ်ထည်လှူပြီး အမျှဝေပေးပါလို့ ပြောလာရော။ ဒါနဲ့ဆရာက--

"နို့- အခု မင်းဘယ်မှာနေလဲ"

"ရွာမြောက်ဘက်က သချိုင်းမှာပဲ အဖော်တွေနဲ့ နေတယ် ဆရာ"

"ဘာလို့ ရွာထဲမှာ မနေတာလဲ"

"ရွာစောင့်နတ်က နှင်လို့ပါ။ အခုလဲ အဖော်နှစ်ယောက် ပါလာပါတယ်။ သူတို့ကို ရွာနတ်က ခွင့်ပြုပေမယ့် ခြံစောင့်နတ်က ဝင်ခွင့်မပြုတာနဲ့ အပြင်ကစောင့်နေကြတယ်"

"အံမယ်၊ သူတို့လဲ တို့လိုပါပဲလား။ အဖော်တွေ သဟဲတွေနဲ့ဟာကိုး။ နောက်ပြီး အဆင့်ဆင့် ခွင့်ပန်နေရတာ တို့ဟာ"

"ဒီကောင် ဖိုးထောင် စကားကျကောက်ရှောမယ်"

"နို့– မဟုတ်လို့လား ဘကြီးမောင်ခင်ရ"

"တော်ပါကွာ၊ ပြောပါ ဆရာလေး"

"ဟုတ်ကဲ့ ဘကြီးခင်။ အဲ– အဲလိုပြောပြီး ထွက်သွားရာတယ်။ ဒါနဲ့ဟိုဆရာက ဟုတ်လိုဟုတ်ညားဆိုပြီး အဲဒီရွာထဲက အဘိုးတစ်ယောက်ကိုပဲ ကြာညွန့်ကို ရည်စူးပြီး အကျီတစ်ထည် လှူလိုက်တယ်။ ကြာညွန့်ကို အမျှလဲဝေပါတယ်။

"ဒီလိုနဲ့ တစ်လလောက်ကြာတော့ ရွာထဲက လက်ဖက်ရည်သောက်ဖိတ်လို့ ဆရာကသွားသောက်တယ်တဲ့။ ဒီတွင် အသက် ၁၆–နှစ်အရွယ်ရှိတဲ့ အိမ်ရှင့်သမီးလေးကို ကြာညွန့် ဝင်ကပ်ပြီး ––

"အခု ဆရာနဲ့လူကြီးတွေကို လာနှုတ်ဆက်တာပါ။ ကျွန်တော်ဒီမှာ မနေရတော့ဘူး ဆရာ။ အထက်က ဒေသတစ်ခုကိုပြောင်းဖို့ အမိန့်ပေးထားပါတယ်။

"ဆရာက ကျွန်တော့်အတွက် အကျိုးပေးတာကိုလဲ ကျွန်တော်ရပါတယ်"

"မင်း အခုဘဝမှာ ပျော်လားကွ"

"ဟုတ်ကဲ့၊ ပျော်ပါတယ် ဆရာ"

"အေးကွာ မင်းနဲ့တိုက်ဆိုင်တုန်း ဆရာငယ်စဉ်ကစပြီး ပြုခဲ့ဖူးသော ကုသိုလ်အဖို့ကို အမျှပေးဝေပါတယ်။ မင်း– ဒါ သာဓုခေါ်ပါကွာ။ အမျှ–အမျှ–အမျှလို့လဲ ပေးဝေရော ကြာညွန့်လဲ ထွက်သွားသတဲ့။ ဒီနောက် ခုထက်ထိ ကြာညွန့် ဝင်ပူးတယ်လို့ကို မကြားရတော့ဘူးတဲ့။

(ဆရာတင်စိန်–ကညွတ်ကွင်း၊
ကျေ့ကောက်နေသော အလင်းတန်းတစ်ခု။
၁၉၉၄–ခု၊ စန်နဝါရီလထုတ်၊ ရတနာမွန်မဂ္ဂဇင်းမှ)

"အင်း– သူလဲ ကျွတ်သွားမှာကိုးနော်"

"နို့– ဆရာလေးဟာက ဟိုပေတဝတ္ထုက အဘိဓမ္မာနပေတဝတ္ထုလိုပါပဲကလား"

"ပြောပါဦး ဘကြီးခင်၊ ဘုရားဟောဆိုတော့ ပိုပြီး ခိုင်တာပေါ့"

"ဒီလိုကွ။ ဗာရာဏသီမြို့ အနောက်ဘက်က ဂင်္ဂါမြစ်ကမ်းဘက်မှာ စုန္ဒဋ္ဌိလဆိုတဲ့ ရွာရှိတယ်။ အဲဒီရွာသား မုဆိုးတစ်ယောက်ဟာ တစ်နေ့တစ်နေ့ သူတောထဲကရတဲ့အမဲကို သူလဲ ကင်စားတယ်။ ပိုတာတွေကိုလဲ ဖက်နဲ့ထုပ်ပြီး ရွာကို ယူလာ။ သူ့ဆီတောင်းတဲ့ ကလေးတွေကို အနှမြောမရှိ ပေးတယ်တဲ့။

"အဲ- အမဲမရတဲ့အခါကျတော့လဲ ငှပန်းတွေကို ခူး။ သူလဲခေါင်းမှာ ဝေနေအောင်ပန်၊ တောင်းတဲ့ကလေးတွေကိုလဲ ပေးနဲ့တဲ့။ ဒါလိုနေလာရင်း တစ်နေ့မှာ ဒီမုဆိုးသေပြီး ပြိတ္တာကြီး ဖြစ်ကရော"

"အကုသိုလ်များ ကြောက်စရာပါကလား ဘကြီးခင်"

"အေး- ဟုတ်ပ မဘုတ်ဆုံ။ အခုကြည့် လက်တွေ့ရယ်။ အဲ- အဲလို ပြိတ္တာဖြစ်တော့ စားစရာလဲ မရှိ၊ ရုပ်အဆင်းကလဲ ကြောက်စရာ။ ဒီကြားထဲ အဆိုးဆုံးက ဝတ်စရာမရှိလို့ ကိုယ်လုံးတီးကြီးတဲ့။ အဲ- ခေါင်းမှာတော့ ငှပန်းစည်းလေး ပန်ထားသတဲ့။

"အဲလို ဆင်းရဲနေတော့ စုန္ဒဋ္ဌိလရွာက သူ့ဆွေမျိုးတွေကို အမှတ်ရလာတယ်လေ။ သူ့အဖို့ တစ်ခုခုစားရမယ် အထင်နဲ့။ အဲလိုထင်တော့ ဂင်္ဂါမြစ်ရေပေါ်ကပဲ ရေဆန်ကို ဆန်တက်ပြီး သွားရှာတယ်။ နို့ပေမယ့် ရေပဲဘာ ကွဲမသွားဘူးတဲ့။

"ဒီအခါမှာတွင် ဗိမ္ဗိသာရရဲ့အမတ်ချုပ်ကြီးဖြစ်တဲ့ ကောလိယက သူ့ပုန်သူကန်တွေကို နှိမ်နင်းပြီး ပြန်လာတယ်။ သူ့တပ်က ကုန်းလမ်းက၊ အမတ်ချုပ်ကြီးက လှေနဲ့ ဂင်္ဂါမြစ်တွင်းက ရေစုန်မျောပြီးလာတာကိုး။ ဒီတွင် ဟို ပြိတ္တာနဲ့ တိုးရော၊ တိုးတော့ အမတ်ချုပ်ကြီးက--

"အလို ဟိုမှာရေပေါ်သွားတာတောင် ရေဟာမကွဲ မပျက်ဘူး။ ဒါနဲ့တောင် ကိုယ်လုံးတီးကြီးနဲ့ပါလား"

"အခု ဒါ ဘယ်ကိုသွားမှာမို့လဲ-လို့ မေးတယ်။

"စုန္နဋ္ဌိလရွာ သွားမလို့ပါ"

"ကဲ- ကဲ- ဒီလိုဆိုရင် ရွှေရောင်အဆင်းရှိတဲ့ အဝတ်တစ်စုံ ပေးမယ်။ အစားအစာလဲ ကျွေးမယ်လို့ပြောပြီး အမတ်ချုပ်ကြီးတို့များ ဒါမျိုးတွေ ကျွမ်းကျင်နံ့စပ်နေတော့ ဟိုပြိတ္တာကို ပေးပုံလေးကြည့်"

"နို့- ဘယ်လိုလုပ်ပေးလဲ ဘကြီးခင်။ ရော့- လို့ ပစ်ပေးလိုက်လို့လား"

"သယ်- ဒီဖိုးထောင် ဘယ်ကလာ ဟုတ်ရမှာလဲ။ သူ့ လှေပေါ်ပါလာတဲ့ သီလရှိတဲ့ဆတ္တာသည် (ခေါင်ရိတ်သမား) ကြီးကိုပဲ ပြိတ္တာကြီးကို ရည်ညွှန်းပြီး လှူလိုက်တာပေါ့"

"အဲလိုလဲ အမတ်ချုပ်ကြီးကလှူပြီး အမျှအတန်းလဲ ဝေလိုက်ရော ဟိုပြိတ္တာကြီးမှာ ရွှေရောင်အဆင်းရှိတဲ့ ပုဆိုးအစုံကို

ဝတ်ဆင်ပြီး ဖြစ်နေသတဲ့။ အဲ- ဘယ်လောက်များ ကံဟာ ဆန်းသလဲဆိုတာ ဒါပဲကြည့်တော့။

"အဲဒီနောက် အမတ်ချုပ်ကြီးဟာ ဗာရာဏသီ ဂင်္ဂါ မြစ်ကမ်းနားမှာတွင် ဘုရားနဲ့ ရဟန်းသံဃာတော်တွေကို မဏ္ဍပ် ကန္နားကြီးထိုးကာ ဆွမ်းကျွေးလှူဒါန်းသေးတယ်။

"ဆွမ်းစားပြီးတဲ့အခါ ဗုဒ္ဓဘုရားရှင်က အနီးအနားက ရွာသူရွာသားတွေပါ စုရုံးလာအောင် စိတ်တော်နဲ့ အဓိဋ္ဌာန် လိုက်တော့ အားလုံးလိုလို လာကြပါတယ်။ နောက် ဘုရားရှင်က အမတ်ကြီးနဲ့တကွ လူပရိသတ်အပေါင်းက ပြိတ္တာတွေကိုပါ မြင်နိုင်အောင်လဲ အဓိဋ္ဌာန်လိုက်သတဲ့။

"ဒီအခါမယ် လူတွေက ပြိတ္တာမျိုးစုံကို မြင်ရတာပေါ့။ အဲ- လာလိုက်တဲ့ ပြိတ္တာတွေ အစုံပါပဲ။ အချို့ ပြိတ္တာတွေက အဝတ်အစား အစုတ်အပြတ်နဲ့။ အချို့က အရက်လုံအောင် သူ့ဆံပင်နဲ့ သူပြန်ဖုံးလို့။ အချို့ကျတော့လဲ အဝတ်အစားကို မရှိဘူး။ ကိုယ်လုံးတီးကြီးနဲ့။ အဲ- အချို့ ပြိတ္တာကျတော့ အရိုး ချည်းပဲ။ အချို့က အရိုးနဲ့အရေပဲ ရှိကြသတဲ့။ တစ်ခါ ဟိုး မိုင်ပေါင်းများစွာဝေးတဲ့ဆီအထိ အစာရှာနေတဲ့ ပြိတ္တာတွေလဲ မြင်တယ်။ အစာမရလို့ မောကြီးပန်းကြီးနဲ့ ပြန်လာပုံ။ အချို့ ဆာလွန်းလို့ ချာလပတ်ရမ်းပြီး ခွေကျနေပုံ။ အချို့လဲ နေပူ ကျဲတဲထဲမှာ အစားအစာ မစားရဘဲ ဆင်းရဲခံနေပုံ။

"ဟော– အချို့ကျတော့လဲ သွေးပုပ်၊ ပြည်ပုပ်တွေ စားပုံ၊ ကိုယ်ဝန် အညစ်အကြေးတွေ၊ အကောင်ပုပ်တွေ၊ ကလေး အချင်းတွေ စားနေပုံနဲ့ အမယ့်ကို စုံလို့တဲ့လေ။ ဒါ– တို့ဘုရား ရှင်က ဒီပြိတ္တာတွေကို မြင်ရသူများ သတိသံဝေဂရကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြတော်မူလိုက်တာပါပဲ ဆရာလေး မောင် တင်အောင်"

"ဟုတ်ပါရဲ့ ဘကြီးခင်ရ။ တကယ့်ကိုမှ သံဝေဂ ဖြစ်စရာတွေပါ။ ဒါဟာ ပြုရုမှ ဏ္ဍာသော၊ နမြောတွန့်တိုမှု မစ္ဆရိယ စတဲ့ တရားဆိုးတွေကြောင့်ပါပဲ"

"အင်း– ဟုတ်ပါ၊ ဟုတ်ပါ ဆရာလေးနယ်။ ဒါကြောင့် မို့လဲ သေတဲ့သူတွေ ကောင်းရာဌာနရောက်ရင် တော်ရဲ့။ ကောင်းတဲ့ဘုံဌာန မရောက်ဘဲ အခုလို အလွန်ဆင်းရဲတဲ့ ဘုံ ဘဝမျိုးများ ရောက်နေမှဖြင့် ဘယ့်ကလောက် ဆင်းရဲကြမလဲ ဆိုတာ စဉ်းစားသာကြည့်။ ဒီတော့ ကိုယ်နဲ့စပ်ရာစပ်ရာ ပုဂ္ဂိုလ် တွေ မတော်တဆ ဒီလိုအဖြစ်မျိုးနဲ့ ရှိနေရင် ဒါ လွတ်ကင်းပါစေ ဆိုပြီး သေသူတွေရည်မှန်းပြီး အလှူဒါနတွေ လုပ်နေကြရ တာကိုး"

"ဟုတ်ကဲ့ ဘကြီးခင်။ ဒီလိုလုပ်ပေးလို့ ချမ်းသာမှု ခံစားရတဲ့ လူတွေကလဲ မနည်းတော့ဘူးနော်။ ကျွန်တော်

မှတ်ထားတာလေး ရှိသေးတယ်။ ဒါက မင်းတုန်းနယ်ကပဲ။ အဲ- မင်းတုန်းမြို့နယ် တစ်ဘက်ကမ်းက မင်္ဂလာဦးရွာကပါ။

"အဲ- ယောကျ်ားဖြစ်သူက ကိုသာဒင်တဲ့။ မိန်းမက မစိန်မြိုင်။ သမီးလေးက မသစ်တဲ့။ အသက်ကမှ (၇) နှစ် အရွယ်လေးရယ်။ အဲဒါ မစိန်မြိုင် မသေခင်က ပြောသွားသေးတယ်။ သူနဲ့သမီးက သီလရှင်ဝတ်နဲ့ စစ်ကိုင်းမှာနေမယ်။ ကိုသာဒင်က ဘုန်းကြီးဝတ်နဲ့ နေဖို့။ ကံများ ဆန်းတယ် ဘကြီးခင်"

"ဆို- ဆရာလေး"

"အဲလို မစိန်မြိုင်က ပြောပြီး ၃-ရက်လောက်အကြာမှာ မစိန်မြိုင်ဟာ ရုတ်တရက် ကောက်ခါငင်ခါ အဖျားကြမ်းပြီး ဆုံးရော"

"ဟောဗျ- ဆရာလေးဟာက ဒါဖြင့် သီလရှင် ဘယ်ဝတ်ရတော့မှာလဲ"

"ဒါပေါ့ ကိုဖိုးထောင်။ ဒါကြောင့်မို့လဲ သေခြင်းတရား ဆိုတာ သူသူငါငါ ဒီနေ့လား၊ နက်ဖြန်လားဆိုတာ မသိနိုင်ကြလို့ အသက်လေး ရှုရှိုက်နေခိုက် သတိတရားလေးနဲ့ ဆင်ဆင်ခြင်ခြင် နေဖို့ထိုင်ဖို့ပဲ မဟုတ်လား။

"ဟုတ်ကဲ့ပါ ဆရာလေးရယ်"

"ဒီလိုသေရင်ပဲ မစိန်မြိုင်ဟာ သမီးလေးက ဥမမယ် စာမမြောက်မို့ စွဲလမ်းပြီး သေရလို့ ပြိတ္တာမကြီး ဖြစ်ကရော။ ဖြစ်တော့ နေရတာက ကြည့်ပါဦး။ သုသာန်က ဂူပျက်ကြီး ထဲမှာတဲ့"

"ဒါနဲ့ ပြိတ္တာမ မစိန်မြိုင်က သူ့သမီးလေးကို 'အမေ့မှာ သမီးကို စိတ်မချလို့ နောက်ကနေ တကောက်ကောက် လိုက်နေရပါတယ်လို့' သူသေတော့ ခေါင်းထဲထည့်ပေးလိုက်တဲ့ အဝတ်အစားများဝတ်၊ လည်ပင်းမှာ စိပ်ပုတီးကြီးစွပ်လျက်ပုံနဲ့ အိပ်မက်ပေးတယ်။ ဒါကို သမီးလုပ်သူက သူ့အဖေကို ပြန်ပြော ပြတော့လဲ သူ့အဖေ ကိုသာဒင်က မယုံဘူးတဲ့။

"နို့ပေမယ့် ဟိုမစိန်မြိုင်ကလဲ အလျှော့မပေးသေးဘူး။ ဒုတိယအကြိမ် ထပ်ပေးပြန်တယ်။ ဒီအခါမှာတော့ 'သူသင်္ချိုင်းက အုတ်ဂူမှာနေကြောင်း၊ သမီးစိတ်မချလို့ လိုက်နေရကြောင်း။ သူ့ကိုရည်မှန်းပြီး ဘုန်းကြီးပင့်တရားနာ အမျှဝေဖို့အကြောင်း။ သူ့မှာ သေစဉ်အခါက သူ့အတွက် သရဏဂုံတင်ပေးခြင်း မရှိ။ အမျှဝေခြင်းမရှိလို့ သူ သာရမခေါ်ရကြောင်း' တွေကို အိပ်မက် ပေးပြန်ရော"

"နို့- သူတို့က ဘာလို့ သရဏဂုံမတင်၊ အမျှမဝေတာ တဲ့လဲတော်"

"ဒီလို အမေဗျော့ရ။ သူတို့ရွာမှာက ဘုန်းကြီးကျောင်း မရှိဘူး။ အဲ- ဒေါ်စိန်မြိုင် သေစဉ်ကလဲ မင်းတုန်းချောင်းက ရေလျှံရေတိုးနဲ့မို့ အနီးအနားရွာက ကျောင်းမှာလဲ သွားမပင့်နိုင်ကြဘူးဆိုပဲ။ ဒါနဲ့ ဒီအတိုင်း ချလိုက်ရတာတဲ့။

"အဲ- ဒီလိုနဲ့ ဒုတိယအကြိမ်မှာလဲ ကိုသာဒင်က အရင်ကလိုပဲ ခပ်ပေါ့ပေါ့ပဲပေါ့။ ဒါပေမယ့် တစ်နေ့မှာ ကိုသာဒင်နဲ့ အိမ်နီးနားက မလှခင်တို့ဟာ ကိုင်းတောကနေ နွားမောင်းပြီး ပြန်လာကြတယ်။ ဒီတွင်နွားက ဇီးချုံထဲဝင်တိုးတာမို့ လိုက်မောင်းရာက ငုံးတစ်ကောင် ရုတ်တရက် ထပျံလိုက်တာမို့ မလှခင်မှာ လန့်ဖြန့်သွားရော။ အဲ- လန့်တယ်ဆိုရင်ပဲ ကိုယ်တွေ၊ ခေါင်တွေ လေးလံလာ၊ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့ အိမ်ရောက်တော့လဲ တဝါးဝါးနဲ့ သမ်းဝေနေ။ တစ်ကိုယ်လုံးမှာလဲ ခိုက်ခိုက်တုန်အောင် တဟီးဟီးနဲ့ ချမ်းနေသတဲ့"

"အဲဒါ တစ္ဆေ သရဲပူးကပ်တဲ့ လက္ခဏာပဲလား ဘကြီး မောင်ခင်"

"အေး- ဟုတ်တယ်၊ ဖိုးထောင်"

"အဲလို မလှခင် ဖြစ်နေတာကို ဟိုအကင်းပါးတဲ့ မလှခင် ယောကျ်ားက နွားစာစင်းနေရာကနေ ထလာပြီး--

"ဟင်- နင်က ဘယ်သူလဲ။ တောက်-လို့ မေးတော့ အံမယ်လေး ငေါက်ငန်းမနေပါနဲ့ မောင်စံမြရယ်။ ငါပါ၊ အရီး

စိန်မြိုင်ပါ။ ငါ့ကို ဆေးလိပ်လေး တိုက်ကြပါဦးဟဲ့။ ဆေးလိပ်ငတ်လွန်းလို့ပါဟယ်လို့ ပြီတ္တာမ မစိန်မြိုင်က ပြောသတဲ့။ ဒါနဲ့ ဆေးလိပ်တိုက်ကြပေါ့။

"အဲ– နောက် မစိန်မြိုင်က ငါ့ယောကျ်ား ကိုသာဒင်နဲ့ ငါ့သမီးလေးကို ခေါ်ပေးကြပါဟယ်။ ပြောစရာရှိလို့ပါ– ဟု ပြောသတဲ့။ ဒါနဲ့ လူတစ်ယောက်က ပြေးခေါ်ရော။ ကိုသာဒင်တို့ သားအဖကလဲ လိုက်လာကြပါတယ်။ သူတို့သားအဖ ရောက်ရင်ပဲ ဒေါ်စိန်မြိုင်က–

"အမေ့ဆီ လာပါဦး သမီးရယ်။ သမီးကို အောက်မေ့လွန်းလို့ပါ။ အမေ့မှာ သမီးနောက်ကို တကောက်ကောက်လိုက်နေရတာပါ။ စိတ်မချလွန်းလို့။ ကိုသာဒင်တို့များ အမူမဲ့အမှတ်မဲ့နေနိုင်လိုက်တာ။ သမီးကိုပြတာ နှစ်ကြိမ်တောင်ရယ်။ အိမ်မက်လဲပေးတာပဲ။ ဒါကို သမီးကပြောရာကို ရှင်က မယုံနိုင်သေးဘူး။ အလေးအနက်ကို မထားဘူး။ အခုတော့ မနေနိုင်လွန်းလို့ ပူးကပ်ပြောရတာ။ အဲဒါ ကျုပ်အတွက် ဘုန်းကြီးပင့်ပြီး တရားပေးစာနာကာ အမျှဝေပါ ကိုသာဒင်ရယ်"

"လုပ်ပေးပါ့မယ် မစိန်မြိုင်လို့ ကိုသာဒင်က ပြောတော့ ထွက်သွားရှာတယ်"

"နို့– လုပ်ကောလုပ်လို့လား"

"လုပ်ပြီလား ကိုဖိုးထောင်။ အဲဒီလို လုပ်ပေးပြီး အမျှအတန်းဝေပြီးတဲ့ ညမှာတွင်ပဲ မစိန်မြိုင်က သူ့တူမ မစောရင်ကို အိပ်မက်ပေးသတဲ့။ အိပ်မက်ထဲမှာ ဒေါ်စိန်မြိုင်က နတ်ဝတ်နတ်စား ဒွါဒရာတွေ ဝတ်ဆင်ထားပြီး အရောင်တွေ တဝင်းဝင်းတလက်လက် ထွက်နေတဲ့ နတ်ပန်းရထားကြီး ပေါ်ကနေ --

"စောရင်ရေ့– ငါတော့ သာဓုခေါ်လိုက်ရလို့ ကောင်းရာဘဝကို ရောက်သွားပြီလေ။ ဒါကို ကိုသာဒင်နဲ့ သမီးလေးကို ပြောလိုက်ပါဟယ်လို့ မျက်နှာအမူအရာ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျနဲ့ပြောပြီး ပျောက်ကွယ်သွားသတဲ့။

(ဦးမြင့်အောင်– အမျှဝေပါ ကိုသာဒင်။ ၉၅–ခု၊ ဇွန်လထုတ်၊ ရတနာမွန်မဂ္ဂဇင်း။)

"အင်း– အင်း– သေသူအတွက် အလှူလုပ်ရကျိုး နပ်တာပါပဲကွာ"

"ဟုတ်တယ်– ဘကြီးခင်"

"အခု ဒေါ်စိန်မြိုင်ဟာ သူ့အတွက် လုပ်ပေးတဲ့ ကောင်းမှုကို သာဓုခေါ်ရလို့ နတ်ဘဝရောက်ရသလို သာဓုခေါ်ရလို့ ပြိတ္တာဘဝကကျွတ်ပြီး လူ့ဘဝရောက်တာလဲ ရှိသေးတယ် ဘကြီးခင်ရဲ့"

"ဟော- အဲဒါလဲ ဖောက်သယ်ချစမ်းပါဦး မောင်ရာ။ မှတ်ရတာပေါ့"

"ဒီလို ဘကြီးခင်၊ ဒါလဲ မင်းတုန်းမြို့နယ်ကပဲ။ အဲ- အဲဒီမြို့နယ်မှာ တံတားရွာဆိုတာရှိတယ်။ အဲဒီတံတားရွာကပဲ ယောကျ်ားက ဦးကျော်ငွေ၊ ဇနီးသည်က ဒေါ်ငွေခင်တဲ့။ သား နှစ်ယောက်ရှိတယ်။ အကြီးက မောင်တင်ဆောင်၊ အငယ်က မောင်ခင်အောင်တဲ့"

"အင်း--"

"အကြီးမောင်တင်ဆောင်ကတော့ ရှင်ပြုပြီးပြီ။ အငယ် မောင်ခင်အောင်က ရှင်မပြုရသေးဘူး။ အဲ- သူတို့ဟာ လယ်သမားတွေ။ ဒီ ဦးကျော်ငွေရဲ့လယ်က ဘုန်းကြီးကျောင်း ခြံစည်းရိုးနဲ့ ကပ်နေတယ်။ ကန်သင်းနဲ့ ခြံစည်းရိုးဟာ ကပ်နေတော့ မိုးတွင်းအခါမယ် ကျောင်းဝင်းထဲက ရေတွေက ဦး ကျော်ငွေရဲ့ လယ်ထဲထိုးဝင်တာကိုး။

"ဒီတွင် ဦးကျော်ငွေက သူ့လယ်ကို ရေမလျှံရအောင် တို့၊ လယ်ထဲကရေတွေ အားပြန်မထွက်အောင် ကတွတ်ပေါက် လုံအောင် လုပ်ရတာတို့လဲရှိသကိုး ဘကြီးခင်"

"အင်း- ဒါ ဓမ္မတာပဲကိုး"

"အဲလိုရှိတော့ အဲ ၁၃၁၀-ခုနှစ်မှာ ဦးကျော်ငွေဟာ သူ့လယ် ကတွတ်ပေါက် ဖာရင်းဖာရင်းနဲ့ ကျောင်းခြံစည်းရိုးက

မန်ကျည်းပင်မှာ ထောင်ထားတဲ့ ၃–တောင်လောက်ရှိတဲ့ တုံးတို ပိုင်း တစ်ခုကို ဘုန်းကြီးမပြောဘဲ ယူပြီးအသုံးပြုလိုက်ရော။

"အဲ– နောက်တော့ ဆောင်းဦးပေါက်လဲကျရော။ ဦးကျော်ငွေဟာ အပြင်းဖျားသေဆုံးသွားတော့ အဲဒီ မန်ကျည်းပင် ကြီးမှာတွင် ပြိတ္တာကြီး ဖြစ်သွားသတဲ့"

"အေး– ဒါမို့ပေါ့။ ရှေးရှေး လူကြီးသူမတွေက ကျောင်းပစ္စည်းများဆို ရှောင်ကြဖို့ ပြောကြတာကိုး"

"ဟုတ်တယ် ဘကြီးခင်။ အဲလို ကိုကျော်ငွေ ပြိတ္တာ ကြီးဖြစ်တော့ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ သိပ်ကိုဆင်းရဲနေတော့ သူ့မိန်းမ မငွေခင်ကို အိပ်မက်ပေးတယ်။ အိပ်မက်က 'သူ ဘုန်းကြီးကျောင်းက တုံးတိုစ ယူသုံးစွဲလို့ ကျောင်းက မန်ကျည်း ပင်မှာ ပြိတ္တာဖြစ်နေရကြောင်း၊အဝတ်လဲမရှိ၊ အစားလဲ မစား ရလို့ ဆင်းရဲနေကြောင်း သူ့အတွက် အလှူပေးပြီး အမျှဝေဖို့ အကြောင်း' တွေတဲ့။

"ဒါနဲ့ မငွေခင်ကလဲ သူ့ယောကျ်ားအတွက် အလှူ တွေ ဘာတွေလုပ်ပြီး အမျှအတန်း ဝေရှာပါတယ်။ နို့ပေမယ့် ပြိတ္တာ ကိုကျော်ငွေက တစ်ခါထပ်ပြီး အိပ်မက်ပေးပြန်တယ်။ ပေးပုံက– ငွေခင်။ ငါ့အတွက် နင် အလှူပေး အမျှဝေပေမယ့် အလှူအဖို့ ငါ မရဘူး။ နင် အမျှဝေချိန်က ငါ့မိတ်ဆွေတွေက ငါ့ကို ဟိုအဝေးကြီးကို အတင်းဆွဲခေါ်သွားကြတယ်။ သူတို့နဲ့

မခွဲရအောင်တဲ့လေ။ ဒါကြောင့်မို့ အလှူထပ်လုပ်ပါဦး ငွေခင်ရယ်တဲ့"

"ဒါကျွတ်လွတ်ချင်ချိန်နီးလို့ နေမှာနော်"

"အေး–ဟုတ်– ဘုတ်ဆုံ

"အဲဗျာ ဒါနဲ့ဒေါ်ငွေခင်က ချက်ချင်းကြီး မလုပ်ပေးသေးဘဲ အဲ– စပါးသိမ်းပြီးတော့မှ သူ့သားလဲ ရှင်ပြုပြီးမှ အမျှဝေရာတာကိုး။ ဒီတော့လဲပြိတ္တာ ကျော်ငွေက အိပ်မက်ပေးပြန်တယ်။ ဒီတစ်ခါ ပေးတဲ့ အိပ်မက်က–

"သူ၊ သူ့သားရှင်ပြုချိန်မှာ ပြိတ္တာဘဝရောက်နေလို့ ဝမ်းနည်းကြောင်း၊ နောက်ကနေ ရှင်လောင်းလှည့်တုန်းမှာလဲ လိုက်နေကြောင်း၊ ကျောင်းထဲကိုတော့ ကျောင်းစောင့်နတ်က ခွင့်မပြုလို့ မဝင်ရကြောင်း။ ဒေါ်ငွေခင် အမျှဝေတာကို သာဓုခေါ်ရကြောင်း။ သူ မကြာခင် လူ့ဘဝ ပြန်လာမယ်ဖြစ်ကြောင်းနဲ့တဲ့"

"နို့– လူ့ဘဝရောက်လာရောလား ဆရာလေး"

"ရောက်တာပေါ့ ကိုဖိုးထောင်။ ဦးကျော်ငွေဟာ အချိန်အခါရောက်တော့ သူ့တူမ မလှသိဝမ်းမှာ ဝင်စားခဲ့သတဲ့။ ယောကျ်ားလေးပဲ ဘကြီးခင်။ မွေးလာပြီးတော့ ငိုလိုက်တာချော့လို့ကို မရဘူးတဲ့။ နေ့ငို၊ ညငိုနဲ့ပဲ။ ဒါနဲ့ နာမည်တောင် 'ဖိုးငို' လို့ မှည့်ကြသတဲ့။

"ဒီလိုနဲ့ စကားပြောတတ်ချိန်ရောက်တော့ သုံးနှစ်သားအရွယ်မှာတွင် သူ့အမေကို ပြောတာက သူဟာ ဖိုးငိုမဟုတ်။ ကျော်ငွေဖြစ်ကြောင်း၊ ဘုန်းကြီးကျောင်းက တုံးတိုပိုင်းကို မပြောမဆို ယူသုံးမိလို့ ပြိတ္တာဖြစ်နေတဲ့အကြောင်း၊ အခုတစ်ခါ ပြိတ္တာဘဝကလွတ်ပြီး လူလာဖြစ်ကြောင်းနဲ့ ဘုန်းကြီးကျောင်းက မန်ကျည်းပင်မှာ တုံးတိုပိုင်းတစ်ခု အမြန်ထားပေးရန်နဲ့ သူ လိုက်ပြမယ့်အကြောင်းတို့ကို ပြောသတဲ့။

"ဒါနဲ့ မလှသီလဲ တုံးတိုပိုင်းစတစ်ခုကို သူ့သားပြတဲ့ မန်ကျည်းပင်မှာလဲ ထောင်ထားရော။ ဟောဗျ- ဖိုးငိုလဲ အငိုရပ်ရောတဲ့ ဘကြီးခင်"

"အင်း- အင်း-- မှတ်စရာ၊ ကောင်းပါ့ဗျာ"

**(ဦးမြင့်အောင်- ကျောင်းစကိုရှောင်။ ၉၅-ခု၊ မတ်လထုတ်။ ဉာဏ်လင်းမေ့္ဘာပဒေသာ မဂ္ဂဇင်းမှ။)**

"ဘကြီးခင်ပြောတယ် မဟုတ်လား။ ပြိတ္တာဆိုတာ ပေတာက လာတယ်။ အမိပ္ပာယ်က ချမ်းသာဝေးလို့ ဆင်းရဲလွန်းလို့ ပြိတ္တာခေါ်တယ်လို့"

"အေး- ဟုတ်တယ်၊ ဒါဘာဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ဘူး ဘကြီးခင်ရ။ ကျွန်တော် သိချင်တာက ဒီပြိတ္တာအမျိုးဝင် တစ္ဆေ၊ သရဲ၊ သဘက်တို့၊ မြေဖုတ်

ဘီလူးတို့ အခေါ်အဝေါ်ပဲ။ သူတို့လဲ ပြိတ္တာပဲဟာ။ ဘာလို့ သရဲခေါ်ရတာလဲ”

“ဟာ– ဒီဖိုးထောင်။ လူကြီးကို မေးရော့မယ်”

“မသိလို့ပါ အမေဖျော့ရ”

“ဒီလိုပါ ဖိုးထောင်ရယ်။ သူရဲ၊ သရဲဆိုတာ ရဲရင့်လို့ပဲပေါ့။ စစ်တို့ဘာတို့ တိုက်တဲ့အခါ ရဲရဲဝံ့ဝံ့ တိုက်တဲ့လူကို စစ်သူရဲလို့ ခေါ်မဟုတ်လား”

“ဟုတ်ကဲ့”

“အဲလိုပဲပေါ့။ သူရဲက သူရပါဠိက လာတာ။ သူရက ရဲရင့်ခြင်း အဓိပ္ပာယ်ပဲဟာ။ တို့လူတွေမှာ ဒုစရိုက်တွေ သိပ်ထူပျောလာရင် အစိုးရတဲ့ နတ်ဘီလူးတွေက တို့လူတွေဆီကို အင်မတန် ရဲရင့်တဲ့ အဲဒီသူရဲတွေ လွှတ်လိုက်တာ။ ဒီသူရဲတွေက တို့ကို နှောင့်ယှက်တာတို့၊ ဖမ်းစားတာတို့ လုပ် မဟုတ်လား”

“ဟုတ်ကဲ့ ဘကြီးမောင်ခင်”

“ဒါတောင် သာရတ္ထဒီပနီဆရာကြီးက ကာလနာရောဂါဆိုတာဟာ ကာလဘီလူးကြီးရဲ့ အစွမ်းအာနုဘော်ကြောင့် ဖြစ်တာတဲ့။ ကာလနာနဲ့ ကာလရောဂါဟာ အတူတူပဲတဲ့”

“ဟုတ်ကဲ့ ဘကြီးမောင်ခင်။ နောက် သဘက်ကကော”

“သဘက်က မံသဘက္ခပါဠိက ပျက်လာတာ။ အသားစားတဲ့ သတ္တဝါပေါ့ဟယ်။ အချို့က ပြိတ္တာအသင်းအပင်းတွေဆိုပြီး ပက္ခနဲ့မှတ်ပြီး သပက်လို့လဲခေါ်တယ်”

"နို့- တစ္ဆေဆိုတာက-"

"နင့်ဟာက မပြီးနိုင်ပါလား။ တစ္ဆေက တဖ္ဆေတိ။ ချောက်လှန့်၏ဆိုတာက ပြောင်းလာတာမို့ တစ္ဆေချောက်တယ် ဆိုတာပေါ့"

"ကဲ- တော်ပါ ဖိုးထောင်ရယ်။ တခြားမှတ်စရာရှိရင်လဲ မှတ်ရအောင်ဟာ"

"ဟုတ်ကဲ့၊ အမေဖျော့"

"ဒါနဲ့ ဘကြီးခင်။ ဒီလိုတစ္ဆေသရဲဘဝ ရောက်တာ တောင် ရေစက်ချလှူချင်တဲ့ တစ္ဆေ၊ သရဲမျိုးလဲ ရှိသေးတယ်"

"ဆိုပါဦး၊ ဆရာလေးဟာက"

"ဒီလိုပါ။ ဟိုမြောင်းမြနယ်ဘက်က ကုန်းကြီးရွာက ကွန်လွန်သူ ဒေါ်နုအကြောင်းပါ"

"အင်း- ဆိုစမ်း"

"အဲ- ဒေါ်နုသေတော့ သူ့သမီး မမြဆိုင်နဲ့ သူ့သမက် ကိုကျော်စိန်တို့က ဒေါ်နုအတွက် ရက်လည်ဆွမ်းတွေ ဘာတွေ ကျွေး၊ အမျှအတန်းဝေဆိုတာတွေကို လုပ်ကြပါတယ်။ နို့ပေမယ့် ဒေါ်နုက မကျွတ်ရှာဘူး။ ဒေါ်နုအနေနဲ့ကလဲ လူ့ဘဝမှာတုန်း ကကို သိပ်ပြီး အကုသိုလ်အလုပ်ရယ်လို့ မယ်မယ်ရရလဲ ရှိပုံ မပေါ်ဘူး။ ဘကြီးခင်"

"အင်း-ဒါနဲ့--"

"ဒါနဲ့ သေခါနီးမယ် သူ့သမီး မမြဆိုင်နဲ့ မြေးလေး ကိုမျိုးကို စွဲလမ်းတဲ့အာရုံနဲ့ စုတိစိတ်ကျသွားပုံရတယ်။ ဘာကြောင့် လဲဆိုတော့ အခုလို ပြိတ္တာဘဝကို ရောက်ရတာထောက်ရင်ပေါ့"

"အေး– ဒါဖြစ်နိုင်တယ်ကိုး"

"အဲလိုနဲ့ ရက်လည်ပြီး တစ်နေ့မှာ အချိန်ကလဲ ညနေစောင်း။ ညနေစာ စားကြမလို့။ ထမင်း ဟင်း ဘာ ခူးခပ်ပြင်ဆင်နေတုန်းမှာ မမြဆိုင်က ထမင်းစားခုံနားမှာ ထိုင်နေတုန်းမှာတွင် တဟီးဟီးနဲ့ ငိုပါရော။ ဒီတော့ သူ့ယောကျ်ား ကိုကျော်စိန်က ဟော့– ဘာဖြစ်တာလဲ။ ဘယ်သူလဲ၊ ဘာပြော ချင်လဲနဲ့ ခပ်ငေါက်ငေါက်မေးတော့ ငါ ဒေါ်နုပါဟယ်။ နင်တို့ ရက်လည်ဆွမ်းသွပ်တော့မှ ငါ့ကိုယ်ငါ သေမှန်းသိရတာ။ အဲ– ပြောချင်တာက ငါ့မြေးကိုမျိုးကို ရှင်ပြုပေးဖို့ပါ။ ရှင်ပြုဖို့ ငွေလဲညီမဆီမှာ ငါ အပ်ခဲ့တယ်။ အဲဒါ မြန်မြန်သာလုပ်ကြပါ။ ငါ ဒီကနေ မကြာခင်ပြောင်းရမှာမို့။

"နောက် ရေစက်ချခါနီးမှာလဲ ငါ့အတွက် ဖျာတစ်ချပ် ခင်း၊ ဖျာပေါ်မှာ ငါ့ဝတ်စုံတစ်စုံရယ်။ တဘက်တစ်ထည်ရယ်နဲ့ ရေစက်ခွက်ကိုပါ ချပေးထားပါ။ ငါလဲ တရားနာဖို့ ဖိတ်ကြ ဟယ်ဆိုပြီး တငိုငိုနဲ့ ပြောတော့ ကိုကျော်စိန်က လုပ်ပေးမယ်လို့ ဝန်ခံတော့ ဒေါ်နုဟာ ပူးကပ်ရာမှ ထွက်သွားသတဲ့။ ဒါနဲ့

ကိုကျော်စိန်တို့၊ မမြဆိုင်တို့ကလဲ သူတို့ ကတိအတိုင်း ရှင်ပြုပွဲကို အမြန်ဆုံးလုပ်ကြပါတယ်။

"အဲ- ရေစက်ချခါနီးမှာလဲ ဒေါ်နုမှာတဲ့အတိုင်း လုပ်ပေးတယ်။ ဒေါ်နုကိုလဲ သူကိုယ်ထင်ပြတတ်တဲ့ ခြံထောင့်မှာပဲ သွားပြီး ဖိတ်ကြတယ်။ အဲလိုနဲ့ အလှူနေ့မှာ ဆရာတော်ကလဲ ရေစက်ချမလို့လုပ်ရော။ ဟော- လိပ်ပြာလေး တစ်ကောင်က ရေစက်ခွက်ပေါ်မှာ လာနားနေသတဲ့"

"ဟုတ်မယ် ဘကြီးမောင်ခင်။ ဒါဟာ ဒေါ်နုသေတော့ ထွက်သွားတဲ့ သူ့ဝိညာဉ်လေးနေမှာ"

"ဟယ်- ဒီဖိုးထောင်၊ ဘယ်ကလာ ဝိညာဉ်ဖြစ်ရမှာလဲ။ နင့်ဟာက ပေါက်ပေါက်ရှာရှာ။ လူ့ခန္ဓာကိုယ်ထဲမှာ ဘာမှကို မရှိဘူး။ လူဆိုတာ ပညတ်ပဲဟာ။ မှည့်ခေါ် သမုတ်ထားတာ။ အဲ- တကယ်ရှိတာက ရုပ်နဲ့နာမ်ပဲ။ အဲဒီရုပ်နာမ် ၂-ခု အိုးစားကွဲရင် ဒါ သေတာပဲ"

"နို့- တချို့ပြောကြ မဟုတ်လား ဘကြီးမောင်ခင်ရဲ့။ ပါးစပ်လေးဟာ၊ ပါးလေးပိန်ပြီး အသက်လေး ထွက်သွားတာ တွေ့ရတယ်လို့။ ဒါဟာ အသက်လိပ်ပြာလေး ထွက်သွားတာ မဟုတ်လား"

"ကြဲကြဲဖန်ဖန် ဖိုးထောင်ရာ။ ဘယ်ကလာ အသက်လိပ်ပြာတို့၊ ဝိညာဉ်တို့ဆိုတာ ရှိရမှာလဲ"

"အဲ- သုတ်မဟာဝါ ပါယာသိရာဇညသုတ်မှာ လူ သေတာပါပါတယ်။ ဘုရားဟောခဲ့တာ။ အဲ- တစ်က ဝိပါက် ဝိညာဉ်ရယ်။ နှစ်က ရုပ်ဇီဝိတခေါ်တဲ့ အသက်ရယ်။ သုံးက ကမ္မဇတေဇောလို့ခေါ်တဲ့ ကိုယ်ငွေ့ရယ်။ ဒီ သုံးမျိုး ခန္ဓာကိုယ် မှာမရှိရင် ဒါ စုတေတယ်၊ သေတယ်လို့ ခေါ်ရတာ။ သေတော့ ကော ဒီဘဝက ရုပ်ခန္ဓာကြီးက ဒီမှာတွင်ကျန်နေခဲ့တာ။ အဲဒီဘဝမှာလုပ်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ အစွမ်းသတ္တိ နဲ့ နောက်ဘဝမှာ ပဋိသန္ဓေသွားနေပြီး ရုပ်သစ်နာမ်သစ်တွေ ဖြစ်ရတာ။

"ဒါကို ခန္ဓာကိုယ်ထဲမှာ အတ္တကောင်၊ အသက်လိပ်ပြာ ဝိညာဉ်ကောင်လေး ရှိတယ်။ အဲဒီ အကောင်လေးက နောက် ဘဝမှာ ပြောင်းဖြစ်နေတယ်လို့ ထင်နေကြတာ။ ဒါဟာ ပရမတ် မမြင်လို့ပဲ။ ဒါကို အတ္တဝါဒလို့ ခေါ်တယ်။ တို့ဘုရား ပွင့်မှ အတ္တမရှိဘူး၊ အနတ္တလို့ ဟောတော့မှ အနတ္တဝါဒ ပေါ်လာတာ။ မင်း ရှင်းမဟုတ်လား"

"ဟုတ်ကဲ့- နို့ ဟိုက လိပ်ပြာလေး နားတာက"

"ဒါက ဒီလိုဖြစ်မှာ အခုန ပြိတ္တာဘဝရောက်နေတဲ့ ဒေါ်နုက သူ့ကမ္မဇရုပ်တန်ခိုးနဲ့ ဖန်ဆင်းပြီး နားနေမှာပေါ့။ ပြိတ္တာတွေသေရင် ပိုးကောင်မွှားကောင်အဖြစ်နဲ့ ကျန်နေတယ် လို့ ပြောပြီးပြီပဲဟာ"

"ဟုတ်ကဲ့- နားလည်ပြီ ဘကြီးမောင်ခင်။ အင်း- အင်း- ပြောပါ၊ ဆရာလေး ကိုတင်အောင်"

"အဲ- ရေစက်မိုးစက်လဲချပြီးရော အဲဒီလိပ်ပြာလေး ပျောက်သွားသတဲ့"

**(မြောင်းမြ-မဥတ္တမစာရီ၊ ရှင်ပြုလေးပါ။ ၉၄-ခု၊ စွန်လထုတ်၊ ရတနာမွန်မဂ္ဂဇင်း။)**

"အင်း- ဒါ ဒေါ်နုအဖို့ ကုသိုလ်အဖို့ဘာဂတွေ ရသွားမှာပဲပေါ့"

"နို့- ပြိတ္တာတို့၊ သရဲတို့ဆိုတာတွေကလဲ ကုသိုလ်ကောင်းမှုတွေ ပြုချင်တာပဲလား ဘကြီးခင်"

"ပြုချင်တာပေါ့၊ ဒါပေမယ့် ဒီပြိတ္တာဘဝ၊ ပြိတ္တာဘုံမှာက သူတို့ပြုလို့ရတာမှ မဟုတ်တာ။ ဒီက ဆွေမျိုးမိဘ စသူတို့က လုပ်ပေးတဲ့ ကုသိုလ်အဖို့ပဲ ရကြတာကိုး။ အဲ- တိရောကုဋ္ဋပေတဝတ္ထုမှာ ပြိတ္တာဘုံအကြောင်း ပြောထားတာရှိတယ်။ အဲဒါ ပြိတ္တာဘုံဌာနဆိုတာ တစ်အချက် လယ်ယာကိုင်းကျွန်း မရှိဘူးတဲ့။ နှစ်အချက် စည်းစိမ်ဥစ္စာ မရှိဘူးတဲ့။ သုံးအချက်က လူ့ဘုံက ဆွေမျိုးမိတ်သင်္ဂဟတွေက ရည်ညွှန်းပေးကမ်းလိုက်တဲ့ ကုသိုလ်အဖို့နဲ့ပဲ ရပ်တည်နေကြရတာတဲ့"

"ဟဲ့- ဖိုးထောင်၊ နင်က အလုပ်လုပ်ရမှာ ပျင်းတဲ့ ကောင်မို့ အဲဒီမှာ သွားနေပါလား။ လယ်မရှိ၊ ကိုင်းမရှိ၊

ကုန်ရောင်းကုန်ဝယ် မရှိနဲ့။ တို့ ဒီကပေးလိုက်တဲ့ ကုသိုလ်အဖို့နဲ့ မျှတနေထိုင်ရတဲ့ဥစ္စာ"

"နင်သွားပါလား ဘုတ်ဆုံ။ နင် ဘယ်လောက် သက်သာသလဲလို့"

"ဟဲ့ နင်ပဲသွား၊ တို့တော့ မသွားဘူး"

"တော်ကြပါဟယ်၊ အရေးထဲ ငြင်းနေကြသေးတယ်။ ပြောပါ မောင်ခင်"

"ဟုတ်ကဲ့ ဒေါ်ဖျော့"

"အဲ– ဆိုသေးတယ်။ အဲဒီပါဠိမှာ အဲ– မိုးရွာတဲ့အခါ ကုန်းပေါ်ကမိုးရေတွေ ကုန်းအောက်ချိုင့်ဝှမ်းစတဲ့ နိမ့်ရာဘက် စီးသလိုပဲ။ တို့ဒီက လူ့ဘုံက ပေးဝေလိုက်တဲ့ ကုသိုလ်အဖို့ဟာ ပြိတ္တာတို့ထံ ရောက်သတဲ့။ ဒါကြောင့်မို့ များများစားစားသာ လုပ်ကြ။ ဒါမှ ပြိတ္တာဘဝ ရောက်သူတွေ ချမ်းသာကြရမှာ"

"ဘကြီးမောင်ခင်"

"ဆို– ဖိုးထောင်"

"ကျွန်တော် တွေးမိလို့ပါ။ မသေခင်ကဖြင့် ကောင်းမှုလုပ်ရမှန်းမသိ။ ထင်ရာတွေ စိုင်းခဲ့ပြီး ဟိုမှာ ဆင်းရဲတော့မှ သူတို့ခမျာ လက်ဝေခံစောင့်နေရရှာတာနော်"

"အေး– ဟုတ်တယ်"

"သံဝေဂ ယူစရာပါပဲ ဘကြီးမောင်ခင်။ ဒါနဲ့ ဒီပူးတာ ကပ်တာကလဲ ဘုရားလက်ထက်ကကို ရှိတာပဲလား"

"ရှိပြီလား ဖိုထောင်ရယ်။ အဲ- တို့ ဘုရားရှင် လက်ထက်တော်က သာဝတ္ထိပြည်မှာ ကိုရင်သာနုဆိုတာရှိတယ်။ ကိုရင်သာနုမှာ အမေတစ်ခုပဲရှိတာ။ သူ့အမေကြီးက ကိုရင်သာနု ငယ်ငယ်လေးထဲက ဘုရားသာသနာမှာ ကိုရင်ဝတ်ပေးထားတာ။

"ကိုရင်သာနုကလဲ တော်ပါတယ်။ သီလ သိက္ခာလဲ အတော့်ကို လုံခြုံတယ်။ နောက်ပြီး ဆရာသမားဝတ်၊ သေနာသနဝတ် စတဲ့ ဝတ်နိဒန်နဲ့လဲ ပြည့်စုံသတဲ့။ ဒါတင် ဘယ်ကဦးမလဲ။ ဓာတ်ခံက ရဲရင့်တဲ့သတ္တိရှိတဲ့ ဓာတ်ခံရှိနေ တော့ တရားဟောစရာ ရှိရင်လဲသူ့ကို ဟောခိုင်းရင် ပလ္လင်ပေါ် တက်ပြီး ဒိုးဒိုးဒေါက်ဒေါက်နဲ့ကို ဟောတာ။ အဲ- တစ်ခု မှတ်စရာရှိတာက အဲလိုဟောပြီးရင် ကုသိုလ်အဖို့ကို မိခင် ဖခင်တွေကို အမျှပေးဝေလေ့ရှိသတဲ့။

"ဒီတွင် ကိုရင်သာနု အမျှဝေတဲ့ ကုသိုလ်အဖို့ကို သူ့ လူ့ဘဝ အမေကြီးက မသိရှာဘူး။ သူက အိမ်မှာတွင်နေတာကိုး။ အေး- သိသူက ဒီကိုရင်သာနုနဲ့ အရင်ဘဝက မိခင်အဖြစ် တော်စပ်ဖူးတဲ့ ဘီလူးမကြီးက သိတာ။ သိတော့ သာဓုခေါ်ရော။ သာဓုခေါ်ရတော့ ဒီ ဘီလူးမ အရင်ဘဝက ကိုရင်သာနုရဲ့ အမေဖြစ်ခဲ့ဖူးတဲ့ ဘီလူးမကြီးမှာ တန်ခိုးအရှိန်တွေ ဘာတွေ

တက်ပြီး နတ်ဘီလူးတွေအလယ်မှာ စန်းပွင့်နေရှာတာကိုး။ ဒီဘီလူးမကြီးကို အခြားနတ်ဘီလူးတွေက ကိုရင်သာနုအမေ လို့တောင် ခေါ်တာတဲ့။ ဒါတင်မကဘူး။ သူတို့လောကမှာ တန်ခိုးဣဒ္ဓိပါဒ် အရှိန်အဝါတွေကြီးတဲ့ နတ်ဘီလူးတွေကတောင် ကိုရင်သာနုမယ်တော် ဘီလူးမကြီးကို အရေးတယူ လုပ်နေကြသတဲ့"

"အမျှကုသိုလ်များ အစွမ်းထက်လိုက်တာနော် ဘကြီးခင်"

"ဟုတ်တယ် ဆရာလေး ကိုတင်အောင်။ အဲလိုနေတုန်း တစ်နေ့မှာ ကိုရင်သာနုက လူထွက်တော့မယ်ဆိုပြီး သူ့အမေအိမ် ပြန်တာကိုး။ ပြန်တော့ ဟို လူ့ဘဝက အမေကြီးကလဲ လူမထွက်ဖို့ အမျိုးမျိုး ဖျောင်းဖျရှာတာပေါ့။ အဲလို ဖျောင်းဖျနေတုန်း ကိုရင်သာနုမယ်တော် ဘီလူးမက ကိုရင်သာနု ဘယ်များ သွားနေသလဲလို့ စူးစမ်းကြည့်တော့ သူ့အိမ်ပြန်ပြီး လူထွက်မလို့ လုပ်နေတာကို သိတာနဲ့ ချက်ချင်းလိုက်လာပြီး ကိုရင်သာနု ကိုပဲ ဝင်ပူးရော။ အဲလိုပူးပြီး ပြောတာက--

"ကျုပ်က အရင်ဘဝက ကိုရင်သာနုရဲ့ အမေပဲ။ ကိုရင်သာနု လူကိုမထွက်ရဘူး။ အဲ- လူထွက်ပြီး ပုန်းနေလို့လဲ ရမှာမဟုတ်ဘူး။ အခု ငါ ပြောတာတွေကို ကိုရင်သာနုကို ပြောပြလို့ဆိုပြီး ထွက်သွားသတဲ့။

"အဲ- ကိုရင်သာနုလဲ သတိရလာတယ်ဆိုရင်ပဲ သူ့မယ်တော်ကြီးက အခုန ဘီလူးမကြီး ပူးကပ်ပြောတာတွေကို ကိုရင်သာနုကို ပြန်ပြောပြရှာတယ်။ ဒီလို ကြားရရင်ပဲ ကိုရင်သာနုခမြာ သတိသံဝေဂတွေရပြီး လူမထွက်ဖြစ်တော့ဘဲ သင်္ကန်းဆက်ဝတ် နောက် အသက် ၂၀ ပြည့်တော့ ရဟန်းပြု၊ နောက်ဆုံးတော့ ရဟန္တာမထေရ်ကြီး ဖြစ်သွားတယ်။ သက်တော်က ၁၂၀ တောင် ရှည်သတဲ့လေ"

"အဲ- ဘကြီးခင်၊ အခု ကျွန်တော်တို့တွေ ပြောလာတာတွေက ပြိတ္တာတွေအကြောင်းချည်းပဲကိုး"

"အေး- ဟုတ်ရဲ့"

"ဒီတော့ ပြောမယ့်ပြော စုံအောင်ဆိုပြီး ဟို တိရစ္ဆာန်ဖြစ်တာတွေဘက် လှည့်ပြောရရင် ကောင်းမလားလို့"

"ဟာ- သိပ်ကောင်းပေါ့ ဆရာလေးနှယ်။ လုပ်ပါ၊ ပြောစမ်းပါဗျာ။ ကျွန်တော်တို့မှာက အခုလို ရက်လေးသာ အားကြရတာလား"

"ဟုတ်ကဲ့ ကိုဖိုးထောင်၊ ခင်ဗျားတို့ ပိုအရေးကြီးတယ်။ ဘာလို့ဆို နွားနဲ့ဘာနဲ့ နေကြရတာကိုး။ အဲ- အဲ- အခုပြောမှာက တကယ့်အဖြစ်အပျက် အမှန်တွေပဲဗျ။ ခုနှစ်က ၁၃၅၅- ခုနှစ်၊ လက ဒုတိယဝါဆိုလ၊ ရက်က လဆုတ် ၄-ရက်။ နေ့က သောကြာနေ့တဲ့။ အချိန်ကဆိုရင် ညဥ့်တစ်ချက်တီး အချိန်တဲ့"

"နို့- ဆရာ့ဟာ တယ်လဲ တိကျပါကလား"

"ဟုတ်ကဲ့ ဘကြီးခင်။ နေရာက မင်းတုန်းမြို့နယ်က တံတားရွာမှာတဲ့။ အဖြစ်က ဒီလိုပါ။ အဲဒီ တံတားရွာမက ဦးတင်ငွေ ဒေါ်လှကြည်တို့ရဲ့ အိမ်ခြံဝိုင်းထဲကို အလျားသုံးပေလောက်ရှည်တဲ့ သင်းခွေချပ်ကြီး တစ်ကောင် တန်းတန်းမတ်မတ်ဝင်လာတယ်။ တစ်ပိဿာရစ်ဆယ်လောက် အလေးချိန်ရှိဆိုပဲ"

"အင်း- ဆိုစမ်းပါဦး အဖြစ်က--"

"အဲလို ဝင်လာပြီး ဦးတင်ငွေတို့ အိမ်ရှေ့က ကွပ်ပျစ်ပေါ်မှာ တက်ခွေနေတာကိုး။ ဒါကို သူတို့က သိတာမဟုတ်ဘူး။ အိပ်မောကျနေလို့ ခွေးတွေကသာ ဝိုင်းပြီးဟောင်နေကြတာ။ အဲလိုခွေးဟောင်သံတွေ ညံနေတော့မှ သူတို့ကနိုးလာပြီး ဘာများပါလိမ့်ဆိုပြီး ရေနံဆီမီးခွက်လေးထွန်းပြီး ကြည့်ကြတာတဲ့။ ဘာကောင်များလဲလို့ပေါ့။ မြွေလား၊ ဘာလားပေါ့။ အဲ- အဲလိုကြည့်ရင်းက မသဲမကွဲကြီးတွေ့ရော။ တွေ့တော့မှ အိမ်နီးပါးချင်းတွေကိုလဲ လှမ်းနှိုးပေါ့။

"ဒါနဲ့ လူတွေတစ်ယောက်စ နှစ်ယောက်စ အုံလာ။ ခွေးတွေကလဲ ထိုးဟောင်ဆိုတော့ သင်းခွေချပ်က ဖြုန်းခနဲဆို အနားက သရက်ပင်ပေါ် ပြေးတက်သွားတယ်။ နောက် သရက်ပင်ကနေ ဆယ့်နှစ်ရာသီပင်ပေါ် ပြန်တက်နဲ့တဲ့။ ဒီတွင် လူတွေက ဝါးလုံးနဲ့ ဆယ့်နှစ်ရာသီပင်ပေါ်အရောက် ထိုးချလိုက်တော့

အောက်ကျလာမှ သင်းခွေချပ်မှန်း သိကြတာတဲ့။ နောက် မိုးလင်းတော့ အိမ်ခြံထဲ ထူးတူးဆန်းဆန်း သင်းခွေချပ်ဝင်လာ တော့ ဒါ **အတိတ်နိမိတ် ကောင်းမကောင်း**သိချင်တာနဲ့ ဖေဒင် မေး ဘာမေး လုပ်ရော။

"လုပ်တော့ ဖေဒင်ဆရာက ဒါ နင်တို့ကို အန္တရာယ် မဖြစ်စေပါဘူး။ **ကောင်းကျိုးရမှာပါ**။ သူ့ကို မသတ်ပါနဲ့။ တောထဲသာ ပြန်လွှတ်ပေးလိုက်ပါလို့ ပြောလိုက်တယ်"

"ဩော်–ဩော်– ကောင်းကျိုးရမှာကိုး"

"ဟုတ်တယ်၊ ဘကြီးခင် ကိုတင်ငွေတို့အိမ်မှာဆို သင်းခွေချပ် မမြင်ဖူးလို့ လာကြည့်သူတွေမှ အုံးအုံးကို ထနေတာတဲ့"

"အင်း–– အင်း– ဆက်စမ်းပါဦး"

"ရောက်စ တစ်ရက်နှစ်ရက်အတွင်းမှာဆို ဘာကျွေး ကျွေး မစားဘူးတဲ့။ ခွေနေတာပဲတဲ့။ အဲ– ၃–ရက်မြောက် နေ့ကျတော့ ဘုန်းကြီးကျောင်းကို ရေဇလုံထဲမှာထည့်ပြီး ယူသွား ပြတယ်။ ဘုန်းကြီးကိုလဲ အိမ်မှာအန္တရာယ်ကင်းအောင် သံဃာ ၃–ပါးလောက်နဲ့ တရားပေစာ နာလိုကြောင်းလဲ လျှောက်ခဲ့သတဲ့။ အဲလို တရားနာ အမျှအတန်းဝေပြီးမှ တောထဲကို ပို့မှာကိုး ဘကြီးခင်"

"အေး– မင့်ဟာက စိတ်ဝင်စားစရာပဲ"

"ဟုတ်ကဲ့။ အဲလိုနဲ့ ဘုန်းကြီးတွေ ကြွ။ တရားဟော ရေစက်ဘာချပြီးလို့ တောထဲကိုလဲပြန်ပို့မယ်လုပ်ရော သင်းခွေ ချပ်ရဲ့ မျက်လုံးထဲက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်ဆိုပဲ"

"ဟင်– ဆန်းလှချေလား"

"ဟုတ်တယ် လူလိုပဲတဲ့။ လက်ကလေး နှစ်ဖက်နဲ့ မျက်ရည်သုတ်နေရှာသတဲ့။ ဒီတွင် ကိုတင်ငွေက ဗဟုသုတ ရှိတဲ့ လူဆိုတော့ အတင်းကြီး ပြန်မလွှတ်သေးဘဲ အဲ– (၁၀–၈–၉၃) ရက်နေ့ညကျတော့ သူ့မိဘ လက်ထက်က ကျန်နေတဲ့ ဇလုံထဲမှာ ထမင်းနဲ့ ငါးကြော်ကိုထည့်၊ နောက် ကြွေပန်းကန် တစ်လုံးထဲမှာ ရေထည့်ပြီး သင်းခွေချပ်အနားမှာ ချထားပြီး အခုလို ပြောသတဲ့။

"အသင် သင်းခွေချပ်၊ အသင်ဟာ ကျွန်ုပ်ရဲ့မိခင် မှန်ရင် ဒီထမင်းနဲ့ရေကို ကုန်အောင်စားသုံးပြပါလို့ ပြောသတဲ့။ အဲဒါ မိုးလင်းတော့ သွားကြည့်တော့ ထမင်းတစ်လုံး၊ ရေ တစ်ပေါက်တောင် မကျန်တော့ဘူး။ အားလုံးပြောင်တလင်းခါ နေတာပဲဆိုပဲ"

"နို့– ဘယ်လိုမို့လဲ ဆရာလေး"

"ကိုတင်ငွေ့အမေ ဖြစ်လို့ပေါ့ ကိုဖိုးထောင်။ အဲ– သူ့အမေက ၁၃၂၄– ခုနှစ်က ကွယ်လွန်သွားတာ။ ဒီသင်းခွေချပ်

လာတဲ့အထိဆို နှစ်ပေါင်း ၃၁–နှစ်တောင် ရှိပြီတဲ့။ ဒါနဲ့ သူ့အမေများ သင်းခွေချပ်ဖြစ်နေသလား ဆိုတာကို သူက ဗဟုသုတရှိတော့ စမ်းကြည့်တာကိုး။ အခု မှန်နေတာကို တွေ့ရရော။

"အဲလို တွေ့ရရင်ပဲ အဲ– ကျည်းကန်ရွာမှာနေတဲ့ အစ်ကိုအကြီးဆုံး ဦးအောင်ကြည်ရယ်၊ နောက် ရှမ်းရွာမှာနေကြတဲ့ အစ်ကိုလတ်ဖြစ်သူကိုသန်းခင်နဲ့ ညီငယ်ကိုခင်ငွေတို့ကို လာခဲ့ဖို့ အကြောင်းကြားလိုက်တယ်။ အဲ– အဲဒီလူတွေလဲ သူတို့သားမယားတွေနဲ့ အူယားဖားယား ရောက်လာရင်ပဲ သင်းခွေချပ်က သားတွေချွေးမတွေပေါ် မျက်ရည်စက်လက်နဲ့ တွယ်တက်နေရှာသတဲ့။ အနားက အံ့ကြည့်နေသူတွေမှာ သနားလွန်းလို့ မျက်ရည်တောင် ကျကြရှာဆိုပဲ။

"တစ်ခါ ဆွေတွေမျိုးတွေက ဝိုင်းအုံလာပြီး အရင်သူမသေခင်က လူ့ဘဝက ခေါ်နေကြ ပြောနေကြအတိုင်း ခေါ်ဝေါ်ပြောဆိုပြီး မတ်တပ်ရပ်ပြပါဆို ရပ်ပြရှာသတဲ့။ ပါးစပ်လေးကလဲ တစ်စုံတစ်ရာ ပြောချင်သလိုလိုနဲ့ လှုပ်နေရှာသတဲ့"

"သနားစရာပါပဲလား မောင်တင်အောင်"

"ဟုတ်တယ်၊ ဘကြီးခင်။ အဲလိုကနေ အခုလို သူ့မှာ အဟိတ်တိရစ္ဆာန်ဘဝ ရောက်နေရတာကိုလဲ ရှက်သလိုလိုနဲ့ ခေါင်းလေးများ ငုက်လို့တဲ့လေ။ အဲ– သံဃာတော်တွေ လာကြည့်တဲ့ အခါဆို လက်ကလေးနှစ်ဖက်ကိုချီတဲ့ပြီး ရှိခိုးသတဲ့။

ဒီကြားထဲ သူ့သားကြီး ဦးအောင်ကြည်က သူပြန်မယ်လို့ နှုတ်ဆက်ရင်ပဲ အတင်းဖက်တွယ်ပြီး မျက်ရည်များ စီးကျနေရှာတယ်။ ပါးစပ်လေး တလှုပ်လှုပ်နဲ့ တစ်စုံတစ်ရာကို ပြောချင်ပုံနဲ့တဲ့။ ဒီတော့ ဒီသင်းခွေချပ်ဟာ ကိုတင်ငွေတို့အမေ ဒေါ်ရွှေတင်သေပြီးနောက် အဟိတ် တိရစ္ဆာန်ဘဝရောက်တာ သေချာနေတာပေါ့နော် ဘကြီးခင်"

"အေး- ဒါ သေချာတယ်ကွ။ ဒါဟာလဲ ကိုတင်ငွေဗဟုသုတရှိလို့သာ သူတို့အမေမှန်းသိရတာ။ အဲ- ဒီနေရာမယ် တကယ်လို့ ဒေါ်ရွှေတင်သာ အခုလိုသင်းခွေချပ်ဘဝ မရောက်ဘဲ ပြိတ္တာဘဝသာ ရောက်မယ်ဆိုရင် တောက်- ကုသိုလ်လုပ် အမျှဝေလိုက်ရုံပဲပေါ့"

"ဟုတ်တယ် ဘကြီးခင်။ အင်း- အခုတော့ ဒေါ်ရွှေတင်က အပါယ်လေးဘုံအနက် တိရစ္ဆာန်ဘုံရောက်တော့ ကုသိုလ်ပေးလို့ကလဲ မရကိုး။ ဒီတော့ အမေမှန်းသိရတော့ ဝိုင်းသနားနေရုံ၊ ကျွေးမွေးစောင့်ရှောက်ထားရုံသာ ရှိတော့တာပေါ့"

(ဦးမြင့်အောင်- ကြောက်စရာ ဘဝသံသရာ။
၁၉၉၉ - ခု၊ လဆုတ်၊ ရတနာမွန်မဂ္ဂဇင်း။)

"တကယ်တော့ ဒါဟာ ရှက်စရာတော့ မဟုတ်ဘူး။ ဒါကို လက်တွေ့အနေနဲ့ သင်ခန်းစာယူပြီး အပါယ်လားကြောင်း အလုပ်တွေ ရှောင်ကြရမှာကိုး"

"ဟုတ်ကဲ့"

"ဒီလိုရှောင်ဖို့များ ဒေါ်ရွှေတင်က သူ့သားသမီးတွေကို သူ့အဖြစ်ကိုပြပြီး လာဆုံးမတာများလားမှ မသိတာ"

"ဟုတ်မယ် ဘကြီးခင်။ ဒါလဲဖြစ်နိုင်တာပဲ၊ မိဘကိုး။ ငါ့လို ငါ့သားသမီးတွေ မဖြစ်ကြရအောင် သွားသတိပေးမှ ဆိုတဲ့သဘော ရောက်နိုင်တယ်နော်"

"ဒါတင်ဘယ်ကမလဲ၊ တို့ဘုရားရှင်ဟောခဲ့တဲ့ ၃၁-ဘုံ ရှိတယ်ဆိုတာ၊ ကျင်လည်ရတယ်ဆိုတာလဲ သာဓကေ ပြတာပဲ မဟုတ်လား"

"ဟုတ်ပါ့ ဘကြီးခင်"

"အဲ- တို့ဘုရားရှင် လက်ထက်ကလဲ တောဒေယျပုဏ္ဏားကြီးဆိုတာ သေပြီးနောက် ခွေးဘဝရောက်ရတာ။ နောက်ပြီး ကိုတင်ဌေတို့က သူတို့အမေ သေပြီးတဲ့နောက် သင်းခွေချပ်ဖြစ်ရမှန်းသိရသလို ဟိုတောဒေယျရဲ့သား သုဘလုလင်လဲ သူ့အဖေ ခွေးဘဝရောက်ရတယ်ဆိုတာကို သိတာပဲ"

"ဒါဖြင့် အဲဒါကို ပြောပြပါလား ဘကြီးခင်"

"အေး ဘုတ်ဆုံ။ ဒီလိုကွယ့်။ တို့ဘုရား လက်ထက်တုန်းက တောဒေယျပုဏ္ဏားကြီးဆိုတာ အင်မတန် ချမ်းသာတာ။ နို့ပေမယ့် လှူဖို့တန်းဖို့ဆိုတာ ဝေလာဝေးရယ်။ ပစ္စည်းတွေ မက်လွန်းလို့ ကုန်မှာခန်းမှာကို အင်မတန် ကြောက်တာကိုး။

သားသမီးလဲ များများစားစား ရှိတာမဟုတ်ဘူး။ သုဘ တစ်ယောက်တည်းရယ်။ ဒါနဲ့တောင် ကုန်မှာခန်းမှာ သူက ကြောက်နေတာ။

"ဘယ်အထိများလဲဆို သူ့သားသုဘကို ဆုံးမတာတောင် လှူလေးတဲ့ တို့ပစ္စည်းတွေကို နည်းနည်းများများ ဘယ်တော့မှ မပေးနဲ့၊ မလှူပါနဲ့တဲ့။ လှူတယ်ဆိုတာ မျက်စဉ်းတောင့်လေး တွေကို သွေးရသလိုပဲ။ မျက်စဉ်းတောင့်လေးကို သွေးပါများရင် တဖြည်းဖြည်းနဲ့ ကုန်သွားသလိုပဲ။ အဲ– တို့ပစ္စည်း ဥစ္စာတွေကို ဟိုနည်းနည်း၊ သည်နည်းနည်းနဲ့လှူရင် ကြာရင်ကုန်ရောတဲ့။ အဲ– တစ်ခုတော့ရှိတယ်။ ပစ္စည်းရှာရင်တော့ ခြလိုပဲ။ ရသမျှကို နည်းနည်း နည်းနည်းနဲ့ စု၊ စုပါများရင် ကြာရင်အများကြီး ဖြစ်လာမယ်နဲ့။ အဲလို ဆုံးမတာတဲ့"

"အတော့်ကို ကပ်စေးနည်းတဲ့ ပုဏ္ဏားကိုး"

"အေးဟုတ်တယ် ဖိုးထောင်။ သူလဲဘာမှ မလှူဘူး။ သူ့သားကိုလဲ မလှူဖို့ အဲလိုနားသွင်းထားတာ။ ဒါနဲ့ တစ်နေ့မှာ တောဒေယျကြီး သေဆုံးသွားတယ်။ ဒီလို တောဒေယျ သေ တော့ သုဘက ထင်တာက သူ့အဖေ ဗြဟ္မာကြီး ဖြစ်သွားပြီ လို့တဲ့"

"နို့– ဘာလို့မို့လဲ"

"သူတို့အယူကိုက သူတို့သေရင် ဗြဟ္မာဖြစ်တယ်လို့ ယူကြတာကိုး။"

"အော်- ဒါကြောင့်ကိုး"

"အဲ- သုဘာကသာ ထင်နေတာ။ 'သူ့အဖေ ဗြဟ္မာဖြစ်ပြီလို့' နို့ပေမယ့် တောဒေယျကြီးက သူ့အိမ်မှာတွင် ခွေးအဖြစ်နဲ့ ပြန်ရောက်နေရတာကိုတော့ သုဘာက သိမှမသိရှာတာ။ နို့ပေမယ့် အဲလိုတောဒေယျကြီးလဲ ခွေးဘဝနဲ့ သုဘာအိမ်မှာ ပြန်ဖြစ်ရော။ သုဘာကလေ အဲဒီခွေးလေးကို ချစ်လိုက်တာမှ တုန်နေတာတဲ့။

"ပြုစုယုယလိုက်တာမှ ကန်းကိုကုန်ရော။ သူကိုယ်တိုင် ရေချိုးတယ်။ အိပေ့ဆိမ့်ပေ့ ဆိုတာတွေမှ ကျွေးတယ်။ သူကိုယ်တိုင်ပဲ ညွှန့်ပေ့ဆိုတဲ့ အိပ်ရာပေါ်မှာ သိပ်သတဲ့။ အစေခံတွေဆိုရင် ဒီခွေးလေးကို လက်ဖျားနဲ့တောင် မတို့မထိရဘူးတဲ့။ ဒီအထိ ချစ်မြတ်နိုးတာ။

"အဲလိုနှင့်နေတုန်း တစ်နေ့မှာ သုဘာအိမ်မှာမရှိဘူး။ အဲလို သုဘာမရှိခိုက်မှာတွင် တို့ဘုရားရှင်က သုဘာအိမ်မှာ ဆွမ်း လာရပ်တော်မူရော။ အဲလိုလဲဗုဒ္ဓက ဆွမ်းရပ်ရော ခွေးလေးက တဝုတ်ဝုတ်နဲ့ ထိုးထိုးဟောင်တာ ညံနေတာပဲတဲ့။

"ဒီတော့ ဗုဒ္ဓက- တောဒေယျကြီးရယ် ခွေးဘဝရောက်တာတောင် ငါဘုရားကို ဟောင်နေတုန်းလား။ အရင်

လူ့ဘဝတုန်းကလဲဒီလိုပဲ။ ငါဘုရားကိုတွေ့ရင် ဘောဘောနဲ့ အော်လွှတ်၊ မလှူရက်မတန်းရက်နဲ့ သေတော့ ခွေးဘဝရောက်ရ။ ဒီတစ်ခါ ဟောင်နေသေးရင် ခွေးဘဝကသေရင် နင်တော့ ငရဲကျတော့မှာပဲလို့ အမိန့်ရှိပြီး ပြန်ကြွသွားတယ်။ အဲလိုလဲ ပြောပြီး ဗုဒ္ဓလဲပြန်ရော ခွေးလေးက 'ဟယ်– ငါခွေးဖြစ်တာ ရှင်ကြီးဂေါတမ သိသွားပြီ' ဆိုပြီး မျက်ရည်တွေ ပိုးပိုးပေါက် ပေါက်ကျလာ၊ အိမ်ပေါ်ကဆင်း ဖိုခလောက်ကြားက ပြာပေါ်မှာ သွားအိပ်နေရော။

"အဲလိုလဲအိပ်ရော အစေခံတွေက ပြေးဆင်းလာပြီး ခွေးလေးကို ခေါ်တာပေါ့။ ခေါ်ပေမယ့် မရဘူးတဲ့။ သူက အကိုင်ကို မခံဘူး။ ကိုက်လွှတ်သတဲ့။ အဲလိုဖြစ်နေတုန်း သုဘ ပြန်ရောက်လာတယ်။ ပြန်ရောက်လာတော့ 'ဟော့ – ငါ့ခွေးကို ဘယ်သူ မောင်းချသလဲ၊ ဘာလဲ' နဲ့ပဲ ကြိမ်းမောင်းပေါ့ကွာ။

"အဲ– သူက ကြိမ်းမောင်းတော့ အစေခံတွေက ဘုရားရှင် ဆွမ်းလာရပ်ပုံ၊ ခွေးလေးက ဟောင်ပုံ။ ဘုရားရှင်က တော ဒေယျလို့ခေါ်ပုံ စတာတွေကို တစ်လုံးမကျန် ပြောတာပေါ့။ အဲဒါကို ကြားရင်ပဲ သုဘဒေါသက ထောင်းခနဲထလာတယ်။

"အောင်မာ ရှင်ကြီးဂေါတမက ငါ့အဖေကို ခွေးတဲ့။ တောက်– ဟင်း ဒါ– ငါ့အဖေက ဗြဟ္မာကြီးဖြစ်နေတာကို သူသက်သက် စော်ကားတာ။ ဒါသူ့ကို လူလိမ်လူကောက်

ကြီးလို့ စွပ်စွဲရမယ်။ ဘာညာနဲ့ ပြောပြီး ဇေတဝန်ကျောင်းကို ဒုန်းစိုင်းချလာတယ်။

"အဲ- ရောက်တယ်ဆိုရင်ပဲ သုဘက ဒေါနဲ့ မောနဲ့-

"ဘယ့်နှယ့် ရှင်ကြီးဂေါတမ။ မနက်က အိမ်ကို လာသလား"

"အေး- ငါ ဘုရား သင့်အိမ်ကြွခဲ့တယ်"

"ဒါဖြင့် အဖေ့ကို ခွေးဘဝရောက်တယ်လို့ ပြောခဲ့တယ်ဆို"

"အေး- ဟုတ်တယ်၊ ငါဘုရား ပြောခဲ့တယ်"

"ဒါ အရှင်ဂေါတမ၊ အဖေသေလို့ ဗြဟ္မာဖြစ်နေတာကို ခွေးဖြစ်ရတယ်လို့၊ မခံနိုင်ဘူး။ မုသာဝါဒနဲ့ စွပ်စွဲရမယ်လို့ သုဘကပြောတော့ ဘုရားရှင်က အေးအေးပဲ ပြန်ပြောတယ်"

"ဒီလိုရှိတယ် သုဘ။ မင်းအဖေသေတော့ မင်းရလိုက်တဲ့ ပစ္စည်းတွေထဲမှာ အချို့ပစ္စည်းတွေ မင်းအဖေ ပြောမသွားတာ ရှိသေးလား"

"ဒါတော့ရှိတယ် ရှင်ကြီးဂေါတမ။ စိန်ပန်းခိုင်၊ ရွှေပန်းခိုင်တို့၊ ရွှေခြေကျင်းတို့ အခုဘယ်မှာထားသွားလဲ မသိဘူး။ အဖေကလဲ အဲဒါပြောမသွားဘူး"

"နို့ အဲဒါတွေ လိုချင်သလား"

"ဟာ- လိုချင်ပြီပေါ့"

"အေး– ဒီလိုဆို မင်းပြန်သွား၊ မင်းရဲ့ခွေးလေးကို ရေမိုးချိုး၊ အဆီအအိမ့်တွေကျွေး။ နောက် အိပ်ရာသန့်သန့်ပေါ် မှာသိပ်။ နောက် အဲဒီခွေးလေး အိပ်လို့မပျော်တစ်ချက် ပျော် တစ်ချက်ဖြစ်ချိန်မှာ မင်းက ခွေးရဲ့နားနားကပ်ပြီး––

"အဖေလို့ခေါ်။ ပြီးတော့ 'အဖေ–သားကို ပြောမသွားတဲ့ ပစ္စည်းတွေ အခုဘယ်မှာလဲလို့ မေး။ အဲလိုမေးရင် သူမြှုပ် ထားတာ ပြလိမ့်မယ်" လို့ ဗုဒ္ဓက ပြောလိုက်တယ်။

ကောင်းပြီ၊ ဒီလိုဆို တပည့်တော် ပြန်လုပ်ကြည့်မယ်။ 'ဟုတ်ရင် ဟုတ်ပေါ့၊ မဟုတ်ရင်တော့လား ရှင်ဂေါတမကို တစ်လောကလုံးကသိအောင် မုသာဝါဒသမားကြီးလို့ ကြေညာ ရမယ်' နဲ့ပေါ့ ပြောဆိုပြီး ပြန်လာတယ်"

"ဒါ– လုပ်ကြည့်ရောလား ဘကြီးခင်"

"အေး– လုပ်ကြည့်တာပေါ့ ဘုတ်ဆုံ။ လုပ်ကြည့် ရင်ပဲ ခွေးလေးက သူ့လဲအဖေခေါ်ရော ညြော်– ငါခွေးဖြစ် နေတာ ငါ့သားလေးတောင် သိပါပေါ့လားဆိုပြီး မျက်ရည်တွေ ကျပြီး ခုတင်ပေါ်ကခုန်ဆင်း။ သုဘရဲ့ ပုဆိုးစလေး ပါးစပ်နဲ့ ကိုက်ဆွဲခေါ်ပြီး သူမြှုပ်ထားတဲ့ ပစ္စည်းတွေ ထားတဲ့နေရာကို လက်လေးနဲ့ ယက်ပြသတဲ့။ အဲဒါ သုဘကတူးတော့ အကုန်လုံး ပြန်ရသတဲ့။

"အဲဒါကြောင့်မို့ အခုန မောင်တင်အောင်ပြောတာတွေဟာ အမှန်တွေချည်းပဲ။ ကြောက်လန့်စရာ အလွန်ကောင်းတာ။ သတိသံဝေဂရဖို့ပဲ လိုတော့တယ်နော်"

"ဟုတ်ကဲ့ ဘကြီးခင်၊ နောက်– ဟိုပန်းတနော်ဘက်မှာက ဖခင်က ဝက်သတ်သမားဆိုတော့ သေတာနဲ့ ဝက်သွားဖြစ်သတဲ့"

"အဲဒါလေးလဲပြောပါ ဆရာ"

"ဒါက ဒီလိုဗျ ကိုဖိုးထောင်။ ဝက်သတ်သမားက မြို့မှာနေတာ။ နာမည်ကိုတော့ မဖော်နဲ့တော့"

"ဟုတ်ကဲ့ နာမည်သိဖို့ မလိုပါဘူး။ ပြောသာပြောပါ"

"ဟုတ်ကဲ့၊ ဒါက ဒီလိုဗျ ကိုဖိုးထောင်။ ဝက်သတ်လိုင်စင်ရ ဝက်သတ်သမားက မြို့မှာနေတယ်။ တစ်ခါ ဝက်တွေမွေး၊ လှောင်ထားပြီး ရောင်းလို့ရတဲ့ အရွယ်ရောက်တိုင်း မြို့တက်တက်ပြီး အဲဒီလိုင်စင်ရတဲ့ လူဆီမှာ ရောင်းလေ့ရှိသူက ကိုဘအေးတဲ့။ သူက အမြဲသွားရောင်းလေ့ရှိတယ်။ အဲလိုနဲ့ တစ်နေ့မှာ ကိုဘအေးက ဝက်တွေကြိုးနဲ့တုပ်ချည်ပြီး သူ့မိတ်ဆွေဝက်သတ်လိုင်စင်ရတဲ့သူဆီမှာ သွားပို့ရော။

"ပို့တော့ သူကပြောသတဲ့။ ကဲ– ကိုဘအေးရေ။ ခင်ဗျား ဝယ်စရာ ခြမ်းစရာရှိလဲ လိုက်ဝယ်ဦး။ အပြန်တော့ ဝက်ဖိုးငွေတွေ ဝင်ယူပေါ့။ ကျုန်တော် ထုပ်ထားလိုက်မယ်လို့။

အဲ- ကိုဘအေးကလဲ ကောင်းပြီဗျာ။ ကျွန်တော်တို့က လူရင်းတွေပဲဟာဆိုပြီး မြို့ထဲမှာ ဝယ်စရာရှိတာဝယ်၊ အပြန်မှာ ဝက်ဖိုးငွေယူပြီး ပြန်ခဲ့သတဲ့။

"အဲ- အိမ်လဲကျရော ဝက်ဖိုးငွေတွေ ရေတွက်ကြည့်တော့ ဝက်တစ်ကောင်ဖိုးက လိုနေတာတွေ့ရတယ်။ ဒါနဲ့ ဟိုလူဆီ ပြန်လာပြောတာပေါ့။ ပြောတော့ မဟုတ်ဘူး ကိုဘအေး၊ ကျွန်တော် ဝက်ဖိုးငွေ အပြည့်အဝ ထုတ်ပေးလိုက်တာပါ။ ဒါခင်ဗျား လမ်းမှာ ဖြေကြည့်လို့ ထွက်ကျတာနေမှာ"

"မဟုတ်ဘူး၊ ကျွန်တော်လမ်းမှာ မဖြေပါဘူး။ နဂိုကတည်းက လိုနေလို့ နေမှာ"

"ဟာ- ဘယ်ကလိုမှာလဲ။ အတိအကျကို ပေးလိုက်တာလို့ ငြင်းရော။ အဲလိုငြင်းနေတော့ ကိုဘအေးက အလျှော့ပေးလိုက်တယ်။ နောင်- လုပ်စားဖို့ကရှိသေး မဟုတ်လား။

"အေးဗျာ- ဒါဆိုလဲပြီးရောပေါ့ဆိုပြီး ပြန်လာတယ်။ ဒီလိုနဲ့ နေလာကြတာ အသက်အရွယ်တွေ ထောက်လာပြီး တစ်နေ့မယ် ဝက်သတ်လိုင်စင်ရတဲ့ လူလဲအချိန်ကျတော့ သေဆုံးသွားတယ်။ ဟို- ကိုဘအေးလဲ အသက်အရွယ်က ခြောက်ဆယ်ကျော်ပြီမို့ ဒီအလုပ်ကို မလုပ်တော့ဘဲ သူ့သားကို လွှဲပေးလိုက်တယ်။ သူကတော့ ဘုရားသွား ကျောင်းတက်နဲ့ ကုသိုလ်အလုပ်ပဲ လုပ်တော့တယ်တဲ့။

"အဲ– တစ်နေ့မှာ ဝက်ဝယ်သမားလေး တစ်ယောက်က ကိုဘအေးနာမည်ကိုမေးပြီး ပေါက်ချလာတာကိုး။ ဒီတော့ ကိုဘအေးကို တွေ့ရင်ပဲသူက ဘယ်သူ့သားပါ။ အဖေကတော့ သေပြီ။ အခု ဒီဝက်သတ်လိုင်စင်အလုပ်ကို သူဆက်လုပ်နေပါတယ်။ အဲဒါအဖေ့လက်ထက်ကလိုပဲ သူ့ကို အဖေ့စာရင်းအရ အရင်က အဖေနဲ့အတူအလုပ်လုပ်တဲ့ သူတွေဆီမှာ သူ ဝက်လိုက်ဝယ်ပါတယ်"လို့ပြောပါတယ်။

"ဒီလိုပြောတော့ ကိုဘအေးက –

"အေးအေး ငါက တော့ အသက်ကြီးလို့ ဒီအလုပ်ကို လုံးဝမလုပ်တော့ဘူး။ ဒီအလုပ်ကိုတော့ ငါ့သားမင်းနိုင်က ဆက်လုပ်နေတယ်။ ဒီတော့ မင်း သူနဲ့ပဲ ဆက်လုပ်ပါဆိုပြီး သူ့သား မင်းနိုင်နဲ့ တွေ့ပေးလိုက်တယ်။

"ဒီလိုနဲ့တွေ့ပေးတော့ မင်းနိုင်က 'လာဗျာ၊ ကျွန်တော်တို့ ဝက်ခြံဘက်လှည့်ကြည့်ကြရအောင်' ဆိုပြီး ခေါ်သွား၊ ဝက်တွေလိုက်ပြနဲ့ပေါ့။ ဒီတွင် ဒီဝက်ဝယ်သမားလေးက ဝက်ခြံထဲဝင်ပြီး ဝက်တွေကိုဝယ်ဖို့ စိတ်ကြိုက်ကြည့်တာကိုး။

"အဲလိုကြည့်ရင်းကြည့်ရင်းနဲ့ ခြံထဲက တစ်နေရာမှာ ဝက်ကြီးတစ်ကောင်က ဆောင့်ကြောင့်ကြီးထိုင် မျက်ရည်တွေတွေကျပြီးသူ့ကို ကြည့်နေသတဲ့"

"အဲဒါကို သူက လှမ်းမြင်ရတော့ ဝက်ကြီးမျက်နှာက သူ့အဖေမျက်နှာနှင့် ချွတ်စွပ်တူနေတာကို တွေ့ရတော့ပဲ-

"ဟာ ဒါ အဖေပဲဆိုပြီး လန့်ဖျန့်ကာ ခြံထဲက အတင်းထွက်ပြီး ဦးဘအေးကို သူ့အဖေမသေခင်က ဘယ်လို များဖြစ်ကြသလဲလို့ မေးကြည့်တယ်။

"ကိုဘအေးကလဲ အရင်က ဖြစ်ပျက်ခဲ့တာတွေ ပြော တာပေါ့။ ဝက်တစ်ကောင်ဖိုး ငွေလိုတာကစပြီး-"

"ဒီတွင် သူက ဒီလိုဆို ဒီဝက်ကြီးဟာ ကျွန်တော့်အဖေ ဝင်စားတာဖြစ်မှာပဲ။ ဒီတော့ ဒီဝက်ကြီးကို ကျွန်တော် ဝယ်သွား ပါ့မယ်။ အဖိုးအခလဲ နှစ်ဆပေးပါ့မယ်ဆိုပြီး ဝယ်သွားသတဲ့"

"အဲ မြို့ပေါ်ဝယ်သွားပြီး ကောင်းမွန်စွာ ကျွေးမွေး ပြုစုသွားတယ်။ သူလဲပဲ အဲဒီအချိန်ကစပြီး ဒုစရိုက်အလုပ်ကို စွန့်လွှတ်ပြီး အခြားအလုပ်နဲ့လုပ်ကိုင်စားသောက်သွားသတဲ့"

(မြင့်မိုရ်မြတ်လေး 'သံသရာလည်မှာ ကြောက်မိပါ၏'

၉၄- ခုနှစ်၊ ဧပြီ ရတနာမွန်မှ)

"ဘယ်လိုလဲ ဘကြီးခင် ကြာလေ ကြောက်စရာကောင်း လေပါလား"

"အေးဟုတ်တယ် ဖိုးထောင်၊ သတိကြပ်ကြပ်သာထား ရော"

"ဟုတ်ကဲ့ ရှိသေးလားဆရာလေး"

"ရှိတယ်ဖိုးထောင်။ ဒီတစ်ယောက်က နွားဘဝရောက်သွားတာ"

"ဒါဆို ပြောပါဦးဆရာလေးကိုတင်အောင်"

"ဟုတ်ကဲ့"

"တစ်ယောက်က ဦးလွန်းမောင်တဲ့။ နောက်တစ်ယောက်က ဦးငွေမိုးတဲ့။ သူတို့က တစ်ရွာထဲရယ်။ နောက်ပြီး နှစ်ယောက်စလုံးကလဲ သူတို့ရွာမှာ ထိပ်ထိပ်ကျဲတွေမို့တဲ့၊ နို့ပေမယ့် စရိုက်ချင်းကျတော့ မတူဘူး။ ဦးလွန်းမောင် က ရိုးဖြောင့်တယ်။ တိကျတယ်။ ဘွင်းဘွင်းရှင်းရှင်းသမား။ ဦးငွေမိုးကျတော့ ကလိမ်ကကျစ် ရယ်။ ငွေနဲ့ ကြေးနဲ့ဆို အလွန်ညစ်စုပ်တဲ့လူတဲ့။

"အဲ တစ်နေ့မယ် ဦးငွေမိုးက ဦးလွန်းမောင်ဆီက ငွေ ခုနစ်ရာ ချေးတယ်။ ဘယ်နေ့ကျပြန်ပေးပါ့မယ်နဲ့။

"ဟိုကလဲ အတိုးမယူ ဘဲပေးရှာတယ်။ တစ်ခုတော့ ရှိတယ်။ ပေးမယ်ဆိုတဲ့နေ့ ပေးဖို့ပဲ။

"ဒီလို ကတိပြုကြပြီးသည့်အခါ ဦးငွေမိုးက ပေးပါ့မယ်ဆိုတဲ့ နေ့လဲရောက်ရော ဦးလွန်းမောင်က သူ့ငွေ ခုနစ်ရာကို သွားတောင်းတယ်"

"ဒီတော့ ဦးငွေမိုးက–

"ဟာ အတော်ပဲ ဦးလွန်းမောင်၊ ကျွန်တော်လဲခင်ဗျား ဆီလာတော့မလို့ဟာ"

"အဲဗျာ အားတော့နာပါတယ်။ ကျွန်တော့်မှာလဲ အဆင် မပြေသေးလို့ နောက်လကျမှ ပေးပါရစေ။ ဒါအခုပဲ လာပြော မလို့"

"အဲလို ဦးငွေမိုးကပြောတော့ ဟို လူဖြောင့်စိတ်တို သမား ဦးလွန်းမောင်က–

"ကောင်းပြီ ဦးငွေမိုး၊ ခင်ဗျား ကတိသာတည်ပါစေနော်။ ဆိုပြီး ငေါက်ခနဲဆိုထ ပြန်လာသတဲ့။

"အဲလိုနဲ့ ဦးငွေမိုးချိန်းတဲ့တစ်လလဲပြည့်ရော ဦးလွန်း မောင်က သူ့ငွေကို သွားတောင်းပြန်တယ်။ ဒီတစ်ခါကျတော့ ဟို ကလိန်ကကျစ်သမား ဦးငွေမိုးက မျက်နှာထားခပ်တည်တည် ကြီးနဲ့ –

"အလို ဦးလွန်းမောင် ကျုပ်က ခင်ဗျားဆီက ဘယ် တုန်းကများ ငွေခုနှစ်ရာ ယူလို့လဲ။ ဘုရားရေ့ ကြားသား မိုးကြိုးဗျာ"

"နို့ နေပါဦး၊ ကျုပ်က ယူတယ်ဆိုတော့ ဘယ်မှာလဲ စာချုပ်၊ စာချုပ်ရှိရမယ်လေ"

"အဲလို အကြောက်အကန် ငြင်းနေတော့ ဟို ဦးလွန်း မောင်ကလည်း ယူတဲ့အကြောင်း ပြန်ပြောနဲ့ အငြင်းအခုန် ဖြစ်နေကြတာ နောက်ဆုံးမှာတော့ ဦးလွန်းမောင်က–

"ဒီမယ် ငွေမိုး၊ ကျုပ် ငွေစုနှစ်ရာကို အခုမပေးလဲ နေနိုင်ပါတယ်။

"အဲတစ်ခုတော့ ရှိရဲ့။ နောက်ဘဝကျမှ ခင်ဗျား ကျုပ်ဆီမှာ နွားလာဖြစ်တော့မှ ကျေအောင်ခိုင်းပြမယ် ဆိုပြီး ပြန်လာခဲ့တယ်"

"အတော်ဆိုးတဲ့ဦးငွေမိုးပဲကိုး"

"ဟုတ်တယ် ကိုဖိုးထောင်၊ နဂိုထဲက ကလိန်ကကျစ် သမားမဟုတ်လား။ သက်သက် အချိန်တွေဆွဲပြီး နောက်ဆုံး ကျမှ ပြောင်ငြင်းထုတ်လိုက်တာ"

"အဲဗျာ ဒီလိုနဲ့ ဒီကိစ္စပြီးလို့ ၇ နှစ် ၈ နှစ်လောက်ရှိ လာတော့ ဦးငွေမိုးဟာ အိပ်ရာထက် ဗုံးဗုံးလဲရော။ ရောဂါ ဝေဒနာက နှိပ်စက်ပြီကိုး၊ ဒီတော့မှ သူ ဟို ပြောင်လိမ်လိုက်တဲ့ ငွေစုနှစ်ရာကို လန့်လာတာနဲ့ သူ့သမီးကို ဦးလွန်းမောင်ကို သွားခေါ်ခိုင်းတယ်။ တောင်းပန်ဝန်ချစရာ ရှိလို့ဆိုပြီး–"

"ဒါပေမယ့် ဘယ်ရမလဲ၊ ဟို ဦးလွန်းမောင် ဆိုတာက 'ဟင်' ဆို ရတဲ့လူစားမှ မဟုတ်တာ။ ဒီတော့ "သမီးလေးတော့ အဘ အားနာပါတယ်၊ ဒါပေမယ့် အဘက ဟင်ဆိုရင်ရတာ မဟုတ်ဘူး။ ဒီတော့ သမီးသာ ပြန်တော့လို့ ပြောလွှတ်လိုက် ရော –

"ဦးငွေမိုးသမီးလေးလဲ ငိုငိုယိုယိုနဲ့ အမျိုးမျိုး တောင်းပန်ပေမယ့် မရတဲ့အဆုံးမှာ ပြန်သွားရတာပေါ့။ ဦးငွေမိုးလဲ ဒီစိတ်ဒုက္ခဝေဒနာနဲ့ပဲ ကွယ်လွန်သွားရှာတယ်"

"အဲလို ဦးငွေမိုး သေဆုံးပြီးတဲ့နောက် ဦးလွန်းမောင် အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာက ဦးငွေမိုးဟာ ပိုက်ဆံအိတ်လေး ချိုင်းကြားမှာညှပ်လို့ သူ့ချေးငွေ ခုနစ်ရာ လာပေးကြောင်း ပြောရှာသတဲ့"

"အဲ ဦးလွန်းမောင်ကလဲ အိပ်မက်ထဲ ထိ အခဲမကျေနိုင်လေတော့ ဦးငွေမိုးပေးတဲ့ငွေကို လက်မခံနိုင်ကြောင်း၊ ငြင်းလိုက်သတဲ့"

"အဲ လို မက်တာချည်းကိုက သုံးကြိမ်တဲ့ ဘကြီးခင်"

"အေးကွာ သူများပစ္စည်းချေးငှားပြီး ပြန်မပေးတာတွေဟာ ကြောက်စရာရယ်နော်"

"ဟုတ်တယ်။ အဲလို ဦးငွေမိုးက အခုမှ အကြွေးလာလာပေးနေလို . ဦးလွန်းမောင်ကလဲ အဲဒီအိပ်မက်ထဲမှာတင်–

"ဒီမှာငွေမိုး အခုမှလာမပေးနဲ့။ လာဆပ်။ ဒါမှ ငါကျေမယ်။ ဒါနောက်ဆုံး စကားပဲ" လို့ ပြောလွှတ်လိုက်သတဲ့"

"ဘကြီးခင် ဒါဦးငွေမိုး ဘယ်ဘဝ ဖြစ်နိုင်မလဲ"

"အေး ပြိတ္တာဘဝပဲ နေမှာပေါ့ကွာ"

"အင်း ဖြစ်နိုင်ပါတယ်"

"သနားစရာ ဘကြီးခင်။ ဒီလူကြီးကလဲ စိတ်ထန် လိုက်တာလွန်ရော"

"အေး ဟုတ်တယ် ဘုတ်ဆုံ။ အတော်စိတ်လန့်တဲ့ လူပဲကိုး"

"ဒီနောက်ဦးလွန်းမောင်မှာ မေ့မေ့ပျောက်ပျောက် ရှိနေရာမှ တစ်နေ့မယ် ဦးလွန်းမောင် အိပ်မက်မက်ပြန်သတဲ့"

ဒီတစ်ခါ မက်တာက –

"ဦးလွန်းမောင် ကျွန်တော်တော့ ဘယ်ရွာက ဘယ်သူ့ အိမ်မှာ နွားလေးဘဝရောက် နေတာ အခုဆို သုံးနှစ်သုံးမိုး တောင် ရှိပါပြီ"

"ဒါ လာဝယ်ပြီး ကျွန်တော့်ကို ခင်ဗျားငွေကျေအောင် ခိုင်းပါတော့၊ ကျွန်တော် ရုန်းဆပ်ပါ့မယ်။

"အစက ခင်ဗျားအိမ်မှာ ဝင်စားဖို့ ကျွန်တော် ကြိုးစား ပါသေးတယ်။ အဲဒါ မရတာနဲ့ အခုလို ဒီရွာမှာ ဝင်စားရတာ ပါ"လို့ အဲလို အိပ်မက်ပေးတယ်တဲ့"

"ဘယ်နှယ် ဘကြီးခင် ပြိတ္တာကနေ အခုမှ နွားဘဝ ရောက်တာ နာလိုက်တဲ့လူ့ဘဝ"

"အေး ဖိုးထောင်၊ ငါဖြင့်သဲထိပ်အူတုံ ရှိလိုက်ပါဘိနဲ့"

"အဲလို အိပ်မက်မက်တယ်ဆိုရင်ပဲ ဦးလွန်းမောင်ဟာ "ဒီတစ်ခါတော့ တွေ့ကျရောပေါ့လို့တွေးလိုက်ပြီး ငွေကို အလုံအလောက်ယူပြီး အဲဒီရွာ အဲဒီအိမ်ကို တန်းသွားရော၊ ဟိုကျတော့ အိပ်မက်တဲကအတိုင်း တွေ့ပါတယ်။ ဟုတ်မဟုတ်ကိုတောင် စေ့စေ့စပ်စပ်ကို ကြည့်တာတဲ့။ အဲ- အိပ်မက်ထဲကအတိုင်း ချွပ်စွတ်ကို တူနေတာကိုတွေ့မှ အဲဒီနွားကိုဝယ်တာ"

"ဟို ပိုင်ရှင်ကလဲ ငွေလိုနေခိုက်နဲ့ ကြုံနေလို့ ရောင်းတယ်။ ဦးလွန်းမောင်ကလဲ ဈေးတောင်ဆစ်မနေဘူး။ ပြောတဲ့ဈေးအတိုင်း ငွေချေပြီး ဝယ်ခဲ့တယ်။

"အဲ အဲဒီ နွားလေးဟာ ဦးလွန်းမောင်အိမ်မှာ အိမ်သူအိမ်သား တွေခိုင်းတာကို မညိုမညင်ကို လုပ်ရှာသတဲ့။ အထူးကတော့ ဦးလွန်းမောင်ရဲ့ အညိုအညင်ဆို နဲနဲလေးမှကိုမခံဘူး။ အရောင် အသွေးက အနီရောင်တဲ့ ဘကြီးခင်"

"အင်း ဆိုပါဦးကွာ"

"အဲဗျာ လယ်များဘာများထွန်ရင် အခြားနွားတွေသာ ပင်ပန်းလို့လဲရတယ်။ ဒီနွားနီကြီးကတော့ လဲရတယ်လို့ကို မရှိဘူး။ ကုန်းရုန်းလုပ်ရှာသတဲ့"

"အဲတစ်ခါတစ်ခါ ဦးလွန်းမောင်က 'ငွေမိုး မင်းငါ့ကြွေး ကျေအောင်ဆပ်နော်' လို့များ ပြောလိုက်ရင် အဲဒါ ဦးလွန်းမောင်ကို တွေပြီးကြည့်ရင်း မျက်ရည်တွေကျလာရှာသတဲ့။ တစ်ခါ ဦးလွန်းမောင်သမီးတွေက–

"အဖေရယ် အဲလို မပြောပါနဲ့ သနားပါတယ်" လို့များ ဆားကနေ ဝိုင်းပြောရင် မျက်နှာကြီးကို တစ် ဖက်လှည့်ပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျနေရှာတယ်ဆိုပဲ။

"အဲလိုနဲ့ ဦးလွန်းမောင်အိမ်မှာ နွားဘဝနဲ့ ရုန်းကန်နေ လိုက်တာ ၁၃ နှစ်လောက်ကြာသတဲ့"

"ဦးလွန်းမောင်ကလဲ ခိုင်းမယ့်သာခိုင်းနေတာ သံယောဇဉ်တော့ အဖြစ်သားဆိုပဲ။ အဲကိုယ်တိုင်ကိုယ်ကျ နယ် ဖပ်ပြီးတောင် ကျွေးရှာသတဲ့"

"အဲလို ၁၃ နှစ်လောက်ကြာလာတော့ အသက်ကလဲ ကြီး အလုပ်ဒဏ်ကလဲပိနဲ့ နွားနီကြီးမှာ သွားတွေတောင် ကျိုး ထွက်တဲ့အထိပဲ။

"အဲလို အိုမင်းမစွမ်းရှိလာတော့ ဦးလွန်းမောင်က နွားနီ ကြီးကို အထွန်အယက်တောင် မခိုင်းတော့ဘဲ စပါးနယ်လောက် ပဲခိုင်းတယ်။ နဖားကြိုးလဲလွှတ်ထားလိုက်တယ်။ သနားကြ လွန်းလို့ ကောက်ရိုးတောင် မကျွေးတော့ဘဲ မြက်နုလေးများ ရိတ်ကျွေးကြသတဲ့၊

"အဲလိုနဲ့ တစ်နေ့ မှာ ဦးလွန်းမောင်မြို့တက်သွားခိုက်မှာ နွားနီကြီးဟာ သေတော့မလို ဖြစ်နေရော၊ အစာရေစာတောင် မဝင်ရှာတော့ဘူးတဲ့"

"ဒီအခါ ဦးလွန်းမောင်ရဲ့သမီးတွေက -

"နွားနီကြီးရယ် မြက်ကိုစားပါဦး။ မစားရင် တို့ကို အဖေဆူနေလိမ့်မယ်"လို့မျှားအနားက ပြောလိုက်ရင် အတင်း ကုန်းထပြီး နဲ့နဲ့ပါးပါးဖြစ်ဖြစ် စားမိအောင်ကို စားရှာတယ်။ အဲဒီအထိ ဦးလွန်းမောင် ညိုညင်မှာကို ကြောက်ရှာတာတဲ့"

"ဖိုးထောင်"

"ဗျာ ဘကြီးခင်"

"ဒါသူမျှားကြွေးနော်၊ နားထောင်ထား ကြောက်စရာ ရယ်"

"အဲဒီလိုဖြစ်နေတုန်းဦးလွန်းမောင် ပြန်ရောက်လာတော့ ဦးလွန်းမောင်က -

"ဟော့ ငွေမိုး အံမာ မင်းက သေတော့မလို့လား"

"မသေနဲ့ဦး။ ငါကြွေးကျေအောင် ဆပ်ဦး"

လို့ ကောက်ကာငင်ကာ ပြောလိုက်တော့ အတင်း တုန်တုန်ယင်ယင်နဲ့ ကုန်းထလာပြီး ဦးလွန်းမောင်အနားမှာ မျက်ရေတွေ ကျနေရှာသတဲ့"

"ဒီလိုဆိုလဲငွေမိုးရယ် ငါ့ကြွေးကျေပါတယ်"

"မင်းလွတ်ရာကျွတ်ရာ သွားနိုင်ပါပြီ"

လို့ ပြောလိုက်ရာတယ်။ အဲဒါ အဲဒီနေ့ည ၉ နာရီ မှာ နွားနီကြီး သေသွားရှာသတဲ့လေ။

**(မြေလတ်–မင်း၊လွင်။ 'အကုသိုလ်ကြွေးရင်လေးဖွယ်ရာ' ဉာဏ်ကင်းဓမ္မစာပဒေသာ မဂ္ဂဇင်း ၉၅/ဗေဓော်ဝါရီလထုတ်မှ)**

"အင်း သူများကြွေးယူပြီး ပြန်မဆပ်သူတွေအဖို့ အလွန်ကြီးမားတဲ့ သင်ခန်းစာပါဘဲ မောင်တင်အောင်"

"ဟုတ်ပါတယ် ဘကြီးခင်၊ အတော့်ကို တုန်လှုပ်စရာကောင်းတဲ့ သင်ခန်းစာကြီးပါ"

"အခု ကျွန်တော်ပြောခဲ့တာတွေက လူ့ဘဝကနေ အပါယ်တိရစ္ဆာန်ဘဝရောက်ရတဲ့ အကြောင်းတွေပဲ"

"အခု ပြောမှက လူ့ဘဝကသေ တိရစ္ဆာန်ဘဝရောက်။ တစ်ခါ အဲဒီတိရစ္ဆာန်ဘဝက သေပြန်တော့ တစ်ခါကံကြီးသီလို့ လူ့ ဘဝပြန်ရောက်လာရတဲ့အကြောင်းတွေပဲ"

"အေး သိပ်ကောင်းပဲဟေ့။ ပြောစမ်းပါကွာ။ အဲဒါတွေ များများစားစားကြီးကိုပြော။ ဒါမှ သံဝေဂတွေရပြီး အပါယ်ဘေးက ဝေးရမှာ –"

"အဲအခု ပြောမှာက ဆင်ဘဝကနေ လူဖြစ်လာတဲ့ ဦးဆင်ကြီးဆိုသူရဲ့အကြောင်းပါ"

"အဲသူက ကော့ကရိတ် နယ်ဘက်ကပဲ ကရင်အမျိုးသား ကြီးပေါ့။ နာမည်က ဦးဆင်ကြီးတဲ့။ ဆင်ဘဝက လာလို့ မှည့်ထားတာ၊

"အဲ ဒီ ဦးဆင်ကြီးအကြောင်းကို ပြောပြတာ သူ့မြေး တစ်ဦးဖြစ်တဲ့ ဘုန်းကြီးဦးပညောဘာသပဲ။ ဘုန်းကြီးနဲ့ ကျွန်တော် က အလွန်ခင်တာ ဘကြီးခင်"

"အဲ ဘုန်းကြီးဦးပညောက ပြောတယ်။ သူ့အဘိုးဟာ အရင်ဘဝက ဆင်ဖြစ်ဖူးတယ်တဲ့။ အဲဒါ အခု လူ့ဘဝရောက် နေတာတောင် နားရွက်တွေကို ဆင်များခပ်သလိုခပ်လို့ ရတယ် ဆိုပဲ။

"အဲ ဘုန်းကြီး ပြောတာက သူ့အဘိုး နာမည်က "ဦးဗလဒေး" တဲ့။ ဦးဗလဒေးရဲ့အစ်ကို ဦးဆင်ကြီးက လူပျိုကြီး၊ ကျောပြင်ကလဲ အကျယ်ကြီးတဲ့။ အရပ်ထောင် ထောင်မောင်း မောင်းနဲ့ ခြေလက်တွေကလဲ တုတ်တုတ်ခိုင်ခိုင်ကြီးတဲ့။

"နောက်တစ်ခါ ကလေးတွေရဲ့အစီးကိုခံတယ်။ သူက ဆင်ဘဝကလာသူမို့ အဲလို ကလေးတွေကများ သူ့ကို စီးရင် ဆိပ်ပျော်တာ။ ဦးစီးလုပ်သူက သူ့လည်ပင်းကို စီးရတယ်။ ဟိုဘက်လှည့် သည်ဘက်လှည့်ဆိုရင် ဦးစီးက ဒူးနဲ့ သူ့နားရွက် ကို တိုက်ရတယ်။ အဲဒါ လေးဘက်ကုန်းပေးပြီး ကလေးသုံးလေး

ယောက်က စီးလျက်နဲ့ ချောင်းထဲဘာထဲလဲ ရေချချင်ရင် ချတာပဲတဲ့။

"အဲဒါ ရွာထဲက ကလေးတွေက သူ့အဘိုးကို တွေ့ရင်–

"ဦးဆင်ကြီး နားရွက်ခပ်ပြပါ"

လို့ပြောရင် ခပ်ပြသတဲ့၊ ကလေး လေးတွေဟာ သူ့အဘိုး နားမှာ အုံနေတာပဲ"

"ဦးဆင်ကြီး တက်စီးမယ်၊ အောင်းအောင်းဆိုရင် ယောတစ်ခါထဲကို ဆင်လိုပဲဝပ်ချလိုက်ရော။ အဲဒါ ကလေးတွေ တက်စီးလဲပဲ မညိုမညင်ခံတယ်။ တစ်ခါ ဦးဆင်ကြီး သစ်ဆွဲမယ်ဆိုရင်လဲ တကယ့်ဆင်ကြီးတွေ သစ်ဆွဲသလို ဟန်အမူအရာအတိုင်း သစ်တိုသစ်စလေးတွေနဲ့ ဆွဲပြသတဲ့"

"အေးကွာ ဒါဟာ ဆင်ဘဝကပါလာတဲ့ ဝါသနာပဲကိုး"

"ဟုတ်ကဲ့ ဘကြီးခင်၊ ဘုန်းကြီး ဦးပညောဘာသကပြောတာက သူ့အဘိုးက ပြောသတဲ့။ ဆင်တွေဟာဆင်ဦးစီးကို သိပ်ကြောက်တာတဲ့။ ချွန်းနဲ့များပေါက်ရင် နာလွန်းလို့ မခံနိုင်ဘူးတဲ့။ အဲဒါ သူဆင်ဘဝတုန်းက ဆင်ဦးစီးကို သတ်ဖို့ တစ်နေ့ တစ်နေ့ ၇ ကြိမ်ကြံသတဲ့။ နို့ပေမယ့် ဆင်ဦးစီးတွေက ဖမ်းခါနီး ဟိတ်လို့အော်ရင် လန့်ဖျန့်ပြီး သတ်ဖို့ကြံတာ ပျောက်ရောတဲ့။

"ဒါနဲ့ပဲ မသတ်ဖြစ်ဘူးဆိုပဲ"

"အင်း အလေ့အလာ ဝါသနာများ တယ်ဖျောက်နိုင်ခဲ့တယ်။ ဟို တိရစ္ဆာန်ဘဝက အကျင့်ဟာ လူ့ဘဝရောက်နေတာတောင် ပါနေတုန်းနော်"

"ဟုတ်ကဲ့၊ ဦးဆင်ကြီးက ပြောသတဲ့၊ ဆင်ဘဝဆိုတာ အင်မတန်ကို ဆင်းရဲသတဲ့၊ လူတွေကညှဉ်းဆဲပြီး ခိုင်းလို့တဲ့"

"အဲ့အခုဟာက နွားဘဝကနေ လူ့ဘဝပြန်ရောက်လာတဲ့ ကိုတင်လှဆိုသူ အကြောင်းပဲ"

"သူက အရင်ဘဝက တောင်ငူအရှေ့ဘက်မှာရှိတဲ့ ထန်းတစ်ပင်ရွာက ဦးမွေးဆိုသူရဲ့နွားတဲ့။ အမည်က 'မိုးညို' တဲ့လေ။

"ဦးမွေးမှာ ဒီတုန်းက မိုးညိုနဲ့ တောက်ထိန်ဆိုတဲ့ နွားတရှဉ်းနဲ့ပဲ ဦးမွေးလယ်ယာကိုင်းကျွန်း လုပ်စားတာကိုး။

"ကိုတင်လှက ပြောတယ်။ နွားတွေရဲ့သဘာဝက ဒီကနေ့ ၁၀ နာရီ လောက် အလုပ်ဖြုတ်ရင် နောက်နေ့မှာလည်း မနက်၁၀ နာရီ ထိုးတာနဲ့ အလုပ်ဖြုတ်မှ ကြိုက်တယ်တဲ့။ သူတို့ကို သူတို့သခင်က ဖြုတ်တဲ့အချိန်ကို သူတို့က မှတ်ထားတတ်တဲ့အကျင့်ရှိသတဲ့"

"ဟို ဖိုးထောင် မှတ်ထားနော်"

"ဟုတ်ကဲ့ ဘကြီးခင်"

"အဲ- အဲဒီတော့ ဦးမွေးက တစ်ခါတော့ ထယ်ထိုးလိုက်တာ မနက် ၁၀ နာရီထိုးပြီးတာတောင် မဖြုတ်သေးဘူး။ အဲဒါ သူတို့ကလဲ ဦးမွေးအလုပ်မဖြုတ်တော့ ပေကပ်ကပ်နဲ့ အလုပ်ကောင်းကောင်းမလုပ်တော့ဘူး။ ဒါကို ဦးမွေးကလည်း ကြိမ်နဲ့ တဖြန်းဖြန်းရိုက် ဆဲလိုက်ဆိုလိုက်နဲ့ကိုး၊။ တစ်ခါ ၁၁ နာရီ ထိုးလဲမဖြုတ်ဘူးတဲ့။ အတင်းပဲဖိခိုင်းနေတယ်။

"နောက်ပြီး သူလယ်ကလဲ တဲနားမှာကိုး။ ဒီတော့ မိုးညိုက တဲနားရောက်လာရင် အတင်းဘဲ တဲထဲကိုဆွဲဆွဲသွင်းတာကိုး။ ဒါကို ဦးမွေးက မကြိုက်ဘူး။ ကြိုးကို အတင်းဆွဲတုတ်ပြီး၊ သူ့ကျောကို တစ်ဖြန်းဖြန်းနဲ့ရိုက်တာ နာလိုက်တာမှ ကျော ကို ကော့ကော့သွားတာပဲ"

"ဒီလို ထယ်ထိုးနေရင်း ဖြစ်နေတော့ ဦးမွေးဒေါသက အထွတ်အအထိပ်ရောက်နေတယ်။

"အေး ဒီတစ်ခါ မင်း တဲ ထဲဆွဲသွင်းကြည့် ပေါက်ဆိန်စာအမိပဲ" လို့ ကြိမ်းသတဲ့။ ဒါပေမယ့် မိုးညိုကလဲ ဂရုမစိုက်ဘူး။ ထယ်ထိုးရင်းထိုးရင်းနဲ့ တဲဘက်နားလဲ တစ်ခါ ပြန်ရောက်ရော မိုးညိုဟာ တရှူးရှူးတရှဲရှဲနဲ့ စိတ်ဆိုးပြီး မျက်ထောက်နီကြီးနဲ့ အတင်းဆွဲသွင်းလိုက်ရော တောက်ထိန်လဲ ယက်ကန်ယက်ကန်နဲ့ ပါလာသတဲ့။

"ဒီတစ်ခါ ဦးမွေးက ဘာပြောကောင်းမလဲ ဒေါသ အိုးပေါက်ကွဲလာကာ တဲအောက်မှာထားတဲ့ ပေါက်ဆိန်ကို ဆွဲယူလိုက်ပြီး မိုးညိုရဲ့ ချိုစောင်းကို ထုချလိုက်ရော။

"အဲလို ထုချလိုက်တယ်ဆိုရင်ပဲ မိုးညိုဟာ မိုက်ခနဲ ဆို မူးဝေသွားပြီး မျက်လုံး တွေပြာလာကာ ဖင်ထိုင်ရက်သား ကျသွားပြီး ဘုံးဆို မြေပေါ်မှာလဲနေတယ်။

ဒီအခါကျမှ ဦးမွေးက–

"ဟယ်– သားကြီးမိုးညို အဖေလက်လွန်သွားပြီကွာ။

ဘယ်လိုမှ မတတ်နိုင်တော့ဘူး။ မင်းကောင်းရာမွန် ရာ ရောက်ပါစေလို့"

ပြောလိုက်တာကို မိုးညိုကကြားလိုက်တယ်။ နို့ ပေမယ့် ဦးမွေးထုလိုက်တဲ့ ပေါက်ဆိန်ဒဏ်ရာနဲ့ပဲ အဲဒီတွင် မိုးညို သေဆုံးသွားတယ်။

"အဲလို သေတယ်ဆိုရင်ပဲ ကိုတင်လှပြောတယ်။ သူဟာ အဲဒီရွာနားမှာတွင် ဟိုသွားလိုက် ဒီသွားလိုက်နဲ့ လုပ်နေရတယ်တဲ့"

"ဒါ တစ္ဆေသရဲဘဝပဲနေမှာပေါ့ဖိုးထောင်"

"ဟုတ်ကဲ့ အဲဒါပဲနေမှာပဲဘကြီးမောင်ခင်။ ကိုတင်လှ ပြောတာက သူဟာ အဲလိုသွားနေတုန်းမှာတွင် အဲဒီတစ်ဝိုက် တွေထဲမှာလဲ သူလိုလူတွေဟာ အများကြီးပဲတဲ့"

"ဒါဆို သေချာပါတယ်ကွ။ နွားမိုးညိုဘဝကသေတော့ တစ္ဆေတို့ သရဲတို့ဘဝကို တစ်ခါကူးတာ ဖြစ်မယ်။ လူ့ဘဝကို တန်းရောက်တာမှ မဟုတ်သေးတော့ ဖြစ်နိုင်ပါတယ်။ ကဲ ဆိုပါဦး"

"အဲလို ဟိုသွားဒီလာလုပ်နေပြီး တစ်နေ့မှာ သူဟာ ရွာတစ်ရွာနားကို မယောင်မလည်နဲ့ ရောက်သွားတယ်ဆိုရင်ပဲ ရွာထဲက သူလိုလူတစ်ယောက်ထွက်လာပြီး–

"ဟေ့ မင်းက ဘယ်လဲ"လို့ မေးတော့ သူက –

"ဘယ်သွားရမှန်း မသိဘူး" လို့ဖြေလိုက်တယ်။ ဒါနဲ့ ဟိုလူက –

"ဒီလိုဆို ရွာထဲဝင်သွားလိုက်၊ ဝင်သွားရင်လဲ အကြီးအကဲ တစ်ယောက်နဲ့ တွေ့လိမ့်မယ်"လို့ ပြောတာနဲ့ သူလဲ ရွာထဲ ဝင်သွားလိုက်တယ်။ ဝင်သွားရင်ပဲ အကြီးအကဲ ဆိုသူကို သူ တွေ့တော့ အဲဒီအကြီးအကဲဆိုသူက သူ့ကို စစ်လားဆေးလား လုပ်ပြီးနောက်–

"မင်း ဘယ်မှ သွားမနေနဲ့တော့။ လူ့ဘဝသွားရတော့မှာ၊ ဒီမှာတင် ၇ ရက်နေ၊ တရားလဲ နလုံသွင်း" လို့ ပြောတာ နဲ့ သူလဲ အဲဒီရွာမှာတင် ၇ ရက် နေလိုက်တယ်။ ၇ ရက် စေ့တော့ အကြီးအကဲက သူ့ကို –

"ကဲမင်းသွားပေတော့"ဆိုပြီး ထန်းတစ်ပင် ရွာဘက်ကို လွှတ်လိုက်သတဲ့။ ဒါနဲ့ သူလဲ ထန်းတစ်ပင်ဘက်ကို လာခဲ့ရော၊ လမ်းမှာ ဝတ်ကောင်းစားလှနဲ့ မိန်းမတစ်ယောက်ကို တွေ့တော့ ကပ်လိုက်သွားတယ်။ ညဘက်ကျတော့ နေခွင့်ပြုဖို့ အိပ်မက်ပေးတာ ခွင့်မပြုဘူးတဲ့။ ဒါနဲ့ နောက်တစ်ယောက် ရှာပြန်လဲ ဒီလိုပဲ နေခွင့်မပေးဘူးတဲ့။ အဲလိုရှိနေတုန်း အဝတ်အစား နွမ်းနွမ်းနဲ့ စပါးရိတ်ရာမှ ပြန်လာတဲ့ ခဘဝကမိခင်နဲ့ တွေ့ရင်ပဲ အရင်ကလို ကပ်လိုက်သွားပြီး နေခွင့်တောင်းတဲ့အခါ ဝမ်းသာအားရ နေခွင့်ပြုလိုက်တာနဲ့မို့ သူဟာ အဲဒီအခုဘဝ မိခင်ရဲ့ ဝမ်းမှာ ပဋိသန္ဓေနေခဲ့ပြီး–

"အဲ ၁၃၁၉ ခုနှစ်၊ နယုန်လဆန်း၊ ၈ ရက်နေ့ မှာ မိတ္ထီလာအပိုင် အင်းကုန်းရွာက ဦးမောင်၊ ဒေါ်မိခင်တို့မှ မီးရှူးသန့်စင် ဖွားမြင်လာသတဲ့။

"အဲဒါ မွေးထဲက သူ့ခေါင်းမှာ ထင်ထင်ရှားရှား အမာရွတ်ကြီးပါလာတယ်။ သူ့မိခင်လဲ သူ ၄ နှစ်သားအရွယ်မှာ သေဆုံးသွားရှာတယ်"

"သူ့ခေါင်းက အမာရွတ်ကြီးကကော"

"ဒါက ဦးမွေး ပေါက်ဆိန်နဲ့ခုတ်လွှတ်လိုက်တဲ့ ဒဏ်ရာပေါ့ ကိုဖိုးထောင်"

"အေး– အေး– ဟုတ်သားပဲ"

"အဲဒါ ကလေးဘဝကဆို အခြားကလေးတွေနဲ့ မတူဘူးတဲ့။ စို့ထားတဲ့ အမိနို့ရည်ကို ပြန်အန်ထုတ်ပြီးမှ ပြန်စို့လေ့ရှိတယ်ဆိုပဲ။ နွားလို စမြုံ့ပြန်တာပေါ့။ ကစားရင်လဲနွား လုပ်တန်းပဲ ကစားတာပဲ။

"ဒီလိုနဲ့ ကိုတင်လှ တစ်နှစ်သားအရွယ်ကျတော့ သူ့ သခင်ဦးမွေးဆီ သတင်းပို့ခိုင်းလို့ သူ့အဖေက ပို့ပေးရရှာတယ်။

"အဲဒါ ဦးမွေးနဲ့တွေ့တော့–

"ဒါ အဘ ပေါက်ဆိန်နဲ့ထုလိုက်တဲ့ဒဏ်ရာပေါ့"

လို့ ခေါင်းငုံ့ပြရော၊ ပြရော ဦးမွေးက –

"မင်းကို ဘယ်တုန်းက ထုလိုက်လို့လဲ"

"နွားဘဝတုန်းကပေါ့"

"ဘယ်ကလာ ဟုတ်ရမှာလဲ"

"ဟုတ်တယ် အဘရဲ့ နွား မိုးညိုလေလို့ ပြောတော့မှ ဦးမွေးမှာ သတိရသွားပြီး–

"ဟေ ဟုတ်လား ဒီလိုဆိုမင်းဟာ ငါ့နွားဆိုရင် ငါ လုပ်ခဲ့တဲ့ လယ်ကိုသိမှာပေါ့"

"ဟုတ်ကဲ့ သိပါတယ်သွားကြည့်ကြမယ်ဆိုပြီး ဦးမွေး လယ်ထဲသွားပြီး –

"ဒါက ဦးမွေးလယ်"

"ဒါက တဲကုန်းနေရာ"

"ဒီနားမှာသူ့ကို ပေါက်ဆိန်နဲ့ထုတာ" လို့ တပ်အပ် သေချာပြောသတဲ့။ အဲဒါ အားလုံးအမှန်တွေချည်းဖြစ်နေတော့ ဦးမွေးမှာ မျက်ရည်ပေါက်ကြီးတွေကျလာပြီး။ အဲ မောင်တင်လှ ကို သားအဖြစ်မွေးစားလိုက်တယ်"

"ဒီလိုနဲ့ ကိုတင်လှဟာ ဦးမွေးနဲ့ ၁၂ နှစ်အထိ နေ တယ်။ နောက် ကညွတ်ကွင်းရွာဘက်ရောက်လာပြီး အရွယ် ရောက်တော့ မမှုံစည် ဆိုသူနဲ့ အိမ်ထောင်ကျသတဲ့။

"အဲ ဘကြီးခင်၊ ကိုတင်လှဆိုတာ အခုထက်ထိရှိ သေးတာ။ သူပြောတာက သူဟာ နွားတွေစမြုံ့ပြန်သလို စားပြီးသား အစားအစာတွေကို ပြန်ထုတ်ပြီးစမြုံ့ပြန်လေ့ရှိသတဲ့"

"နောက်ပြီး တိရစ္ဆာန်တွေဟာလူတွေပြောတာကို အား လုံးနားလည်သတဲ့။ ပြန်မပြောနိုင်တာသာရှိတာတဲ့"

"ဒီလို တိရစ္ဆာန်ဘဝမှာ ဖြစ်ရတုန်းက အလွန်ကို ဆင်းရဲတာပဲတဲ့၊ လူတွေခိုင်းတာကို ကုန်းရုန်းပြီး လုပ်ရတာ။ အင်မတန် ပင်းပန်းသတဲ့။ ဒါကြောင့်မို့ အခုဆိုရင် ကိုတင်လှ ဟာ တိရစ္ဆာန်တွေကို သနားပြီး အလွန်ညှာတာပဲတဲ့"

**[ဆရာတင်စိန်(ကညွတ်ကွင်း) ကိုတင်လှ၏ တစ်ခါက တစ်ဘဝ]**

**"၉၅ ခု၊ ဇူလိုင်လ ရတနာမွန်မဂ္ဂဇင်း]**

"အင်း ဒါကို ဖိုးထောင် မှတ်ထား၊ မင်းက နွားနဲ့နေရတဲ့ အကျောင်ရယ်။ ။ တိရစ္ဆာန်လဲ တိရစ္ဆာန်အလျောက် ညှာတာရတယ်၊ သနားရတယ်ကွ။ ကျွဲချိန်တန်ကျွဲလို့၊ နွားချိန်တန် နွားနဲ့ပေါ့"

"ဟုတ်ကဲ့ ဘကြီးမောင်ခင်၊ အခုဆို ကျွန်တော်အများကြီး နားလည်သဘောပေါက်သွားပါပြီ။ ဒါနဲ့အရင်ဘဝ အမူအကျင့်တွေဆိုတာ အခုထိ ပါလာသေးတယ်နော်"

"အေးဟုတ်တယ် ဖိုးထောင်။ ဝါသနာဆိုတာက ဖျောက်ဖို့ အခက်သားကိုး"

"တို့(အရှင်သာရိပုတ္တရာ)ပဲကြည့်တော့။ ဒါ အဂ္ဂသာဝကနော်။ ပညာအရာမှာရတာ။ တို့ဘုရားရဲ့ လက်ျာတော် ရံ သာဝကဧတဒဂ်ရကြီးရယ်"

"အဲဒါ တစ်ခါတော့ ဒကာတစ်ဦးက သင်္ကန်းလှူချင်တာနဲ့ အရှင့်ကို ပင့်သွားတယ်။ လှူမယ့်သင်္ကန်းက သုံးစုံဆိုပဲ"

"ဒါ လမ်းကျတော့ သွားရင်းသွားရင်းနဲ့ ရေမြောင်းလေးတစ်ခုကို တွေ့ကြတယ်။ တွေ့တယ်ဆိုရင်ပဲ ဒကာကြီးကတော့ ရေမြောင်းထဲက ဆင်းသွားတယ်"

"ဟော အရှင်ကတော့ အဲလိုမဆင်းဘူးတဲ့။ လွှားခနဲဆို လှမ်းခုန်လိုက်တယ်၊ ရေမြောင်းကို"

ဒီတော့ ဒကာက–

"ဘယ့်နှယ် ဘုန်းကြီးဖြစ်ပြီး ခုန်ရတယ်လို့ ဣန္ဒြေ မဲ့လိုက်တာ၊ ငါတော့ ဒီကိုယ်တော်ကို သက်န်းနှစ်စုံပဲ လှူတော့ မယ်လို့ တွေးလိုက်သတဲ့"

"အင်း အင်း ဒါ သဒ္ဒါတရား တွန့်ဆုတ်သွားတာ"

"အေး ဟုတ်တယ်။ ရေမြောင်းခုန်လို့ပေါ့"

"အဲဒီလိုနဲ့သွားကြပြန်ရော၊ ရေမြောင်းတစ်ခု တွေ့ ပြန်ရော၊ တွေ့ရင်လဲ အရှင်မြတ်က လွှားခနဲ ခုန်လိုက်တယ်တဲ့၊ ဒီတစ်ခါ ဒီ ဒကာကလဲ -

"အင်း-တစ်စုံပဲ လှူတော့မယ်လို့ တွေးလိုက်ပြန် တယ်တဲ့"

"ဒီလိုနဲ့ဆက်သွား၊ ဟော-ရေမြောင်းတစ်ခုကို ထပ်တွေ့ ပြန်တော၊ တွေ့တယ်ဆိုရင်ပဲ အရှင်က ဒီတစ်ခါတော့ အရင် ကလို ခုန်မကူးတော့ဘူးတဲ့။ အသာလေး ဣန္ဒြေရရပဲ အောက် ရေထဲကနေ ဆင်းသွားသတဲ့။ ဒီတော့ ဟို ဒကာက မေးတယ်"

"နို့-အရှင်ဘုရားဟာက အရင်ကလို ခုန်ကူးပါတော့ လား"

"ဒီတစ်ခါဆိုရင် ကျန်တဲ့သင်္ကန်းတစ်စုံတောင် ရတော့မှာ မဟုတ်ဘူး"

လို့ ဖြေလိုက်တော့မှ-

"ဟာ-ငါ့စိတ်ကိုတောင်သိတဲ့ ရဟန္တာ အရှင်မြတ် ကြီးပဲကိုး" ဆိုပြီး-

"သုံးခုလုံး လှူပါတယ်ဘုရား"

လို့ ဒကာက လျှောက်သတဲ့။

"နို့–ရဟန္တာဖြစ်ပြီး ဘာဖြစ်လို့ ခုန်ရတာတဲ့လဲ ဘကြီး မောင်ခင်"

"အဲဒါပေါ့ ဖိုးထောင်ရဲ့၊ ဝါသနာအထုံဆိုတာ၊ ဒီအရှင်က အရင်က မျောက်ဘဝမှာ ဖြစ်ဖူးလို့ အဲဒီအခုန်အလွှား ဝါသနာ လေးက ကပ်ပါနေသေးတာတဲ့။

နောက်ရှိသေးတယ်။ ဝါသနာဆိုတာ ပျောက်ခဲတယ် လေ။ ဟို ပိလိန္ဒဝစ္ဆမထေရ်ကြီးကြည့်၊ အဲ–မထေရ်ကြီးက နောက်ဆုံး ကျွတ်တန်းဝင်မယ့်ဘဝ မရောက်ခင်က ဗြာဟ္မဏ အမျိုးချည်း အထက်တန်းကျကျက ဘဝငါးရာလုံးလုံး ဖြစ်လာ တာတဲ့။ အထက်တန်းစားကြီးပေါ့၊ ဘဝငါးရာလုံးနော်"

"ဟုတ်ကဲ့"

"ဒီတော့ အောက်က လူတွေဆို လူထင်တာမှ မဟုတ်တာ တွေ့ရင်ပဲ ရှိသေရမှန်း၊ လေးစားရမှန်းကို မသိဘူး။ ဟော– လူယုတ်မာ၊ လူယုတ်မာလို့ ခေါ်လေ့ရှိသတဲ့။ အဲဒါ အခု ပိလိန္ဒဝစ္ဆ မထေရ်ကြီးဘဝ ရဟန္တာဘဝကြီး ရောက်နေတာတောင် ဒီအခေါ်အဝေါ်က မပျောက်ချင်သေးဘူး။ လူတွေကို ခေါ်ရင် လူယုတ်မာလို့ပဲ ခေါ်နေသေးတာ"

"အဲဒါ တစ်နေ့မယ် အရှင်မြတ်ကြီးကလဲ ဈေးထဲမှာ ဆွမ်းခံအကြွ၊ ဈေးသည်တစ်ယောက်ကလဲ ပိတ်ချင်းသီးတွေ ရောင်းမလို့ အလာ၊ အဲ–ဆိုင်တွေ့ရော၊ တွေ့တော့ အရှင်မြတ်က–

"ဟော့–လူယုတ်မာ၊ ဘာတွေလဲကွ"

လို့ မေးတာကိုး။ ဟိုကလဲ ထောင်းခနဲ ဒေါသ ထွက်သွားတယ်။ မိုးဖြင့်လင်းခါစ ဈေးရောင်းလို့မှ ဈေးဦးဖြင့် မပေါက်သေးခင်မှာ ဖွဲဆော်ဦးကြီး 'လူယုတ်မာ' အခေါ်ခံရတော့ ဒေါသဖြစ်သွားတာကိုး"

ဒါနဲ့–

"ကြွက်ချေးဘုရား"လို့ ရွဲ့ပြောရော၊ ပြောတော့ အရှင် က–

"အေးလေ–ကြွက်ချေးဆိုလဲ အဲဒါတွေ ကြွက်ချေး ပဲပေါ့"

လို့ ပြန်ပြောလိုက်တယ်။

"အဲလို ပြောလိုက်ရင်ပဲ အဟုတ်ကို ကြွက်ချေးတွေ ဖြစ်သွားရောတဲ့။ ဒါနဲ့ ကြောက်အားလန့်အားနဲ့ ထောင်းထဲကဖြင့် ကြွက်ချေးတွေ ဖြစ်ကုန်ပြီ။ အဲ–လှည်းပေါ်မှာ ကျန်တာတွေကော ဘယ်လိုများ နေမလဲဆိုပြီး အမောတကော ပြေးကြည့်တာပေါ့"

"အဲ–လှည်းမှာကျန်တဲ့ ပိတ်ချင်းသီးတွေကလဲ အဲလိုပဲ

ကြွက်ချေးတွေချည်း ဖြစ်ကုန်သတဲ့။ ဒါနဲ့ ငိုမတတ် ဖြစ်နေစဉ် သူ့သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ရော၊ သူက အကြောင်းစုံ ပြောတာပေါ့လေ၊ ဒီတော့ သူငယ်ချင်းဖြစ်သူက–

"ဟာ–ဒါဆို တို့ဆရာရှင် ပိလိန္ဒဝစ္ဆမထေရ်ကြီးပဲ။ ဒါဆိုအမြန်လိုက်သွား၊ ဟိုက မေးရင် အမှန်အတိုင်းပြောလို့ ခိုင်းလိုက်သတဲ့။ ဒါနဲ့ ကမန်းကတန်း ပြေးလိုက်သွားတော့ မီရော၊ မီတယ်ဆိုရင်ပဲ သူ့လဲတွေ့ရော မထေရ်က–

"ဟော့ လူယုတ်မာ ဘာတွေလဲ"

"ပိတ်ချင်းသီးတွေပါဘုရား"

"အဲ–ဒါဆိုလဲ ပိတ်ချင်းသီးပဲပေါ့"လို့ အမိန့်ရှိလိုက်သတဲ့။

"ဒီလိုမိန့်ရင်ပဲ အကုန်လုံး ကြွက်ချေးတွေက ပိတ်ချင်းသီးတွေ ပြန်ဖြစ်နေသတဲ့"

"ဒါကြည့် မောင်တင်အောင်၊ ထိပ်တန်း ရဟန္တာ မထေရ်ကြီးနော်၊ ဘဝပေါင်းရာစလုံး အထက်တန်းဗြာဟ္မဏမျိုး ဖြစ်လာပြီး နိမ့်ကျတဲ့ သူတွေကို ခေါ်ခေါ်လာတဲ့ အကျင့်က မပျောက်သေးဘူး။ ဒါကြောင့်မို့ ဝါသနာဆိုတာ ဖျောက်ဖို့ ခက်သားကလား မောင်တင်အောင်"

"ဒါကြောင့်မို့လဲ ဟို–ဆင်ကလာတဲ့ လူမှာ ဆင်ဘဝက

အကျင့်ပါလို့၊ အဲ- နွားဘဝက လာသူမှာလဲ နွားဘဝက အကျင့်ပါနေတာပေါ့"

"ဟုတ်ကဲ့ ဘကြီးခင်၊ သူတို့ခမျာ ကံကြီးထောက်မလို့ အခုလို သုဂတိဘဝဆိုတဲ့ လူ့ဘဝပြန်ရောက်လာကြရတာ၊ ဒါဟာ နည်းတဲ့ကုသိုလ်မဟုတ်ဘူးနော်"

"အေး-ဟုတ်တယ်၊ သူတို့မှာ သူတို့ လာခဲ့၊ ဖြစ်ခဲ့တဲ့ ဘဝကို ပြန်သိလို့ ပြောပြလို့သာ တို့မှာ တိရစ္ဆာန်ဘဝဆိုတာ ဆင်းရဲကြောင်းစကားတွေကို ဒိဋ္ဌမျက်မြင်ဆိုသလို ကြားသိကြရတာ။ မင်းတို့၊ ငါတို့ဆို သူတို့လို ပြန်သိတဲ့ ဉာဏ်မပါလို့ ကိုယ့်ဟာကိုယ် ဘယ်ဘဝက လာမှန်းကိုတောင် မသိကြဘူး"

"ဟုတ်တယ် ဘကြီးခင်၊ အဲလို အတိတ်ဘဝဆိုတာကို ပြန်ပြောနိုင်တဲ့ လူတွေကိုတောင် ကျေးဇူးတင်ရမှာ၊ သူတို့ ပြောလို့ ကျွန်တော်တို့မှာ သတိသံဝေဂတွေ ရကြရတာကိုး"

"အဲ-နောက်တစ်ယောက် ရှိသေးတယ်။ အဲ-သူကလဲ နွားဘဝကနေ လူ့ဘဝ ပြန်ရောက်လာတဲ့ ပုဂ္ဂိုလ်ပဲ၊ သူအရပ်က စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ အနောက်ဘက်မှာရှိတဲ့ ဒေါင့်ဘိုးကျေးရွာတဲ့၊ အဲဒီ ဒေါင့်ဘိုးကျေးရွာက လက်သမားများ ဖြစ်ကြတဲ့ ဦးထွန်းရီ၊ ဒေါ်ငြိမ်းတို့ရဲ့ သားလေးအငယ်ဆုံးဖြစ်တဲ့ မောင်နောင်းထွေး ဆိုတာပဲ။

"ဒီကလေး ငယ်စဉ်ကဆို သိပ်ငိုတာ၊ ငိုလိုက်တာမှ

တိတ်တယ်ရယ်လို့ကို မရှိဘူးတဲ့၊ အဲ ၄-နှစ်သားအရွယ်ကျတော့ သူ့ဇာတိ ပြလာတယ်။ ပြပုံက နွားချေးပုံမှာ သွားသွားပြီး နွားတွေလို ချိုသွေးတယ်ဆိုပဲ၊ တစ်ခါ နွားချည်တိုင် ချည်ထားတဲ့ နွားမကြီး လည်ပင်းက နွားခလောက်ကို ဆွဲပေးဖို့ ပူဆာလို့၊ ငိုလွန်းလို့ အဲဒါ နွားမကြီး လည်ပင်းက ဖြုတ်ပြီး ဆွဲပေးလိုက်ရသတဲ့။

"အံ့စရာဗျ၊ အဲလိုလဲ ဆွဲပေးရော တစ်ခါထဲကို အငိုရပ်ရောဆိုပဲ၊ ဒါနဲ့ သူ့မိဘတွေက နွားခလောက်ကြီးနဲ့ မတင့်တယ်လို့ ဖြုတ်မယ် လုပ်လဲ သူက အကိုင်တောင် ခံတာမဟုတ်ဘူး၊ အရမ်းကို ငိုပစ်တာ၊ ဒါနဲ့ ဆင်ခလောက် တစ်လုံးဝယ်ပြီး နွားခလောက်နဲ့လဲပြီး ဆွဲပေးထားရသတဲ့။

"နောက် ဒီလိုနဲ့ မောင်နောင်းထွေး အသက်ငါးနှစ်သား အရွယ်ရောက်လာတော့ သရက်တောစုရွာက ဦးသန်းဆိုသူရဲ့ အိမ်ကို ပို့ပေးဖို့ ပူဆာသတဲ့။ ဒါနဲ့ သူ့မိဘတွေက လိုက်ပို့ပေးကြတယ်၊ သရက်တောစုရွာကလဲ ဒေါင့်ဘိုးရွာနဲ့ဆိုရင် ငါးမိုင်ခွဲလောက်ပဲ ဝေးတာကိုး၊ နောက်ပြီး လူကြီးချင်းကလဲ နဂိုထဲက မိတ်ဆွေရင်းချာတွေဆိုပဲ။ အဲလို လိုက်ပို့တော့ ဦးသန်းအိမ်ကို ရောက်တယ်ဆိုရင်ပဲ မောင်နောင်းထွေးက ဦးသန်း လက်ကိုဆွဲပြီး နွားတင်းကုပ်ထဲ ခေါ်သွားတယ်၊ နွားတင်းကုပ်ထဲကျတော့-

"ဦးသန်း ဒါက ကျွန်တော့်နွားစားကျင်းပေါ့၊ ဟောဒီတိုင်က ဦးသန်း ကျွန်တော့်ကို ချည်နေကျတိုင်ပေါ့" လို့ ပြောရော။

"ဟေ-မင်းဟာက ဘာတွေလဲကွ"

"ဘာတွေရမလဲ ဦးသန်းရဲ၊ ကျွန်တော် နွားဘဝတုန်းက ဦးသန်းအိမ်မှာ ငယ်ငယ်က နေရတာ၊ အဲ-ကြီးလာတော့မှ အခု အဖေနဲ့အမေ့အိမ်ကို ရောက်ရတာ"

"အဲ-အဖေတို့၊ အမေတို့ လက်ထဲမရောက်ခင်မယ် အစ်မ မမြင့်အေးက ဦးသန်းလက်ထဲကနေ ကျွန်တော့်ကို လာဆွဲခေါ်ခဲ့တာ၊ အဲဒါဗျာ၊ အစ်မအိမ်လဲရောက်ရော ကျွန်တော့်ကို ခိုင်းလိုက်တာမှ မညှာမတာကြီးရယ်၊ အတော့်ကို အခိုင်းရက်စက်တယ်၊ မနိုင်ဝန်တွေ ခိုင်းလွန်းလို့ ကျွန်တော့်ခွာတွေတောင် ပေါက်ပြဲကုန်တဲ့အထိပဲ၊ နောက်ပြီး ရိုက်လိုက်တာလဲ မတရားကြီးပဲဗျာ"

"အဲလိုပြောတော့ အနားက လူကြီးတွေမှာ မျက်ရည်တွေစီးကျပြီး ငိုရှိုက်ကြသတဲ့၊ မပြောပါတော့နဲ့လို့လဲ တောင်းပန်ကြရှာတယ်၊ ဒါပေမယ့် မောင်နှောင်းထွေးက အရွယ်နဲ့ မလိုက်အောင် အပ်ချ မတ်ချ ပြောနေတယ်၊ နားထောင်ပါဦး၊ ပြောပါရစေနဲ့တဲ့"

"ဒါနဲ့ သူဆက်ပြောတာက အဲလို အစ်မက ခိုင်းလို့ဝမှ အခု အဖေနဲ့ အမေတို့ဆီ ပို့တာကိုး။ အဲလိုရောက်တော့

ကျွန်တော်ကလဲ ရန်းကန်ပြီး သူတို့ခိုင်းသမျှတွေကို မငြိုမငြင် လုပ်ကျွေးခဲ့ပါတယ်။ တစ်ခါတော့ အဖေက ဝါဒိုင်ကို ဝါတွေ သွင်းမလို့ဆိုပြီး ကျွန်တော်တို့ကို ရန်းခိုင်းတယ်ဗျ၊ အဲဒါ အပြန်မယ် သရက်တောစုရွာနားရောက်တော့ ငယ်စဉ်နွားလေး ဘဝက နေခဲ့တာလေးတွေ အမှတ်ရပြီး ဝမ်းသာသလိုလို ရှိရတယ်။ ဒါနဲ့ ကြားညှပ်ပြောရဦးမယ်၊ အစ်မ မမြင့်အေးတို့များ ရက်စက်ပုံရယ်နော်၊ အခုနပြောသလို ဦးသန်းအိမ်ကနေ ကျွန်တော့်ကို ဆွဲလာပြီး လမ်းကျတော့ သူတို့ ခဏနားကြတယ်၊ နားတယ်ဆိုရင်ပဲ ကျွန်တော့်ကိုတော့ လမ်းဘေးမှာ ချည်ထား ခဲ့တယ်၊ ဟော–သူတို့ကျတော့ မုန့်ဆိုင်ကိုသွားပြီး မုန့်တွေကိုမှ အဝအပြဲ စားကြလို့ဗျာ"

"အဲဒီတုန်းက ကျွန်တော့်မှာ ဗိုက်ဆာလိုက်တာမှ အရမ်းကိုပဲ၊ ရေကလဲ ငတ်နဲ့ပေါ့။

"အဲလိုဗျ၊ မမြင့်အေးတို့များ ရက်စက်လွန်းတာ"

"ဒါနဲ့ အခုနစကား ဆက်ရဦးမယ်၊ အဲလို ဝါဒိုင်က အပြန်မှာ ဦးသန်းဆီ အဖေက ခဏဝင်တော့ ဦးသန်းက တော်ပါတယ်။ ကျွန်တော်တို့ကို ကုက္ကိုသီးရေစိမ်ရယ်၊ ကုလားပဲ ခြောက်ရေစိမ်တွေကို ကျွေးတာကိုး၊ ဒီတုန်းက ကျေးဇူးတင် လိုက်တာ ဦးသန်းကို––။

"ဒါတင် ဘယ်ကမလဲ၊ ခဏတဖြုတ် နားကြပြီး

ညနေစောင်းလို့ ပြန်တော့မယ်လုပ်တော့ ဦးသန်းက ကျွန်တော်တို့ စားဖို့ဆိုပြီး ကုလားပဲမှော်တွေ လှည်းပေါ်မှာ အပြည့်အမောက်ကြီး ပွေ့တင်ပေးတာကိုး၊ ဒီတုန်းကများ ကျွန်တော်တို့ စားဖို့မှန်း သိရလို့ ကျွန်တော်တို့မှာ ဝမ်းသာလိုက်တာဗျာ၊ လှည်းကို ရုန်းရတာကိုပင် ရုန်းရမှန်းကို မသိဘူး။ အဲလိုနဲ့ ပြန်လာကြတော့ ရွာနားလဲ ရောက်ခါနီးရော ကျွန်တော့်မှာ ဗိုက်အကြီးအကျယ် နာလာတယ်၊ လှည်းကိုတောင် မရုန်းနိုင်တော့တဲ့ အထိပဲ။

"ဒါကို ပြန်လဲ မပြောနိုင်တော့ အဖေက မသိရှာဘူး။ အဲလို မရုန်းနိုင်တာကို မရုန်းရကောင်းလားဆိုပြီး အဖေက ရိုက်လိုက်တာများ နာလိုက်တာမှ အသဲကွဲမတတ်ရယ်။ ဒါနဲ့ ဗိုက်ကလဲ တရားလွန်နာ၊ အဖေကလဲ တရားလွန်ရိုက်မို့ ကျွန်တော့်မှာ မနည်းကြီးကို အိမ်ရောက်အောင် ကြိတ်မှိတ် ရုန်းခဲ့ရတယ်။

"အဲဒါ အိမ်လဲရောက်ရော ဗိုက်နာဒဏ်မခံနိုင်လို့ ဘုန်းကနဲဆို ကျွန်တော် လဲကျသွားတယ်။ အဲလို လဲကျတုန်းက ကျွန်တော့်အနားမှာတင် အဖေရော၊ အမေရော နှစ်ယောက်စလုံး ရှိနေတော့ ကျွန်တော်အားရှိနေတာပေါ့။ နို့ပေမယ့် မကြာခင်မှာ တင် ကျွန်တော်သေသွားခဲ့တယ်။"

"ဟောဗျာ့၊ ကျွတ်ကျွတ်–ကျွတ်ကျွတ်၊ သနားစရာ ပါလား မောင်တင်အောင်"

"ဟုတ်ကဲ့ ဘကြီးခင်၊ သူအဲလို နွားဘဝက သေတော့ ဘဝတစ်ခုအနေနဲ့ နွားတင်းကုပ်ထဲမှာ ဖြစ်နေရသတဲ့"

"ဒါဆို နွားသရဲနေမှာနော်"

"ဟုတ်တယ် ဖိုးထောင်၊ တစ္ဆေ၊ သရဲပဲပေါ့"

"အဲလို ဘဝရောက်တော့လဲ ဘယ်သူ့ကိုမှ ခေါ်လို့ ပြောလို့ မရတဲ့ ဘဝတဲ့။ ဒါနဲ့ ကျွန်တော်လဲ ကျွန်တော့်အသား တွေကို ခုတ်လှီးဖြတ်နေတာကို ကြည့်နေမိတယ်။

အကုန်လုံးမြင်တာတဲ့။ ရွာထဲက ကိုငြိမ်းဌေးဆိုရင် ကျွန်တော့်နွားခေါင်းကြီးကို ဝယ်ပြီး ထမ်းသွားတာ မြင်ရတော့ ဒေါသဖြစ်လိုက်ရတာ မပြောနဲ့တော့။ နောက်ပြီး အမေလုပ်ပုံလဲ ကြည့် ဦးသန်း၊ ကျွန်တော့်အသားတွေကို ခုတ်လှီးပြီး ဟိုလူ့ ပေးလိုက်၊ ဒီလူ့ပေးလိုက်၊ ချက်ကျွေးလိုက်နဲ့ပဲပေါ့"

"ဟဲ့-ကိုယ့်အမေကို ဒီလိုမပြောကောင်းဘူး"

"ဟုတ်တယ်၊ ကျွန်တော် အမေ့ကို အပြစ်မဆိုပါဘူး။ အခုလို အမေတို့အိမ်မှာ နွားဘဝနဲ့ နေရတာလဲ အရင်က သူတို့ပစ္စည်း ကျွန်တော်ခိုးယူမိလို့ပါ"

"အဲလို မောင်နှင်းထွေးက စိကာပါဌ်ကုံး ပြောပြရော၊ လူကြီးတွေမှာ ကြိတ်မနိုင် ခဲမရနဲ့ သူတို့အမှားတွေ သိလို့ ငိုလိုက်ကြတာတဲ့ ဘကြီးခင်"

"အေးကွာ၊ ကြားရတာကိုက ကြောက်လဲကြောက်စရာ၊ ရင်တုန်ပန်းတုန် ရှိလိုက်ရတာ"

"အခုဆို မောင်နှင်းထွေးဟာ နောင်ဒီလိုဘဝဆိုးမျိုး မရောက်ရအောင် ကုသိုလ်တွေလဲ ဆည်းပူးတယ်၊ သူ့လို မဖြစ်ရအောင်လဲ အဖော်တွေကို ရှင်းပြနေသတဲ့"

**(မောင်နှင်းအေး-အဒီနွာဒါနကံထိုက်သော လူ၀င်စား ၆၅-ခု၊ အောက်တိုဘာ ရတနာမွန်မှ)**

"မောင်တင်အောင်"

"ခင်ဗျာ၊ ဘကြီးခင်"

"ဒါ သံသရာလည်နေကြတာကွ၊ ဟော-မောင်တင်ငွေတို့၊ ဟိုဝက်သတ်သမားတို့၊ ဦးငွေစိုးတို့ ဆိုတာတွေကြည့်၊ သူတို့က လူ့ဘ၀ခန္ဓာကို စွန့်ပြီး သူတို့ကံအလျောက် တိရစ္ဆာန်ခန္ဓာကိုယ် ဖြစ်ကြရတယ်၊ တစ်ခါ ဦးဆင်ကြီးတို့၊ ကိုတင်လှတို့၊ မောင်နှင်းထွေးတို့ ဆိုတာလဲ နွားဘ၀ခန္ဓာကို စွန့်ပြီး လူ့ဘ၀ ခန္ဓာရကြပြန်တယ်။ အဲလို ခန္ဓာတရားတွေ၊ အာယတနတရားတွေ၊ ဓာတ်တရားတွေအဖန်ဖန် အထပ်ထပ် ဖြစ်နေရတာကိုပဲ သံသရာလည်တယ်လို့ ဆိုရတာ"

"အင်း-ဒါ သစ္စာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ မရသေးသမျှ ဒီလိုချည်း လည်ပတ်နေကြရဦးမှာကိုး"

"ဟုတ်ကဲ့ ဘကြီးခင်၊ ထိတ်လန့်စရာပါပဲ"

"ဟုတ်တယ်၊ လန့်စရာရယ်"

"နို့-နွားတွေကလဲ မှတ်လိုက်တာမှ စုံနေတာပဲကိုး၊

လူတွေက သူတို့ဘာသာစားပြီး သူတို့ကျတော့ မကျွေးတာလဲ ရက်စက်မုန်းသိတာပဲ၊ မတရားခိုင်းတာလဲ သိတာပဲနော်"

"အေး–ဟုတ်တယ်၊ ဒါကြောင့်မို့ အကြောင်းမသင့်လို့ အခုလို အဟိတ်တိရစ္ဆာန်ဖြစ်ရတဲ့ သတ္တဝါတွေကို အသိဉာဏ်ရှိတဲ့ တို့လူသားတွေက သနားကြင်နာကြရမှာ"

"အဲ–တိရစ္ဆာန်တွေပဲ ကြည့်တော့၊ ဘယ်တိရစ္ဆာန်မှ မသက်သာဘူး၊ အားလုံးဆင်းရဲတွေနဲ့ချည်းပဲ၊ ဒါဟာ အခု ပြောတာတွေထောက်ရင် ပြန်မပြောနိုင်လို့သာနော်၊ ပြောများ ပြောနိုင်ရင်လား၊ ကက်ကက်လန်အောင် ပြောကြမှာ၊ တိရစ္ဆာန် ဘဝက ဆင်းရဲလွန်းလွန်းလို့"

"ဟုတ်ကဲ့ ဘကြီးခင်၊ သတိတရားညှပ်ပြီးသာ မသေခင် ကြည့် နေသွားရမှာပါကလား"

"အေး–ဟုတ်တယ် မောင်တင်အောင်"

"နို့–ဘကြီးခင်၊ အခု ကျွန်တော်တို့ ပြောတာတွေက အပါယ်၄–ဘုံအနက် ၃–ဘုံပဲ ရှိသေးတယ်၊ အသူရကာယ်ဘုံ ဆိုတာကော"

"အဲဒီ အသူရကာယ်ဆိုတာက အမှန်ကတော့ ပြိတ္တာ အကြီးစားတွေပဲ။ အသူရကာယ်ဘုံရယ်လို့တော့ သီးခြားမရှိပါဘူး။ ဒီအသူရကာယ်တွေ စုပေါင်းနေတဲ့ အရပ်တွေကိုပဲ အသူရကာယ် ဘုံလို့ ခေါ်ရတာ"

"အဲ–ဒါပြင် သုတ်ပါထိယအဋ္ဌကထာဆရာက–

"တသ္မာပန=အကြင်ကြောင့်ကား။ ပေတာနာမ= ပြိတ္တာတို့မည်သည်။ အသူရာနံ=အသူရကာယ်တို့အား။ အာဝါဟနံ–သမီးပေးခြင်းကို။ ဂစ္ဆန္တိ=ရောက်ကုန်၏။ ဝိဝါဟနံ= သားပေးခြင်းသို့။ ဂစ္ဆန္တိ=ရောက်ကုန်၏။ တသ္မာ=ထို့ကြောင့်။ ပေတ္တိဝိသယေနေဝ= ပြိတ္တာဘုံဖြင့်သာလျှင်။ အသူရကာယော=အသူရကာယ်ကို။ ဂဟိတော–ယူအပ်၏။ အချင်းချင်းသားသမီးပေးခြင်း၊ ယူခြင်းပြုလို့ ပြိတ္တာနဲ့အသူရကာယ် အတူတဲ့"

"အဲ–သူတို့ နေလေ့ရှိတာက သမုဒ္ဒရာကမ်းခြေတို့၊ ဂင်္ဂါမြစ်ကမ်းတို့ စတဲ့ နေရာတွေမှာပါပဲ၊ ငတ်လိုက်တာကလဲ ကမ်းကို ကုန်ရော၊ တချို့များ ဘုရားနှစ်ဆူသုံးဆူပွင့်တာတောင် တစ်ကြိမ်တစ်ခါမှ မစားရသေးဘူးတဲ့"

"အမျိုးအစားကလဲ အများကြီးရယ်၊ ဟော–မြင့်မိုရ်တောင် အောက်မှာရှိတဲ့ နတ်တွေကိုလဲ အသုရာခေါ်တာပဲ။ နောက် ဘုမ္မစိုးနတ်ကြီးတွေကို မှီခိုနေရပြီး တန်ခိုးဣဒ္ဓိပါဒ် ချို့တဲ့လှတဲ့ နတ်အငယ်စားလေးတွေကိုလဲ အသုရာခေါ်တာပဲ။

"တစ်ခါရှိသေးတယ်။ အသုရာခေါ်တာက–ဟောတစ်ခါတစ်ခါ နတ်တွေလို စည်းစိမ်ခံစားရပြီး၊ အဲ–တစ်ခါတစ်ခါ ကျတော့လဲ ပြိတ္တာတွေလို ဆင်းရဲဒုက္ခ ခံစားရတဲ့ 'ဝေမာနိက ပြိတ္တာ'တွေကိုလဲ အသုရာခေါ်တာပဲ"

"နောက် ရှိသေးတယ်။ တို့၊ အဲ–စကြဝဠာကမ္ဘာကြီး ၃–ခု စပ်မိရင် လင်ပန်းကြီး ၃–ချပ် စပ်ထားသလို အကြားအရပ်တွေ ဖြစ်ကရော"

"ဟုတ်ကဲ့"

"အဲဒီ အကြားအရပ်ကို လောကန္တရိက်ငရဲ' လို့ ခေါ်တယ်။ အဲဒီအကြားအရပ်က နေရောင်၊ လရောင်ဆိုလို့ ဘာအရောင်အလင်းမှ မရဘဲ ပိန်းပိတ်အောင် မှောင်နေတာ။ အဲ–အဲဒီအကြားရောက်နေတဲ့ သတ္တဝါတွေဆိုတာက နံရံတို့၊ ဘာတို့မှာ လင်းနို့တွေ တွယ်ကပ်နေရသလို ဒီသတ္တဝါတွေဟာလဲ စကြာဝဠာတံတိုင်းကြီးကို လက်သည်းနဲ့ ကုပ်ကပ်နေရရှာတာ။

"အဲဒါ ဘာဆိုဘာကိုမှလဲ စားရ သောက်ရတာ မဟုတ်ဘူး။ ဒီတော့ ဆာလောင်လွန်းလို့၊ အဲ–တစ်ကောင်နဲ့ တစ်ကောင် နီးကပ်လာလို့ တွေ့လိုက်ရမလားဆိုရင် လှမ်းလှမ်းပြီး အဟပ်လိုက်မှာ၊ အဲဒါ အောက်ကို ပြုတ်ကျကုန်ရော။

"ဟော–အောက်ကျတော့ မြေကို ခံထားတဲ့ အလွန်အေးစက်နေတဲ့ ရေထဲကျရလို့ ကျေမွပျက်စီးကုန်ရော။

"အဲ–အခုပြောခဲ့တဲ့ လောကန္တရိက် ငရဲသားတွေကိုလဲ အသုရာလို့ ခေါ်တာပဲ။

"အဲလို အသုရာတွေဆိုတာက အမျိုးက အများသားကိုး"

"အဲ ဒီနေ့ဆိုရင် သင်္ကြန်လဲ တက်သွားပြီပဟာ၊ အတက်နေ့ မဟုတ်လား"

"ဟုတ်ကဲ့၊ ဘကြီးခင်"

"ဒီလိုဆို ကျွန်တော်တော့ စာရင်းဝင်သွားပြီ"

"နင့်ဟာက ဘာစာရင်းလဲဖိုးထောင်၊ အရင်းမရှိ၊ အဖျား မရှိနဲ့ဟာ"

"သိကြားစာရင်း၊ သိကြားစာရင်းလေ၊ ဒီနှစ်သင်္ကြန်ရက် အတွင်းမှာ ကျွန်တော့်အဖို့ ကုသိုလ်ချည်းဆိုတော့ ဒါ သူတော် စာရင်းဝင်ရောပေါ့။ မဝင်တာက အခုနေ့မှ ရောက်လာတဲ့ ဂွက်ထော်တို့ပဲ"

"အောင်မာ၊ ဖိုးထောင်ရယ်၊ နင်က ကြီးကျယ်လိုက်တာ၊ တို့လဲ နေ့တိုင်းဥပုသ်စောင့်ပါတယ်။ ရေလှူတာတို့၊ ငါးလွှတ် တာတို့လဲ လုပ်ပါတယ်၊ နင်ကသာ ဒီမှာနေတာ--"

"ဟ-ငါတို့က သံဝေဂဉာဏ်ပွားစရာတွေ ပြောဆို နားထောင်နေတာ၊ အကုသိုလ်ဆို ဘာမှကို မရှိဘူး၊ ဒါမို့ သိကြားစာရင်း ဝင်ပြီလို့ ပြောဟာပေါ့ဟ"

"နို့ ဒီအကောင့်နယ်၊ တို့ကကော မဝင်လို့လား"

"ဒါကတော့ သေမှပဲ သိကြမှာပေါ့၊ ဒါနဲ့ဆရာလေး ကိုတင်အောင်ရယ်၊ ဒီနေ့မှာ တိရစ္ဆာန်အကြောင်း နားပြီး ငရဲအကြောင်း ပြောစမ်းပါ၊ ဒါမှ ဂွက်ထော်တို့ လန့်သွားမှာ"

"ဒီအကောင့်ကို ကြီးကျယ်လိုက်တာ၊ အတူတူနဲ့ အနူနူတွေ ဥစ္စာကို--"

"တော်ကြပါတယ်၊ နင်တို့ဟာက ဥပုသ်ကြီးတွေနဲ့ဟာကို အထွန့်တက်နေလိုက်ကြတာ"

"ဟုတ်ပါတယ် ဆရာလေးရယ်၊ ပြောမှာသာ ပြောပါ"

"ဟုတ်ကဲ့၊ မဘုတ်ဆုံ"

"ဒီလို ဘကြီးခင်ရ၊ ဟို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတဲ့၊ ဟိုမင်းတုန်းမြို့နယ်ဘက်က ရွာသစ်ကျေးရွာမှာ ဦးတောင်ကြီးနဲ့ ဦးတောင်လေးဆိုတဲ့ အမွှာညီအစ်ကို နှစ်ယောက်ရှိသတဲ့။ အဲ–နှစ် ယောက်စလုံးပဲ သူတို့ရဲ့ ရွာသစ်ကျေးရွာမှာတင် အိမ်ထောင်ရက်သား ကျကြတယ်။ အလုပ်အကိုင် အသက်မွေးဝမ်းကျောင်းကတော့ လယ်ယာကိုင်းကျွန်းလဲ လုပ်တယ်၊ ငါးရှာ၊ ဖားရှာတို့ရော၊ အဲ–နွားသတ် ဝက်သတ်အလုပ်ကိုရော လုပ်ကြသတဲ့။

အဲဒါ တစ်နေ့မှာ ဦးတောင်လေးဟာ နွားသတ်ပြီး အရက် လေး တမြမြနဲ့ မှိန်းနေတုန်းမှာ အသားက မဲမဲ၊ တစ်ကိုယ်လုံးမှာ အနီရောင်အဝတ်တွေဝတ်၊ ခေါင်းမှာ အနီရောင်ခေါင်းပေါင်းကြီး ပေါင်းထားတဲ့ လူသန်ကြီးနှစ်ယောက် ရောက်လာပြီး–

"ဟေ့ မင်း တို့နဲ့လိုက်ခဲ့"

ဆိုပြီး အတင်းဆွဲခေါ်သွားသတဲ့။ ခေါ်သွားတဲ့ နေရာကလဲ တောနက်ကြီးထဲတဲ့၊ နေပြောက်တောင် မထိုးဘူး၊

နက်လိုက်တာမှ သစ်ပင်တွေ၊ ခြုံနွယ်ပိတ်ပေါင်းတွေဟာ ထူထပ်စွာ ပေါက်နေသတဲ့။

ဒီလူကြီးနှစ်ယောက်က ဦးတောင်လေးကို အဲဒီ ခြုံနွယ်ပိတ်ပေါင်းတွေပေါ်ကပဲ ကျော်ကာလွှားကာနဲ့ အတင်းဆွဲခေါ်သွား လိုက်တာ ဦးတောင်လေးခမျာ မောဟိုက်လာပြီး အတော့်ကို ပင်ပန်းသွားသတဲ့။

အဲလိုသွားရင်း တောနက်ကြီးက ထွက်လိုက်တော့ လွင်ပြင် ကြီးတစ်ခုကို ဖြတ်သွားရပြန်တယ်။ အဲဒီ လွင်ပြင်မှာတင် ရေတွေ တသွင်သွင် စီးဆင်းနေတဲ့ ချောင်းငယ်လေးတစ်ခုကိုလဲ တွေ့ရရော ဦးတောင်လေးက–

"ရေဆာလွန်းလို့ဗျာ၊ သောက်ပါရစေ"

လို့ အရဲစွန့်ပြီး ပြောလိုက်တော့ ဟိုလူနှစ်ယောက်ကလဲ ရေသောက်ဖို့ သူ့ကို အမူအရာနဲ့ ခွင့်ပြုလိုက်တယ်၊ ဒါနဲ့ ဦးတောင်လေးလဲ ရေသောက်မယ်ဆိုပြီး ချောင်းစပ်ကို ဆင်းလိုက်တော့ ရေထဲမှာ သူ့အရိပ်က ပေါ်နေတာကိုလဲ မြင်ရော–

"ဘုရား၊ ဘုရား"

လို့ တ,မိလိုက်သတဲ့။ ဘာကြောင့်လဲဆိုတော့ သူ့မှာ လူစင်စစ်က နွားနဲ့ တူနေလို့တဲ့။

"ဘယ်လိုမို့လဲ ဆရာလေးရဲ့"

"ဒီလိုတဲ့ မဝွက်ထော်၊ သူ့ခေါင်းမှာ ချိုကြီးနှစ်ချောင်းလဲ

ပေါက်နေတယ်၊ နောက် သူ့လက်ဖဝါးတွေ၊ ခြေဖဝါးတွေကလဲ နွားခွာတွေလို ပေါ်နေလို့တဲ့"

"ဟင်-ကြောက်စရာကြီးပါလား ဆရာလေးရဲ့"

"ဟုတ်တယ် မဂ္ဂကထော်၊ ကြောက်စရာကြီးဗျ"

အဲလိုမြင်ရတော့ ဦးတောင်လေးလဲ ကြောက်အား လန့်အားနဲ့ နွားလိုပဲ လေးဘက်ထောက်ပြီး ရေကို သောက် လိုက်တော့တယ်။ အဲလိုလဲ ရေကို သောက်ပြီးရော ဟိုလူနှစ် ယောက်က-

"ပြီးပြီလား၊ ပြီးရင် လာ၊ သွားမယ်"

ဆိုပြီး သူ့ကို အတင်းဆွဲခေါ်သွားကြတယ်။

ဒီလိုနဲ့ သွားလိုက်တာ ခဏကြာရင်ပဲ အဆောက်အအုံ ကြီးထဲက အလွန်ခန့်ငြားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ရှေ့မှောက်ကို ရောက်ကြရော၊ ရောက်ရင်ပဲ ဟိုလူနှစ်ယောက်က-

"အရှင်သခင်ကြီး ခေါ်ခိုင်းလိုက်တဲ့ လူသား အခုအခါ အရှင့်ရှေ့မှောက်ရောက်နေပါပြီ"

လို့ ပြောလိုက်ကြတယ်။ ဒီတွင် အဲဒီပုဂ္ဂိုလ်ကြီးက သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး-

"ဟော့-မင်းတို့ဟာက လူမှားခေါ်လာပါပေါ့ကလား၊ ငါခိုင်း တာ သူမဟုတ်ဘူး၊ သူ့အစ်ကို တောင်ကြီးကွ၊ တယ်လဲ ပေါ့ဆတဲ့ ဟာတွေကိုး"

"ကဲ–ငါကိုယ်တိုင်ပဲ သွားခေါ်မယ်၊ ငါသွားတုန်းမှာ သူ့ကိုသာ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားကြ"

ဆိုပြီး ထွက်သွားသတဲ့။

ဒီတွင် ဦးတောင်လေးမှာ သူဘယ်နေရာရောက်နေမှန်းလဲ မသိနဲ့ ဖြစ်နေတုန်း အဆောက်အအုံကြီးရဲ့ အပြင်ဘက် ထွက်လာပြီး ဟိုဟိုဒီဒီကို လိုက်ကြည့်သတဲ့။

အဲ–အဲလိုလိုက်ကြည့်တော့ ဦးတောင်လေး မျက်လုံးပြူး သွားတယ်၊ သူ့ကိုယ်သူလဲ အသက်ရှူများတောင် ရပ်သွားပြီလား ထင်လိုက်သတဲ့။

"ဘာတွေ့လိုလဲ ဆရာလေး"

"ဦးတောင်လေးတွေ့တာတွေက ငရဲနှိပ်စက်ပုံတွေကိုး။ အဲဗျာ ငရဲထိန်းတွေက ငရဲခံနေတဲ့ လူတွေကို သံမြေပြင်ပေါ်ကို အတင်းဆွဲ လှဲချ၊ နောက်ငရဲသားတွေရဲ့ လက်တွေ၊ ခြေတွေကို သံစို့တွေနဲ့ရိုက်၊ ရင်ဝတည့်တည့်မှာ သံတံကျင်တွေနဲ့ အပေါ်ကနေ ထိုးစိုက်နဲ့ စိန်ပြေနပြေ နှိပ်စက်နေတာတွေကို တွေ့တာကိုး၊ အော်လိုက်တာများ ကမ္ဘာပျက်နေသလိုပဲတဲ့။

အချို့ကိုဆိုရင် တစ်ကိုယ်လုံးကို ဓားမကြီးတွေနဲ့ ခုတ်လှီး၊ နောက်ဓောက်ထိုးမိုးမျှော်ဆွဲပြီး အောက်ကနေ ဓားနဲ့ လှမ်းခုတ် နေသတဲ့။ တချို့ဆိုများ အလျှံတရဲရဲညီးနေတဲ့ သံဒယ်အိုးကြီး တွေထဲ ပစ်ထည့်နဲ့တဲ့။ ကြောက်စရာမှ တကယ်ကို ကြောက်စရာ

ကြီးရယ်၊ ဒါတွေကို ဦးတောင်လေး တွေ့နေရသတဲ့။ အဲဒီလို အလွန်ကြောက်စရာတွေကို မြင်ရပြီး ရှေ့ဆက်သွားတော့ အခိုးအလျှံတွေ တပြောင်ပြောင်ထနေတဲ့ လက်ပံတောကြီးကို တွေ့ရရော၊ ဒီလက်ပံပင်က ဆူးတွေဆိုတာ တစ်ပေလောက်ကို ရှည်ပြီး ချွန်မြနေတာပဲ။ အဲဒီလက်ပံပင်တွေပေါ် သွေးသံတရဲရဲနဲ့ ဖက်တွယ်တက်နေတဲ့ ငရဲသားတွေကိုလဲ တွေ့ရပြန်တယ်။

နောက်တစ်ခါ ဆက်သွားပြန်တော့ အခိုးတွေ တခြောင်းခြောင်းထနေတဲ့ ရေဆူချောင်းတွေထဲမှာ ငရဲသားတွေ မျောနေတာတွေ၊ အဲဒီ ငရဲသားတွေကို ငရဲထိန်းတွေက ငါးမျှားချိတ်ကြီးတွေနဲ့ ချိတ်ပြီး ကုန်းပေါ်ဆွဲတင်၊ ကုန်းပေါ်ရောက်တာနဲ့ ပါးစပ်တွေကို အတင်းဆွဲဟပြီး ရဲရဲငြိုးနေတဲ့ သံတွေ ခဲတွေ ပစ်ထည့်နဲ့ လုပ်နေကြတာတွေကိုလဲ ဦးတောင်လေးက မြင်နေရသတဲ့”

“အဲ–အဲလို လိုက်ကြည့်နေတုန်းမှာတင် သူ့ကို လာခေါ်တဲ့ လူကြီးနှစ်ယောက် ရောက်လာပြီး–

“ဟော့–ဘယ်သွားနေတာလဲ၊ တို့အရှင်သခင် ပြန်ရောက်လာပြီ။ လာ–သွားမယ်၊ မင်းကို ပြန်ပို့မလို့”

လို့ ပြောသတဲ့။

“ဒါနဲ့ ဦးတောင်လေးက မေးကြည့်တယ်၊ ဒီလူတွေ ဘာဖြစ်လို့တုန်းလို့––”

ဒီတော့ ဟိုလူနှစ်ယောက်က–

"အဲဒါ လူ့ပြည်မှာတုန်းက သူ့အသက်သတ်၊ သူ့ဥစ္စာခိုးနဲ့ ဒုစရိုက်လုပ်တဲ့လူတွေပေါ့"

"ဟော့–လာ၊ သွားကြမယ်၊ အချိန်မရှိတော့ဘူး"

ဆိုပြီး အတင်းဆွဲခေါ်ရော။ ဒီတွင် သူ့နားထဲမှာ စ,ပြီးကြားရတာက–

"ဟော၊ လှုပ်လာပြီ၊ လှုပ်လာပြီ၊ အဖေ သတိရလာပြီ"

ဆိုတဲ့ အသံပဲ။ နောက် သူမျက်စိဖွင့်ကြည့်တော့ သူ့ဇနီး၊ သားသမီးတွေ အိမ်နီးနားချင်းတွေ သူ့အနားမှာ အုံနေတာကို တွေ့ရတယ်။ အဲ–သူတို့က သူ့ကို ပြောတာက သူသတိမေ့မြောနေတာ ဒီနေ့ပါဆို လေးရက်တောင် ရှိပြီတဲ့"

"ဒါနဲ့ သူလဲ သတိရရင် ရချင်း သူ့ခေါင်းကို စမ်းကြည့်၊ သူ့ခြေဖဝါး၊ လက်ဖဝါးတွေ ငုံ့ကြည့်၊ လှန်ကြည့်တော့ တော်သေးရဲ့၊ မီးမွေးတိုင်း၊ ဖမွေးတိုင်း ရှိနေလို့။ အဲလို သူကြည့်နေတုန်းမှာတင်ပဲ သူ့အစ်ကို ဦးတောင်ကြီးအိမ်က ငိုသံတွေကို ဝက်ဝက်ကွဲအောက် ဆူညံစွာ ကြားလိုက်ရတယ်၊ သူ့အစ်ကိုကို ငရဲမင်းကြီး ခေါ်သွားပြီ မဟုတ်လား"

"ဒါနဲ့သူလဲ အကြောင်းစုံတွေကို သားမယားတွေကို ပြောပြ၊ ခွင့်ပန်ပြီး သင်္ကန်းဝတ်လိုက်တော့တယ်။ အဲဒါ နောက်တော့ ဒေါင့်တိုက်ရွာနဲ့ ကစို့တုန်ရွာအကြားက ငှက်ကျော်ကုန်း

ဘုရား အနီးမှာတင် တောရဆောက်တည်ပြီး အသက်ထက်ဆုံး နေသွားသတဲ့။

**[စိမ်း (မင်းတုန်း) 'သေရွာပြန်ရတနာမှန်မဂ္ဂဇင်း']**

"အဲ–အခုပြောမှာကလဲ ငရဲဒုက္ခကို ကိုယ်တိုင်တွေ့လာတဲ့ သူက ပြန်ပြောတာပါပဲ။ အဲ–သူကတော့ ထားဝယ်မြို့၊ ဝဲကျွန်း ဘက်ကပါပဲ။ အဲဒီက ဦးစိန်မျှင်၊ ဒေါ်စိန်သီးတို့ ဇနီးမောင်နှံဟာ ရိုးရိုးအေးအေး လုပ်ကိုင်စားသောက်သူများပါပဲ။ ရတနာ သုံးပါးလည်း အလွန်ရိုသေ ကိုင်းရှိုင်းကြပါတယ်၊ သာသနာတွင်း ကုသိုလ်များဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကိုလဲ အမြဲမပြတ် ဆည်းပူးနေသူတွေတဲ့ ဘကြီးခင်"

"အေး––"

"အဲ–အလုပ်အကိုင်ကလဲ သမ္မာအာဇီဝကျကျ စိုက်ပျိုး လုပ်ကိုင်စားသောက်သူတွေပဲ။ ဟိုမှာက ခြံကျယ်ကြီးတွေနဲ့မို့ အုန်းတို့၊ မင်းဂွတ်တို့ဆိုတာတွေကိုလဲ စိုက်ပျိုးတယ်၊ နောက် ကလောပီနံ့ဥ၊ စိမ်းစားဥ၊ ကဇွန်းဥလို ရာသီအလိုက် စိုက်ပျိုး တာတွေလဲ လုပ်ကိုင်စားသောက်သတဲ့။ အဲဒါ ကဇွန်းဥလိုဟာတွေ ပေါ်ပြီဆိုရင် ဖောက်သယ်ယူရောင်းမယ်။ ဈေးသည်တွေက သူတို့ခြံမှာ လာလာဝယ်ကြတာကိုး။ ဒီအခါ ဦးစိန်မျှင်၊ ဒေါ်စိန်သီး တို့ကဆိုရင် မှန်မှန်ကန်ကန် ချိန်တွယ်လို့ ရောင်းချလို့ ပေးသတဲ့"

"အဲ–သူတို့ဆီမှာ လာဝယ်တဲ့ ဖောက်သည်တွေထဲမှာ

အဲဒီ ဝဲကျွန်းကပဲ ဒေါ်မယ်ကြီးဆိုသူက အများဆုံးဝယ်တယ်၊ ဝယ်ပြီး ထားဝယ်ဈေးထဲမှာ တစ်ဆင့် ပြန်ရောင်းတာကိုး။ အဲလိုနဲ့ နေလာကြရင်း ဦးစိန်မျှင် ဒေါ်စိန်သီးတို့မှာလဲ အသက်အရွယ်က ၆၀–ကျော်အရွယ်တွေ ရှိလာရော။ ရှိလာတော့ ဒေါ်စိန်သီးမှာ အရင်က ကျန်းမာရေးကောင်းပေမယ့် အခုတော့ တစ်ခါတလေ နာစေး၊ ချောင်းဆိုး၊ ဖျားနာတာလေးတွေက မသိမသာ နှိပ်စက်စပြုလာတယ်။

"အဲလိုနဲ့ တစ်နေ့၊ မနက် ၈–နာရီလောက်မှာ နေလို့ထိုင်လို့ သိပ်မကောင်းတာနဲ့ ဒေါ်စိန်သီး အိပ်ရာပေါ်မှိန်းနေခိုက်မှာ ခေါ်မရ၊ အော်မရနဲ့ မေ့မြောသွားတယ်၊ အဲလို အဲဒီနေ့က ဒေါ်စိန်သီး မေ့မြောသွားတာ ညနေ ၄–နာရီလောက်ကျမှ သတိပြန်လည်လာတယ်။

ဒေါ်စိန်သီး သတိပြန်လည်လာတယ်ဆိုရင်ပဲ လည်လည်ချင်းပဲ ဒေါ်စိန်သီးက–

"ဖိုးလှိုင်၊ ဖိုးလှိုင်၊ ဟော့–ဖိုးလှိုင် ဘယ်မလဲ ခေါ်ပေးကြစမ်း"လို့ ပြောသတဲ့။ ဒေါ်စိန်သီး မျက်နှာကလဲ အထိတ်တလန့်ကြီး ဖြစ်လို့။ ဒါနဲ့ ဒေါ်စိန်သီး သမီး မအုန်းတင်က ဦးဖိုးလှိုင်ကို အမောတကော ပြေးခေါ်တယ်။ ဦးဖိုးလှိုင်အိမ်ကလဲ အတော်လေး ဝေးဆိုပဲ ဘကြီးခင်"

"အင်း––ပြော မောင်တင်အောင်"

"အဲလို မအုန်းတင်က ပြေးခေါ်ပြီး ပြန်လာတော့ ဦးဖိုးလှိုင်လဲ မအုန်းတင်နဲ့အတူပဲ မောကြီးပန်းကြီးနဲ့ လိုက်လာရှာတယ်၊ သူတို့ ရောက်ရင်ပဲ ဒေါ်စိန်သီးက–

"အမယ်လေး ဖိုးလှိုင်ရယ်၊ နင့်ဟာ အခုမှပဲ ရောက်ရ တယ်လို့ဟယ်"

"နို့ အစ်မဟာက ဘယ်လောက်များ အရေးကြီးနေလို့လဲ အဲဒါ ပြောစမ်းပါဦး"

"ဟဲ့ နင့်မိန်းမမယ်ကြီးကိစ္စ"

"အစ်မကလဲ မယ်ကြီးသေတာ ၂–နှစ်တောင် ရှိပြီဟာ ဒါ ဘာဖြစ်လို့လဲ"

"ဟဲ့ ဘာဖြစ်ရမှာလဲ၊ ဟိုမှာ၊ အဲ–ဟိုမှာ ငါတွေ့ခဲ့လို့"

"နို့ ဘယ်လိုတွေ့လို့တုန်းဗျာ"

"ဘယ်လိုရမလဲ၊ ဒီကနေ့ မနက်ကတင် ငါ သတိမေ့မြော သွားတာ၊ အဲ–ဟို အခိုးအလျှံတွေ တခြောင်းခြောင်းထနေတဲ့ နေရာကို ရောက်ရော–

"ငါက မယ်ကြီးကို လုံးလုံးကြီး သတိရတာ မဟုတ်ဘူး ငါ့ကိုလဲ တစ်ယောက်ယောက်က တိုက်တိုက်တွန်းတွန်းနဲ့ ဆွဲခေါ် သွားလို့ ဟိုကို ရောက်ရတာမျိုးကြီးဟယ်။ အဲဒါ ငရဲခံရတဲ့ ငရဲသားတွေရဲ့ အော်ဟစ်သံတွေ၊ ညည်းညူသံတွေဟာ ည နေတာပဲ။ သူတို့ရဲ့ မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်

ါ:စပ်ပေါက် အိုကွယ် ဒွါရပေါက်တွေကလဲ အခိုးအငွေ့တွေဟာ
ာထောင်းထောင်းကို ထွက်နေတယ်။ သွေးတွေ၊ သွေးတွေဆိုတာ
လဲ မြင်မကောင်းဘူး၊ ချောင်းရေစီးနေသလိုရယ်၊ အဲဒါ ငရဲထိန်း
တွေက အချွန်သုံးချွန်တပ်ထားတဲ့ ခရင်းခွတွေနဲ့ တရစပ်ကြီးကို
ထိုးဆွနေကြလေရဲ့"

"ဒါ ပြေးလဲမပြေးဘူး၊ ပြေးလို့လဲ မရဘူးကိုး။ အချို့များ
သစ်ပင်ပေါ် တက်ပြေးတယ်၊ ဒါလဲ မလွတ်ဘူး၊ ခရင်းခွကြီးတွေက
အပေါ်ကနေ စီးမိုးပြီး ထိုးဆွလိုက်ရော၊ ဒါနဲ့ အောက်ဘက်
အော်ကာဟစ်ကာနဲ့ ဆင်းပြေးပြန်တယ်၊ ယော–ခရင်းခွကြီးတွေက
အောက်ကနေ ပင့်ထိုးပြန်ရော၊ ဒီတော့ ငိုကြွေးသံတွေဟာ
ားကွဲလုမတတ်ကြီးရယ် ဖိုးလှိုင်"

"အဲလို ခံနေတဲ့ ငရဲသားတွေအလယ်မှာကို မင့်မိန်းမ
မယ်ကြီးကို ငုတ်တုတ်ကြီး ထိုင်နေတာ တွေ့ခဲ့တာ။ သူကဖြင့်
ခရင်းခွနဲ့ အထိုးမခံရရှာဘူး။ နို့ပေမယ့် သူ့ခံချက်ကလဲ
မသက်သာဘူး ဖိုးလှိုင်"

"ဘယ်လိုမို့လဲ အစ်မရဲ့"

"ဟဲ့–နင့်မိန်းမက တစ်မျိုးခံရတာ၊ သူ့ရှေ့မှာ ချိန်ခွင်
အကြီးကြီးတစ်လက်လဲ ရှိတယ်၊ သူက အဲလို အခိုးအငွေ့ကြားမှာ
ထိုင်နေရင်းမှာပဲ ငရဲထိန်းတစ်ယောက်က ဓားမကြီးနဲ့ သူ့ကိုယ်က
အသားတွေကို တစ်တုံးစီ၊ တစ်တုံးစီ လှီးလှီးပြီး အဲဒီချိန်ခွင်ထဲ

ပစ်ထည့်နေတာကိုး။ အဲဒါ သေလဲ မသေဘူး၊ သူ့အသားတွေ အဲသလောက် လှီးနေပေမယ့် သူ့အသားကလဲ ကုန်တယ်ရယ်လို့ကို မရှိဘူး။ သူ့ကိုယ်က ထွက်တဲ့ သွေးတွေကလဲ မြင်မကောင်း ဘူးဟယ်။ အဲဒါ ငါ့လဲ သူကမြင်ရော–

"ကျွန်မကို ကယ်ပါဦး"လို့ တစ်ခါတည်း အော်တော့ တာပဲ။ နောက် သူပြောတာက–

"ကျွန်မလေ ဒေါ်စိန်သီးဆိုက ကဖွန်းဥဝယ်တော့ အလေးမှန်နဲ့ ရခဲ့ပါတယ်။ အဲဒါ ထားဝယ်ဈေးထဲ ကျွန်မက ပြန်ရောင်းတော့မှ တစ်ပိဿာချိန်ရောင်းတိုင်း ကိုးဆယ်ကျပ်သား ရှိတဲ့ အလေးကို တစ်ပိဿာအလေးလုပ်ပြီး ရောင်းခဲ့တာ အခု တော့ ကျွန်မ ဒီအကြွေးတွေ ဆပ်နေရပြီပေါ့။ အဲဒါ ကိုဖိုးလှိုင်ကို ပြောဖြစ်အောင် ပြောပါ။ ကျွန်မအတွက် ကုသိုလ်လုပ် အမျှဝေ ဖို့ရယ်၊ အမျှဝေတဲ့ အခါမှာလဲ ဒီက ယမမင်းကြီး ကြားအောင် ဝေပါလို့"

"အဲလို မှာလိုက်ရှာတယ်၊ ဒါကြောင့်မို့ မင်းကို ညမကူးမီ ခေါ်ခိုင်းရတာ၊ အဲဒါ မယ်ကြီးမှာတဲ့အတိုင်း လုပ်ပေးလိုက်ဟယ်"

လို့ ဒေါ်စိန်သီးက ပြောသတဲ့ ဘကြီးခင်"

**(ရွှေဝယ်သောင်းညွန့် "အလေးနိုးကြွေးပေးဆပ်" ရတနာမွန်မှ)**

"အင်း–အမှတ်မထင်နဲ့ လုပ်တဲ့ အကုသိုလ် အလုပ်တွေ ဟာ ကြောက်စရာပဲကိုး၊ စားတော့ အတူတူစားကြ၊ ပေါ

ခံစရာရှိတော့ လုပ်တဲ့သူက ခံရမှာကိုး။ ဒါ–ကိုယ့်ကိုကိုယ် သနားကြရင် သတိရှိဖို့လိုတယ် မောင်တင်အောင်"

"ဟုတ်ကဲ့ ဘကြီးခင်ရယ်"

"ဟိုဂွက်တော်နော်၊ နင်က ယကွင်းထောင်၊ ဘာထောင်နဲ့ ဟိုကောင်ကြီးကို ရာရှာကျွေးနေတာ၊ ဒါ ကြပ်ကြပ်သတိထား"

"အောင်မာ၊ ငဖိုးထောင်က နင်ကကော ဘာထူးလို့လဲ"

"ဟော့–တို့က တစ်ခါတစ်ရံပဲဟာ"

"ဘာတစ်ခါတစ်ရံလဲ"

"ဟဲ့–ဟဲ့ တော်ကြစမ်းပါ၊ နင်တို့ဟာက။ ရှိသေးလား ဆရာလေး၊ ရှိရင် မှတ်ထားရအောင် အမေတို့ကို ပြောပါဦးကွယ်"

"ဟုတ်ကဲ့ အမေဗျော့"

"အဲ–အခုပြောမှာကလဲ ငရဲကိုယ်တွေ့ပါပဲ ဘကြီးခင်"

"အေး–ကောင်းတယ်ကွ၊ ဒါမှ မှတ်ထားပြီး သတိမြဲကြ ရမှာ––"

"ဟုတ်ကဲ့၊ နာမည်က ဒေါ်စံမယ်တဲ့၊ မင်းတုန်းမြို့နယ်၊ မြေနီကုန်းရွာကပဲ။ အဲ–အလုပ်က ဆန်ရောင်းတဲ့ အလုပ်၊ အဲဒါ တစ်နေ့မှာ နာမကျန်းဖြစ်ပြီး သတိမေ့သွားတာ (၇)ရက် ခန့်ကို ကြာသတဲ့။

"အဲလို သတိမေ့နေတုန်းမှာတင် ဒီ ဒေါ်စံမယ်ကို "လာ–လိုက်ခဲ့"ဆိုပြီး အလွန်သန်မာထွားကျိုင်းတဲ့ လူကြီးနှစ်

ယောက်က ခေါ်သွားရော။ ခေါ်သွားတဲ့ နေရာက တောအုပ်ကြီး တစ်ခုအတွင်းမှာရှိတဲ့ အဆောက်အအုံကြီးတစ်ခုထဲကိုတဲ့၊ ဒေါ် စံမယ်ရဲ့ လက်မောင်းတစ်ဖက်တစ်ချက်ကို ကိုင်ပြီး ညှပ်ခေါ်သွား တာကိုး၊ ရောက်တဲ့ နေရာကလဲ အရင်က သူတစ်ခါမှ မရောက် ဖူးတဲ့ နေရာမို့ ဒေါ်စံမယ်ဟာ အတော့်ကို တုန်လှုပ်ချောက်ချား သွားတယ်။ ငြင်းဆန်လို့ကလဲ မရနဲ့၊ အဲဒါ အဲလို အဆောက် အအုံကြီးထဲ ရောက်တယ်ဆိုရင်ပဲ အခန်းကျယ်ကြီးရဲ့ ထိပ်တည့် တည့်က လေးထောင့်စားပွဲကြီးမှာ လူကြီးတစ်ယောက် ထိုင်နေတာ ကိုရော၊ သူ့စားပွဲကို လာဖို့ တန်းစီစောင့်နေတဲ့ လူတန်းရှည် ကြီးကိုရော တွေ့ရတယ်။ အဲဒီလူကြီးကဖြင့် စားပွဲပေါ်က စာအုပ်ကြီးကို တစ်ရွက်စီ လှန်လှောပြီး စူးစူးစိုက်စိုက် ဖတ်နေ တယ်။ အဲ–သူတို့နားရောက်တော့ ဒေါ်စံမယ်ကို–

"ဒီမှာဝင်ရပ်"

ဟု ပြောဆိုပြီး သူ့ကို လာခေါ်တဲ့ လူကြီးနှစ်ယောက် အနက် တစ်ယောက်က မလှမ်းမကမ်းက ရပ်ကြည့်နေတယ်။ ဒီလူတန်းကြီးမှာလဲ ဒေါ်စံမယ်နဲ့ သိတဲ့လူရော၊ မသိတဲ့လူတွေရော ယောကျ်ားမိန်းမ စုံနေတာပဲတဲ့။

"ဒါနဲ့ သူလဲ သူတို့ ခိုင်းသလို ရပ်နေရင်းက တဖြည်း ဖြည်းနဲ့ စားပွဲနဲ့ နီးလာတော့မှ ဟိုလူကြီးက ဒီလူတန်းက လူတွေကို စီရင်ချက် ချနေမှန်း သိရတယ်တဲ့ ဘကြီးခင်"

"အင်း–စိတ်ဝင်စားစရာပါပဲ"

"အဲလိုနဲ့ ဒေါ်စံမယ်အလှည့် ရောက်ရော၊ ရောက်တော့ ဟိုလူကြီးက သူ့နာမည်ရယ်၊ နေတဲ့ ရွာရယ်၊ ဆန်ရောင်းတာရယ် တွေကို တစ်ခုချင်းမေးတော့ သူကလဲ အမှန်အတိုင်း ဖြေရတယ်တဲ့။ အဲ–နောက်တော့ ဒီစစ်ဆေးတဲ့ ပုဂ္ဂိုလ်ကြီးက–

"အသင်ဆန်ရောင်းတော့ ဝယ်သူတွေ မသိအောင် ဆန်လက်တစ်ဆုပ်စီ ခိုးဝှက်တာကော မှန်တယ် မဟုတ်လား"လို့ မေးတော့ ဒေါ်စံမယ်က–

"မှန်ပါတယ်ရှင့်"လို့ ဖြေလိုက်တယ်။

"ဒါဆိုရင် အမိန့်ချမှတ်မယ်၊ အမိန့်နာခံ"

"ဟုတ်ကဲ့"

"ဟောဒီ အလျှံတပြောင်ပြောင်တောက်နေတဲ့ အကြွာအစေး ပေသုံးဆယ်ရှိတဲ့ သံမြေပြင်ကို ၃–ခေါက်တိတိ ဖြတ်သန်းပြေးရမယ်"

"ဟုတ်ကဲ့ပါ"

"အဲလိုပဲ စီရင်ချက်ချပြီးတယ်ဆိုရင်ပဲ ဒေါ်စံမယ်ကို လာခေါ်တဲ့ လူကြီးက ဒေါ်စံမယ်ကို အခန်းထဲက ဆွဲထုတ်သွားရော၊ အဲလို ဆွဲထုတ်သွားလို့ အဆောက်အအုံရဲ့ အပြင်ကို ရောက်တယ်ဆိုရင်ပဲ အလျှံတငြီးငြီးနဲ့ ရဲရဲတောက်နေတဲ့ သံမြေပြင်

ကိုရော သူ့အရင်သေဆုံးသွားတဲ့ သူ့ခင်ပွန်းနဲ့ သမီးကိုရော ဒေါ်စံမယ် တွေ့လိုက်ရတယ်။ အဲလို သူ့ခင်ပွန်းနဲ့ သမီးလေးကို တွေ့ရလို့ ဒေါ်စံမယ်မှာ ဝမ်းသာလိုက်တာတဲ့ ဘကြီးခင်။

"အရင် သူဆန်ခိုးရောင်းတုန်းက ရွာကနေ့ ဆန်တောင်းလေးရွက်၊ အဲ–မင်းတုန်းဈေးထဲမှာ ရောင်းတာကိုး၊ ရောင်းတဲ့အခါ ဆန်တစ်ဆုပ်စာစ်ဆုပ် နှိုက်နှိုက်ပြီး ခိုးခဲ့တာ၊ အဲလို ခိုးတာဟာ သူ့ချည်းစားတာမှ မဟုတ်တာ၊ သူ့ယောကျ်ားရော၊ သူ့သမီးရောပါ စားကြတာကလား၊ အခု ဒဏ်ခံရမှာမို့ သူတို့ကိုလဲ ကူခိုင်းမယ့်သဘောနဲ့ ဒေါ်စံမယ်က ဝမ်းသာနေတာတဲ့"

"ဒါနဲ့ ဒေါ်စံမယ်က သူ့ယောကျ်ားကို–

"ကိုထွန်းမြင့်၊ ရှင်လဲ ဒီသံမြေပေါ်မှာ တစ်ခေါက်ပြေးပေးရမယ်"လို ပြောလိုက်တော့–

"အံမယ် ဘာရမလဲ၊ ငါလဲပြေးရမယ့်ဥစ္စာ၊ နင့်အပြစ် နင်ပဲခံပေါ့"လို့ ကိုထွန်းမြင့်က ပြန်ပြောတယ်။

"ဒီမယ် ကိုထွန်းမြင့်၊ ကျွန်မအခုလို ခံရတာ ရှင်တို့စားဖို့အတွက် ခိုးလို့ ဖြစ်ရတာ။ ဒီတော့ ရှင်လဲအတူတူပေါ့"

"ဒီမယ် စံမယ်၊ အတူတူတွေ လုပ်မနေနဲ့၊ နင့်အပြစ် နင့်ဟာနင်ခံ"

"အဲလို ကိုထွန်းမြင့်က ငြင်းတော့ ဒေါ်စံမယ်ခမျာ ဒေါသလဲ ဖြစ်ရ၊ ဝမ်းလဲနည်းရနဲ့တဲ့ ဘကြီးခင်"

"အင်း–ဟုတ်ရှာမှာပေါ့ကွယ်"

"ဒါနဲ့ လင်ကို ပြောမရတော့ ဒေါ်စံမယ်က သမီးကို တစ်လှည့်ပြောပြန်တယ်"

"သမီးလေးရယ်၊ အမေ့ကို ကူပြီး တစ်ခေါက်ပြေးပေးပါ"

"မပြေးနိုင်ဘူး အမေ၊ အမေ့အပြစ် အမေပဲ ခံပေါ့"

"အမေ ဆန်ခိုးတာ သမီးလဲ စားတာပဲဟာ၊ ကူပြေးပေးပါ သမီးရဲ့"

"မလိုချင်ဘူး၊ အမေ့အပြစ် အမေ့ဘာသာ အမေပြေး၊ သမီးလဲ အမေ့လိုပဲ ပြေးရမယ့်ဟာ"လို့ အဲလိုသမီးကလဲ ငြင်းရော ဒေါ်စံမယ်ဟာ သူ့ဘာသာပဲ အလျှံတွေ တရဲရဲနဲ့ တောက်ပြောင်နေတဲ့ သံမြေပြင်ကြီးအပေါ်ကို သုံးခေါက်တိတိ ပြေးရသတဲ့"

"အဲဒါ ခြေဖဝါးတွေ ကျက်ကုန်အောင်ကြီးကို ပူလိုက်တာတဲ့၊ ချွေးသီးချွေးပေါက်တွေလဲ ကျပေါ့လေ၊ မောမောပန်းပန်း နဲ့တဲ့။ အဲလို ၃–ခေါက်ပြေးပြီး မောလွန်းလို့ အမောဖြေမယ်ကြံပြီး ဒေါ်စံမယ်ထိုင်နေတုန်းမှာတင် သူတို့ရွာက ကိုဖိုးထွန်းဆိုသူက သူ့အနားပြေးလာသတဲ့။

အဲလို ကိုဖိုးထွန်းက ပြေးလာပြီး–

"နင် စံမယ် မဟုတ်လား"

"ဟုတ်တယ် ကိုဖိုးထွန်း၊ ရှင်ကော ဘယ်လိုနဲ့ ဒီရောက်

နေတာလဲ"

"ဟဲ့–လွန်ခဲ့တဲ့ တစ်လက ငါဖိုးထိသေတာ နင်မသိ
ဖို့လား"

"ဟုတ်ကဲ့၊ သိပြီကိုဖိုးထွန်း"

"ဒါဖြင့် နင့်ကို မှာလိုက်ချင်လို့ဟယ်။

"ငါ သေခါနီးတုန်းက ငါမြှုပ်ထားတဲ့ ငွေအိုးကြီးကို
တ်စွဲလန်းပြီး သေလို့ မကောင်းတဲ့ နေရာရောက်နေရတယ်။
ခဲ့ဒါ နင်အိမ်ပြန်ရောက်ရင်သာ ငါ့သမီးနဲ့ မိန်းမကို ပြောပါ။
ဂို့အိမ်လှေကား ငါးထစ်ရဲ့ အောက်တည့်တည့်မှာ ငါမြှုပ်ခဲ့တဲ့
ငွေအိုးကို ဖော်ယူပြီး ဆွမ်းသွပ်အမျှဝေပေးပါလို့"

"ဟုတ်ကဲ့၊ ပြောလိုက်မယ် ကိုဖိုးထွန်း"

"အေး၊ အေး၊ ပြောဖြစ်အောင် ပြောပါဟယ်၊ ကဲ–
ချိန်လဲမရှိဘူး၊ ငါ့အလှည့်ရောက်ခါနီးပြီ၊ ငါသွားမယ်နော်"

"အဲလိုပြောပြီး ကိုဖိုးထွန်းထွက်သွားတော့ ဒေါ်စံမယ်မှာ
ငးငိုင်ကျန်နေတုန်းမှာတင် သူ့ကို လာခေါ်တဲ့ လူကြီးနှစ်ယောက်
ရောက်လာပြီး–

"ကဲ–မင်းတာဝန်ကျေပြီ၊ ပြန်တော့"

လို့ အဲလိုပြောရော ဒေါ်စံမယ်မှာ ရေသိပ်ဆာလွန်းလို့
ခနီးအနားကြည့်လဲ ရေမတွေ့တာနဲ့ ရလိုရငြား–

"ရေ–ရေ–ရေပေးပါ၊ ဆာလွန်းလို့"

လို့ တောင်းလိုက်ရော။

ဒီတွင်–

"ဟယ် အမေ မသေဘူးဟဲ့။ မသေဘူး၊ ရေတောင်းနေတယ်၊ ရေယူခဲ့"

"အမေရယ်၊ မသေဘူးနော်"

လို့ အနားက ပြောလိုက်တဲ့ အသံဗလံတွေကြားမှ ဒေါ်စံမယ်က မျက်စိဖွင့်ကြည့်လိုက်ရော။ ဒီတော့မှ သူ့ကို ဝိုင်းနေတဲ့ ဆွေတွေ၊ မျိုးတွေကို ဒေါ်စံမယ် တွေ့ရတာကိုး။

"အဲဒါ အပြင်းအထန်ဖျားပြီး ၇–ရက်တောင် မေ့မျောပြီး ငရဲပြည်ကို ဒေါ်စံမယ် ရောက်သွားတာ ဘကြီးခင်"

"အဲ နောက် ဒီ ဒေါ်စံမယ်ရဲ့ ဒူးဆစ်အောက်ပိုင်းက မြွေအရေခွံလဲသလို တဖြည်းဖြည်း အရေတွေ အလွှားလိုက်တောင် ကွာကျကုန်သတဲ့။ နောက် ကိုဖိုးထွန်းရဲ့ မိန်းမနဲ့ သမီးကိုခေါ်ပြီးတော့လဲ ကိုဖိုးထွန်းမှာလိုက်တာကို ပြောပြတယ်။ သူတို့လဲ ယူကျုံးမရ ဖြစ်ကြလွန်းလို့ ရှိုက်ကြီးတငင် ငိုကြွေးကြသတဲ့။ နောက်ဒေါ်စံမယ်ကလဲ ကောင်းမှု၊ မကောင်းမှုတွေရဲ့ အကျိုးကို ပြုတဲ့သူသာ ခံရကြောင်းတွေ လက်တွေ့ နားလည်သဘောပေါက်ပြီး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်း၊ ဥပုသ်သီလကိုလဲ ကျင့်သုံး၊ တရားစခန်းတွေမှာလဲ တရားဝင်နဲ့ အကျိုးရှိအောင် နေထိုင်သွားသတဲ့။

**(ဦးမြင့်အောင်၊ ၁၃၅၆–ခုနှစ်၊ နှစ်ဦးကိုကြိုလျက်၊ ၉၄/မေလ–ရတနာမွန်မှ)**

"လက်စနဲ့ ဘကြီးတို့ကို ကျွန်တော် ဆက်ပြောဦးမယ်"

"အေး–ပြောကွ"

"ဒါက ယောနယ်က၊ သူကမှ စုံတာ ဘကြီးခင်၊ ငရဲပြည်ရော၊ နတ်ပြည်ရော ရောက်တာ–"

"ဟ နိပ်ဟ၊ ပြောဆရာလေး၊ နတ်ပြည်အနဲ့လေး ဘာလေးပါ သိရမှာ"

"ဟုတ်ကဲ့ ကိုဖိုးထောင်၊ သူ့နာမည်က ကိုသာထွန်းတဲ့၊ အဲဒါ သူတို့ ယောနယ်ထဲမှာ ပရန်းတောင်ဆိုတာ ရှိတယ်၊ အဲဒီတောင်မှာ မိဘနဲ့အတူ တောင်ယာလုပ်ငန်းလုပ်ကိုင် စားသောက်နေတာ။ အဲ–ကိုသာထွန်းက ဘာသာတရား ကိုင်းရှိုင်း ပါတယ်၊ တဲမှာရှိတဲ့ ဘုရားစင်မှာ အောင်သပြေပန်းတွေ၊ ဘာတွေ ချူးတင်၊ ညဆို ဘုရားရှိခိုး၊ ပန်းကပ်၊ ရေချမ်းကပ်နဲ့ပေါ့။ နို့ပေမယ့် တောင်ယာအလုပ်က ပင်လဲ ပင်ပန်းတော့ ခန္ဓာကိုယ်က ခပ်မြှက်မြှက်လေး စားချင်သောက်ချင်ပုံ ရတယ်၊ ဒါဟာ ဘာလဲဆိုတော့ အသီးအရွက်ချည်း စား နေရာက သူ့ခမျာ မတင်းတိမ်တော့ ငါးရှာ၊ ဖားရှာ အလုပ်လဲ လုပ်သတဲ့။ ဒီတွင်မကဘူး၊ သူ့အိမ်မှာ မွေးထားတဲ့ ကြက် တင်ညင်ကြက်ဖနဲ့ ယာစည်းရိုးတောစပ်တွေမှာက ကြက်လဲ တည်သတဲ့။ ဒီတော့ ငါးသားလဲ စားတယ်။ တောကြက်သားလဲ စားရတာကိုး။

"အဲ–တစ်ခါတစ်လေတော့လဲ ကိုသာထွန်းက စဉ်းစား

မိသတဲ့ ဘကြီးခင်၊ လူဟာ သူများအသားတော့ စားချင်လိုက်တာ လွန်ရော၊ ဟော–ကိုယ့်အသားကျတော့ ခြင်ကိုက်တာတောင် မခံနိုင်ဘူးလို့။ နို့ပေမယ့် စဉ်းစားမယ့်သာ သူစဉ်းစားတာကလား။ အခုနပြောတဲ့ ငါးရှာတာတို့၊ ကြက်ထောင်တာတို့ကိုတော့ လုပ်မြဲပဲတဲ့၊ အဲ–တစ်နေ့ သူ့မိဘနှစ်ပါးက တောင်ငူဘက်မှာ ဆီ၊ ဆား၊ ငပိ ဆိုတာတွေ ကုန်လို့ ရွာပြန်ယူတုန်း၊ ကိုသာထွန်း တစ်ယောက်တည်း တဲမှာ ကျန်ခဲ့တယ်။ ဖြစ်ချင်တော့ အဲဒီတွင်မှာ ကိုသာထွန်းမှာ အလုပ်က ပင်ပန်းလွန်းတော့ အဖျားဝင်ပြီး အိပ်ရာမှာ ခွေနေရော။ အဲလို ဖျားနေတာ တစ်ပတ်ခန့် ကြာပြီ။ တစ်နေ့ ဆွမ်းခံဝင်ချိန်လောက်မှာ အဖျားက အရှိန်တွေ နင်းကန် တက်လာပြီး ကိုသာထွန်း မေ့မျောသွားရော။ ဒီတွင် ကိုသာထွန်း ဟာ အရင်က သူတစ်ခါမှ မရောက်ဖူးတဲ့ လမ်းမကြီးတစ်ခုပေါ် လမ်းလျှောက်နေပါတယ်။ ဒီလမ်းမကြီးက ဖုန်တွေကလဲ တထောင်းထောင်း ထနေတယ်။ ရှေ့တူရူဆီသွားနေတဲ့ ခြေရာ တွေကလဲ အကြီးရော၊ အသေးရော စုံနေတာပဲတဲ့။ ဒီလို စုံနေတဲ့ ခြေရာကြီး၊ ခြေရာငယ်တွေဟာ အသွားခြေရာတွေသာ ဖြစ်ပြီး အပြန်ခြေရာဆိုလို့ တစ်ခုတစ်လေတောင် မတွေ့ရဘူးတဲ့"

"ကိုသာထွန်းဟာ လျှောက်သွားရင်းကနေ သူ့ရဲ့ နဘေးနဘီကြည့်လဲ ဘယ်သူ့ကိုမှ မတွေ့ရှာဘူး၊ ဒါနဲ့ အဲဒီက ခြေရာတွေအတိုင်း ဆက်လိုက်သွားရော။ အဲလိုသွားတော့ ခဏ

ကြာရင်ပဲ မီးခိုးနဲ့ ညှော်နံ့၊ အပုပ်နံ့တွေ လှိုင်နေတဲ့ မန်ကျည်းပင်ကြီးတစ်ခုရဲ့ တံခါးပေါက်ကို ရောက်သွားရှာတယ်။ ရောက်ရင်ပဲ အဲဒီတံခါးပေါက်ကြီးရဲ့ ဘေးနားမှာ စားပွဲတစ်ခုနဲ့ အဲဒီစားပွဲမှာတွင် ခေါင်းပေါင်းကလဲ အနက်၊ အဝတ်အစားတွေကလဲ အနက်ချည်းဝတ်ပြီး အလွန်တရာ ကြမ်းတမ်းခက်ထန်တဲ့ ရုပ်အဆင်းရှိတဲ့ လူကြီးတစ်ယောက် ထိုင်နေတာကို တွေ့လိုက်ရတယ်။ ထိုအကျဉ်းထောင်ကြီးထဲမှာဆိုရင်–

"ကယ်ကြပါ၊ ကယ်ကြပါ၊ အမေရေ၊ အံမယ်လေး၊ ကြောက်ပါပြီ၊ ပူလိုက်တာ၊ ဟား–ပူလိုက်တာ၊ နာတယ်၊ နာတယ်"

စတဲ့ အသံမျိုးစုံက ဟိန်းထွက်နေသတဲ့။ ကိုသာထွန်းခမျာ အဲလိုအသံတွေ ကြားရရင်ပဲ ကြောက်လိုက်တာမှ ခိုက်ခိုက်ကို တုန်လှုပ်နေရှာတယ်၊ ဒါနဲ့ ကိုသာထွန်းက ဟိုလူကြီးကို–

"ဒီနေရာက ဘာလဲခင်ဗျာ"

"ဒါ ရောရုဝ ငရဲပေါ့။ ခဏနေဦး"

အဲလိုပြောပြီး စားပွဲပေါ်က စာအုပ်ကြီးကို ဟိုလှန်သည်လှန်နဲ့ တစ်ခုခု ရှာနေသတဲ့။ ပြီးတော့မှ–

"ဟာ–ဒီစာအုပ်ကြီးထဲမှာ မင်းစာရင်းမှ မပါတဲ့ဟာ၊ ဒီတော့ မင်းပြန်တော့"

လို့ ပြောလိုက်သတဲ့။ ဒီတော့မှတွင် ကိုသာထွန်းခမျာ "ဟင်း" လို့ သက်ပြင်းကြီးကို အားရှိပါးရှိ ချလိုက်နိုင်တယ်။ နောက်သူဟာ လာလမ်းအတိုင်း ပြန်လာခဲ့ရော၊ အဲလိုပြန်လာရင်းက လမ်းစပျောက်သွားပြန်ရောတဲ့။ အဲလို လမ်းစပျောက်တော့ ဆူးခြုံပိတ်ပေါင်းတွေကို တွေ့ရပြန်တယ်။ တွေ့တော့ သူ့မှာ အဲဒါတွေပဲ ကျော်ကာ လွှားကာနဲ့ ခက်ခက်ခဲခဲကြီးကို ဖြတ်သန်းလျှောက်နေရတယ်။ ဒါပေမယ့် သိပ်အကြာကြီးတော့ မလျှောက်ရပါဘူးတဲ့။ ခဏကြာလျှင်ဆိုရင်ပဲ အဲ–ပြိုးပြိုးပြက်ပြက်နဲ့ တလက်လက်အရောင်ထွန်းနေတဲ့ ဘုံဗိမာန်ကြီးတွေရယ်၊ ခန္ဓာကိုယ်မှာ ဝတ်ထားတဲ့ အဝတ်အစားတွေက အဆန်းတကြယ်နဲ့ ဖိတ်ဖိတ်တောက်အောင် အရောင်တွေ ထွက်နေပြီး အလွန့်ကို ရုပ်ရည်ချောမောလှပတဲ့ ယောကျ်ားတွေကိုရော၊ မိန်းမတွေကိုရော ကိုသာထွန်း တွေ့ရပြန်တယ်။ ဒါနဲ့ ကိုသာထွန်းက အဲဒီလူတွေထဲက အလွန်မှ လေးစားဖို့ကောင်းတဲ့ ခန့်ညားထည်ဝါတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို တွေ့ရတာနဲ့–

"ဦးခင်ဗျား၊ ဒါက ဘာပါလဲ" လို့ အရဲစွန့်ပြီး မေးတော့ ထိုပုဂ္ဂိုလ်ကြီးက–

"ဒါ တာဝတိံသာနတ်ပြည်လို့ ခေါ်တယ်။ နို့–သင်က ဘယ်ကလာတာလဲ"

လို့ ပြန်မေးတော့ ကိုသာထွန်းက သူတောင်ယာထဲက

ထွက်လာတာကအစ မြင်ခဲ့သမျှတွေကို ပြောလိုက်ရော။ ကိုသာထွန်းက အဲလိုပြောတော့ ဟိုပုဂ္ဂိုလ်ကြီးက-

"သင် သိပ်ကံကောင်းတာပဲ"လို့ ပြောပြီး သူ့ခါးကြားမှာ ထိုးထားတဲ့ ပုရပိုက်တွေကို နှုတ်ယူလိုက်ပြီး အဲဒါ တစ်ခုပြီးတစ်ခု ဖြေကြည့်နေတယ်။ အဲလို ဖြေကြည့်လို့ ကုန်တော့မှ-

"အဲကွယ့်၊ ဒီပုရပိုက်တွေထဲမှာ မင့်နာမည် မတွေ့သေးလို့ နေလို့ မရသေးဘူး။ ဒီတော့ မင်းလူ့ပြည်ကို ပြန်ဦးပေါ့။ ဟိုလူ့ပြည်မှာ ကောင်းမှုတွေ လုပ်ပေါ့။ အဲ-ဒီနေရာက ကောင်းမှုပြုသူတွေမှ ရောက်ရတာ၊ အဲ-တစ်ခုတော့ရှိတယ်၊ မင်းလူ့ပြည်ရောက်ပြီး အကုသိုလ်ဒုစရိုက်တွေပဲ လုပ်နေရင်တော့ မင်း-လမ်းမှာ တွေ့ခဲ့တဲ့ အရပ်တွေကိုပဲ ရောက်ရမှာ"

"ငါ ပြောတာကြားလား၊ မင်းပြန်တော့"

"အဲလိုပဲ ဟိုပုဂ္ဂိုလ်ကြီးက ပြောတော့ ကိုသာထွန်းက ခေါင်းလေးတညိတ်ညိတ် လုပ်နေခိုက်မှာ-

"ဟော့-မောင်သာထွန်း၊ မောင်သာထွန်း"

လို့ ခေါ်သံကြားရလို့ မျက်လုံးဖွင့်ကြည့်တော့ သူနဲ့ တဲနီးပါးချင်း ဖြစ်တဲ့ ကိုလှဆောင်ကို တွေ့လိုက်ရတယ်။ ဒါနဲ့ အတင်းကြိုးစားပန်းစားနဲ့ လူးလဲထပြီး အခုန မြင်ခဲ့တာတွေကို ကိုလှဆောင်အား ကိုသာထွန်းက ပြောပြလိုက်သတဲ့။ ဒီတော့ ကိုလှဆောင်က-

"ဒါဟာ မင်းကို အကုသိုလ်အလုပ် မလုပ်ဘဲ ကုသိုလ်လုပ်ဖို့ သတိပေးတာ ဖြစ်မှာလို့ ပြန်ပြောလိုက်သတဲ့ ဘကြီးခင်"

**(ယောနက မျိုးအောင်-ကံချိန်ခွင်၊ ၉၅၊ ဧနီနဝါရီ၊ဉာဏ်လင်းစမ္ပဒေသာမှ)**

"အေး-လှဆောင်ပြောတာ ဒါအမှန်ပဲကွ။ ဒါ ဟိုကိုသာထွန်း သတိရှိရမယ်ပေါ့"

"ဘယ့်နှယ်၊ ဆရာလေး ငရဲအကြောင်းတွေ ကြားရတာ မကြောက်ပေဘူးလား"

"ဟာ-ကြောက်လှပြီပေါ့ ဘကြီးခင်ရယ်"

"အင်း၊ အခုဒီလူတွေ တွေ့ခဲ့တာတွေဟာ ငရဲဒုက္ခထဲက အသေးအမွှားလောက်ပါပဲ"

"တို့ ဗုဒ္ဓကျမ်းစာတွေထဲမှာ တို့ဘုရားဟောခဲ့တာက မတွေးဝံ့လောက်အောင်ကို ကြောက်စရာကြီးတွေပါကွာ"

"ဟုတ်ကဲ့ ဘကြီးခင်"

"နို့-ငရဲဆိုတာက မြေကြီးအောက်ထဲမှာ ရှိတာ မဟုတ်လား ဘကြီးခင်"

"အေး-ဟုတ်တယ် ငွက်ထော်၊ အောက်မှာရှိတာ"

"ဒါက ဒီလိုလေ၊ တို့နေတဲ့ ကမ္ဘာမြေကြီးဆိုတာ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိတာ။ ဒီယူဇနာ နှစ်သိန်းလေးသောင်းရှိတဲ့ မြေကြီးကို ခံထားတာက ရေထုကြီးပဲ။ ဒီရေထုကြီးက အရည်မဟုတ်ဘူး။ ပြစ်ခဲနေတဲ့ ရေထုကြီးကိုး။ အဲဒီရေထုကြီးက ယူဇနာလေးသိန်းနဲ့ ရှစ်သောင်းထုထည်ရှိသတဲ့"

"အော်–ရေထုက ပိုကြီးလို့ မြေထုကို ခံထားနိုင်တာကိုး"

"ဟုတ်တယ် မောင်တင်အောင်ရဲ့၊ အဲတစ်ခါ အဲဒီ ယူဇနာလေးသိန်းနဲ့ ရှစ်သောင်းရှိတဲ့ ရေထုကို အောက်က ပင့်ထားတဲ့ လေထုကြီးက ယူဇနာကိုးသိန်းနဲ့ ခြောက်သောင်း ရှိသတဲ့။ အဲလိုရှိနေတာ"

"ဒါဖြင့် ဘကြီးခင်ရဲ့၊ ဒီလေထုအောက်ကကော"

"အေး–လေထုအောက်မှာက ဘာမှ မရှိတော့ဘူး။ ဟင်းလင်းပြင်ကြီးရယ်၊ အဲဒါကို အောက် အဇဋာကောင်းကင်လို့ ခေါ်တယ်"

"အင်း–အင်း ဟုတ်ပြီ၊ ဘကြီးမောင်ခင်၊ ကျွန်တော်တို့ ပြောတတ်တဲ့ အထက်အဇဋာကောင်းကင်မှာ လရထားကြီး သွားတာတို့ ဘာတို့လိုပေါ့"

"အေး–ဟုတ်တယ် ဖိုးထောင်၊ တို့မြင်တဲ့ ကောင်းကင်က အထက်အဇဋာကောင်းကင်ပါပဲ"

"အဇဋာ ဆိုတာကကော ဘကြီးမောင်ခင်"

"ဒါက ပါဠိစကားရယ် ဖိုးထောင်၊ ဇဋာက အရှုပ်အထွေး ကို ဟောတာ၊ အဲ(အ) က မရှိ၊ နှစ်ခုပေါင်းတော့ (အဇဋာ) ဆိုတာက အရှုပ်အထွေး၊ အငြိအတွယ်ဆိုလို့ ဘာဆိုဘာမှ မရှိတာကို ဟောတာ၊ ဒါကြောင့် အောက်အဇဋာကောင်းကင်လို့ ခေါ်ရတာ"

"အဲ–ဒါတွေထား၊ ချုပ်တော့ အောက်က လေထု၊ အဲ–လေထုအထက်က ရေထု၊ ရေထုအထက်ကမှ ကမ္ဘာမြေကြီး၊ ဒီကမ္ဘာမြေကြီးက နှစ်သိန်းနဲ့လေးသောင်း အထုအထူရှိတာက အပေါ်နဲ့အောက်ကို ထက်ဝက်ခွဲတော့ အောက်ပိုင်းထုက ယူဇနာ တစ်သိန်းနှစ်သောင်း၊ အထက်ပိုင်းထုက တစ်သိန်းနှစ်သောင်းတဲ့။ မှတ်မိတယ်နော်"

"ဟုတ်ကဲ့ ဘကြီးခင်"

"မှတ်မိရင် အောက်တစ်သိန်းနှစ်သောင်းက ကျောက်မြေ ချည်းရယ်တဲ့၊ အပေါ် တစ်သိန်းနှစ်သောင်းကမှ အခုတို့ တွေ့ရတဲ့ ပကတိမြေသားတဲ့။ အဲ–ငရဲကြီးရှစ်ထပ်ဆိုတာက အဲဒီအပေါ် ပိုင်းက ရိုးရိုးမြေသား တစ်သိန်းနှစ်သောင်းထဲမှာကို တစ်ထပ်နဲ့ တစ်ထပ် ယူဇနာတစ်သောင်းငါးထောင်စီ ကွာပြီး တည်နေ တာတဲ့"

"ဒါဖြင့် ကျွန်တော်တို့နေတဲ့ မြေအပြင်ကနေ အောက်ကို စ,တိုင်းရမှာပေါ့နော်"

"အေး–ဟုတ်ရဲ့၊ တို့နေတဲ့ မြေကနေ အောက်က ယူဇနာတစ်သောင်းငါးထောင်အရပ်မှာဆိုရင် ငရဲကြီးရှစ်ထပ် အနက် ပထမဆုံးသော သိဉ္ဇီုဝ်းငရဲကြီးပဲ။ တစ်ခါ အဲဒီ သိဉ္ဇီုဝ်းငရဲကနေ အောက်ကိုတစ်သောင်းငါးထောင်ဆင်းသွားရင် ဒါ "ကာဠသုတ်"ငရဲပဲ။ အဲလို တိုင်းသွား၊ ဟို အဝီစိရောက်တဲ့ အထိပေါ့"

"ဟုတ်ကဲ့"

"ဒီ ငရဲကြီး ရှစ်ထပ်ကို ပတ်ရံထားတဲ့ ဉဿဒငရဲငယ်တွေဆိုတာ ရှိသေးတယ်ကွ၊ ဉဿဒ ဆိုတာက အငယ်လို့ အဓိပ္ပာယ်ရတာ၊ ဟိုရှစ်ထပ်က ငရဲကြီး၊ ဉဿဒက ငရဲငယ်တွေ၊ တစ်ခါ ဒီဉဿဒ ငရဲငယ်တွေကဆို အချို့ကလဲ ၄-မျိုး၊ အချို့က ငါးမျိုးလို့ ဆိုကြတယ်။ ဒီငရဲငယ် ၄-မျိုးတို့၊ ငါးမျိုးတို့ ဆိုတာတွေက ငရဲကြီး ၈-ထပ်အနက် အထပ်တိုင်းမှာကို လေးဘက်လေးတန်ကနေ ပတ်ဝိုင်းထားတာ"

"အဲဒီ ဉဿဒငရဲငယ်တွေကကော ဘကြီးခင်"

"အေး-ဂွက်ထော်၊ ဒါတွေက တစ်က ဘင်ပုတ်ငရဲတဲ့။ ဒီငရဲငယ်က မစင်တွေ၊ လောက်တွေ ဘာတွေ အပြည့်ရှိနေတာ၊ ဒီငရဲက ပိုးလောက်တစ်ကောင်တစ်ကောင်ဟာဆိုရင် ဆင့်လည်ပင်းလောက်၊ ပိန်းကောလေှလောက်တောင် ရှိသတဲ့"

"တစ်ခါ နှစ်က ပြာပူငရဲ၊ ဒါကတော့ ရှင်းပါတယ်၊ ဒီငရဲမှာက မီးကျီးခဲတွေ အပြည့်ရှိတာ၊ မီးကျီးတစ်ခဲတစ်ခဲမှာဆိုရင် ပြာသာဒ်အထွဋ်လောက်ရှိတာ၊ နောက်ငရဲငယ်တစ်ခုက နံပါတ်သုံးပေါ့၊ အဲ-လက်ပံတောငရဲတဲ့။ ဒီလက်ပံတောငရဲက လက်ပံဆူးတစ်ချောင်းတစ်ချောင်းဟာဆိုရင်ပဲ တစ်ဆယ့်ခြောက် လက်မလောက်ကို ရှည်သတဲ့လေ။ အဲဒါ ငရဲသားက သစ်ပင်ပေါ်ပြေးတက်ရင် အပေါ်ကနေ အဆင်သင့်ထိုးဖို့ အောက်ဘက်

အဖျားလှည့်နေသတဲ့။ ဟာ–ထိုးမိတော့မှာဆိုပြီး အောက်ကို လှည့်ဆင်းပြေးပြန်တော့လည်း အောက်ကနေ အထက်ဘက် လှန်ပြီး အဖျားလှဲ့ပြန်ရောတဲ့”

“အမယ်လေး ဘကြီးခင်ရယ်၊ အသဲယားစရာကြီး ပါလား”

“အေးဟုတ်တယ် ဂွက်ထော်၊ နင်ကြပ်ကြပ်သတိထား”

“ဟောဒီ ဖိုးထောင် သေနာကောင်၊ ကြောက်စရာမို့ ကြောက်တယ် ပြောတာကိုဟာ”

“အေး–ငါကလဲ ဘာပြောလို့လဲ သတိထားဖို့ ပြောတာ ပဲဟာ”

“အဲ––အဲ––လေးနံပါတ်က သန်လျက်ရွက်တောငရဲတဲ့၊ ဓားတွေလို၊ သန်လျက်တွေလို ဖြစ်နေတဲ့ သစ်ရွက်တွေရှိနေ၊ ပေါက်နေတဲ့ ငရဲပဲ။ နောက်နံပါတ်ငါး ငရဲငယ်က ကြိမ်မြစ်ငရဲတဲ့။ ဒီငရဲက ရေတွေက ကျိုက်ကျိုက်ဆူပွက်နေတဲ့ သံရေတွေပဲ။ အထဲမှာလဲ ကြိမ်ဆူးတေ ရှိတယ်တဲ့။ အဲ–အဲလို ဥဿဒခေါ်တဲ့ ငရဲငယ်တွေက အများကြီးဟာကိုး။ ဟိုး ဒု–သ–န–သော ဆိုတဲ့ သေဌေးသားလေးယောက်တို့ ကျရောက်ခံစားနေတဲ့ ငရဲကျတော့ လောဟကုမ္ဘီငရဲလို ခေါ်တယ်၊ သံရည်အိုးငရဲပေါ့။ ရာဇဂြိုဟ်ပြည်အနီးမှာကိုး။ တို့လူ့ပြည်ရဲ့ အနီးမှာဆိုရင် အဲလို ငရဲငယ်တွေက တင်းကြမ်းကို ရှိတာ။ စာထဲမှာ ဆိုထားတာဟာ

ရာဇဂြိုဟ်မြို့ အနီးမှာရှိတဲ့ 'တပေါဒါ'မြစ်ဆိုတာ ရေပူမြစ်ပဲ။ အဲဒီမြစ်ထဲက ရေက ပူနွေးနေတာ၊ အဲလို ပူတာဟာလဲ လောဟကုမ္ဘီငရဲနှစ်ခုအကြားက ဖြတ်သန်းစီးဆင်းနေလို့တဲ့'

"အဲ–ငရဲပူဟာ ဘယ်လောက်ကြီးလဲ၊ ဒါ အဖျားခပ်အရှိန်ဟပ်ရုံလေးရယ်နော်"

"ဟုတ်တယ်၊ မောင်တင်အောင်"

"အခုန မောင်တင်အောင် ပြောသွားတဲ့ ငရဲကိုယ်တွေ့ သမားတွေ တွေ့ခဲ့တယ်ဆိုတာဟာ ဟို ငရဲရှစ်ထပ်တောင် ဟုတ်ပုံမရသေးဘူး"

"အဲ–လူ့ပြည်အနီးအနားက ငရဲငယ်လေးလောက်ပဲ ရှိဦးမှာ"

"ဟုတ်လိမ့်မယ်၊ ဘကြီးခင်"

"တို့ ငရဲဒုက္ခ ဘယ်အထိ ကြီးမားသလဲဆိုတာကို ဘုရားရှင်တောင်မှ ဟောဖို့ မလွယ်ဘူးတဲ့၊ အဲလောက်ကို ကြီးတာဗျ––။ ဟိုငရဲကြီးရှစ်ထပ်ဆိုတာက တို့ဇမ္ဗူဒိပ်ကျွန်းကြီးလို ယူဇနာ တစ်သောင်းတစ်သောင်းစီ ကျယ်သတဲ့။ အဲ–လောကန္တရိကငရဲတောင် ယူဇနာရှစ်ထောင်ကျယ်တာ။ တစ်ခါ ငရဲကြီးရှစ်ထပ်ရဲ့ ပုံစံကလဲ တို့ သံမိုး၊ သံကာ၊ သံခင်းထားတာ၊ သံသေတ္တာကြီးလို လေးထောင့်စပ်တဲ့၊ အထဲမှာလဲ မီးလျှံတွေက အပြည့်ရယ်ကိုး၊ အဲဒါ ခံရတဲ့ သူကတော့ သေလဲ ပြန်ရှင်ပြီး

ခံလိုက်နဲ့ သူ့အကုသိုလ် မကုန်မချင်း ခံရတာ။ အဲဒီ သံသေတ္တာလို ငရဲထပ်တွေမှာ တံခါးပေါက်ကြီးတွေက လေးပေါက်ရှိတာ၊ ငရဲကျပြီဆိုရင် အဲဒီအပေါက်ကနေ အလိုလို ဝင်သွားပြီး ခံပေရော့။ အပေါက်က ပြန်ပိတ်သွားတာ၊ ဟော လွတ်တော့လဲ အဲဒီ တံခါးတွေက အလိုလို ဖွင့်ပေးလို့ လွတ်လာတာ"

"အဲဒါ ဖိုးထောင် မကြောက်ဘူးလား"

"ကြောက်ပေါ့ ဘကြီးမောင်ခင်"

"ကြောက်မနေနဲ့၊ ဒီအပါယ် ၄–ဘုံဆိုတာက ဓမ္မပဒ အဋ္ဌကထာဆရာက ဆိုထားတယ်။ တို့အဖို့ အမြဲနေထိုင်ရာ အိမ်ကြီးလိုပဲတဲ့။ တို့အမြဲနေရာအိမ်ဆိုတာက ခရီးဘာ သွားစရာရှိ သွားလိုက်၊ ပြီး ကိုယ့်အိမ်ကိုယ် ပြန်တာပဲကိုး။ အဲလိုတဲ့ခင်ဗျ"

"နို့–ကျွန်တော်တို့ အခု အဲဒီအိမ်က ခရီးထွက်လာ တာပေါ့"

"အေး–ဟုတ်တယ်။ ဒါ အခု နင့်အိမ် နင်ပြန်တော့ပေါ့"

"ဟောဒီ ဝွက်ထော်၊ ငါက အကောင်းပြောတာ"

"ဟဲ့–ငါက မကောင်းပြောလို့လား၊ အပါယ်ဆိုတာ အမြဲနေတဲ့ အိမ်ပါဆိုမှ"

"တော်ပါယ်၊ နင်တို့ဟာက"

"ဟုတ်ကဲ့ အမေဖျော့ရဲ့"

"အဲ–ဒီလို သတ္တဝါတွေအဖို့ အပါယ် ၄–ဘုံဟာ ကိုယ်

အမြဲနေတဲ့ အိမ်လို ဖြစ်ရတာကလဲ တစ်အချက်က သူတော်ကောင်းတရားတွေ မေ့ထားလို့၊ နောက် နှစ်အချက်က ကိုယ့်စိတ်အလိုကို လိုက်လွန်းလို့တဲ့။ အဲလို ကုသိုလ်တွေ မေ့ထားမယ်၊ စိတ်အလိုတွေ လိုက်နေမယ်ဆိုရင် ဒါဟာ အပါယ်လေးဘုံဆိုတာ အဲလိုလူအတွက် အမြဲနေရာ အိမ်ကြီးပါပဲတဲ့"

"နို့-ဘကြီးရ၊ ကျွန်တော်တို့ လူသားတွေထက် ငရဲခံရတဲ့ သတ္တဝါတွေက ပိုများတယ်ဆို"

"ဟုတ်ပ့ါမောင်ရာ၊ အညာက ကြွေလာတဲ့ သစ်သီးများ၊ သူ့အညာပြန်ရောက်ဖို့နဲ့ အရင်ကလို ပြန်ဖြစ်ဖို့ဆိုတာ မလွယ်ကူတာလိုပဲ။ လူ့ဘဝက စုတေပြီးနောက် လူ့ဘဝပြန်ရောက်ဖို့ဆိုတာမျိုး မလွယ်ပါဘူးလို့ ကျမ်းဂန်များမှာ ဆိုထားပါတယ်။ ဒါတင် ဘယ်ကမလဲ၊ ဟော-မိုးကောင်းကင်ပေါ် ကျောက်ခဲတစ်လုံး မြှောက်တင်လိုက်ရင် အဲဒီ ကျောက်ခဲဟာ မိုးကောင်းကင်ပေါ်မှာ ကြာမြင့်စွာ မတည်နိုင်သလိုတဲ့။ တို့ လူ့ဘဝ၊ နတ်ဘဝစတဲ့ သုဂတိဘုံဘဝမှာ ရောက်နေတဲ့ လူတွေ၊ နတ်တွေဆိုတာကလဲ အဲ-ကိုယ်အခုဖြစ်ခိုက် သုဂတိဘဝမှာ အကြာကြီး နေကြရတာ မဟုတ်ပါဘူးတဲ့။ အများအားဖြင့် အပါယ်သို့သာ ပြန်ရတဲ့ သူက များဆိုပဲ"

"ဒါဖြင့် အပါယ်ဘုံသားတွေက အများကြီးပေ့ါနော်"

"များပေ့ါ မောင်ဖိုးထောင်၊ အဲ-တို့ငယ်ငယ်က ကျက်ထားတဲ့ အဲ-ဗိလာဧကော-တွင်းပေါက်တစ်ခုထဲက။ ဝိနိဂ္ဂတော-

ထွက်လာနေတဲ့။ ပိပိလိကာန်–ပိုးပုရွက်တို့ရဲ့။ ပုရွော–အစ
အပေါင်းက၊ ဇမ္ဗူဒီပကေ–ဇမ္ဗူဒီပ်ကျွန်း၌ ရှိကုန်တဲ့။ မနုဿေ–
လူတွေထက်၊ ကိန္နုနာတိရိစ္ဆေယျ–ပိုများပါသေးသတဲ့ဗျာ"

"ဒါနဲ့ ဆက်ပြီး ဟိုအဝေးကြီးသွားမကြည့်နဲ့ ဖိုးထောင်၊ မင့်ကိုယ်ပဲ မင်းပြန်ကြည့်၊ ဖိုးထောင်ဆိုတဲ့လူက တစ်ယောက်တည်း မဟုတ်လား"

"ဟုတ်ကဲ့"

"အဲ–မင့်တစ်ယောက်ထဲမှာကို မင့်ခန္ဓာကိုယ်အတွင်းမှာ ပိုးမျိုးက ဘယ်လောက်ရှိသတဲ့လဲ"

"ပိုးမျိုးရှစ်ဆယ်တဲ့ ဘကြီးမောင်ခင်"

"ဒါက ခန္ဓာကိုယ်အတွင်းကနော်"

"ဟုတ်ကဲ့"

"နောက် မင့်ခေါင်းက သန်းရှိနေရင်ကော၊ ဒီသန်းလဲ အပါယ်ဘုံသားမဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို မင့်ခန္ဓာကိုယ်မှာတွင် အပါယ်ဘုံသားက ပိုမများနေဘူးလား"

"ဟုတ်ကဲ့၊ များပါတယ်"

"နောက် မင်းအိမ်တစ်ခုလုံး၊ ရွာတစ်ခုလုံးမှာရှိတဲ့ လူနဲ့ အပါယ်သားတွေနဲ့ မှန်းကြည့်လေ"

"ဟုတ်ပြီ၊ ဘကြီးမောင်ခင်၊ ကျွဲတွေ၊ နွားတွေ၊ မြွေတွေ၊ ကြွက်တွေ စတဲ့ တိရစ္ဆာန်တွေရော၊ ပိုးရွ၊ ခြပုန်း စတဲ့ အကောင်ပလောင်တွေရော၊ နောက်တစ္ဆေတွေ၊ သူရဲဆိုတာ တွေရော ဆိုရင် အံ့မယ်လေး များလိုက်တဲ့ အပါယ်ဘုံသား တွေဟာ--"

"ဟုတ်ပြီ၊ ဟုတ်ပြီ ဘကြီးမောင်ခင်၊ လန့်စရာ၊ ထိတ်စရာကြီးရယ်နော်"

"ဟုတ်တယ်ဘကြီးခင်၊ ကိုဖိုးထောင်ပြောသလို အပါယ် ဘုံသားတွေဟာ နည်းတာမှ မဟုတ်တာ၊ ကျွန်တော်တော့ သိပ် ကို ကြောက်သွားပြီ။ ဘကြီးတို့ပြောတာတွေ ကြားစထဲကိုက ကျွန်တော့်မှာ တုန်လှုပ်နေခဲ့တာ။ ဒါကြောင့်မို့ ဒီ ဝါဦးမှာ ဒုလ္လဘသင်္ကန်းဝတ်မယ်လို့--"

"ဟ–ဒုလ္လဘတွေ ဘာတွေ လုပ်မနေနဲ့၊ အပြီးအပိုင်သာ ဝတ်၊ ဝတ်နိုင်လေ ကောင်းလေပဲဟ ၊

"ဝတ်စမ်းပါ ကိုထွေး၊ ပစ္စည်း ၄–ပါးအတွက် ဘာမှ မပူနဲ့၊ ကျွန်တော့်တာဝန်ထား၊ အဲ–ကျွန်တော်ဆောင် လှူဘောင်ကို ငြီးငွေ့လှပြီ။ အခုဆို ပိုလို့ တုန်လှုပ်လာတယ်၊ အိမ်မှာက ဘူးစုခရုတွေက များလို့၊ ဒါ–လက်လွှတ်ရရင် ကိုထွေးလို သင်္ကန်းဝတ်မှာ သိလား၊ ဒီလူဝတ် ကြောင် အရှုပ်အထွေးကြီးထဲ ဘာလို့နေချင်ရမလဲ"

"ကောင်းပါ့ မောင်ဖိုးထောင်"

"အခုလို ကျွန်တော်တို့ စကားဝိုင်းကနေ သံဝေဂဉာဏ် ရပြီး သက္ကရာဇ် ၁၀တ်တော့မှာမို့ ဒီနှစ် သင်္ကြန်ဟာ တန်ဖိုးရှိလိုက်တာ ဘကြီးမောင်ခင်"

"ဟုတ်တယ် ဖိုးထောင်"

ထိုသို့ ကျွန်တော်တို့ စကားကောင်းနေခိုက်–

"ကိုဖိုးထောင် ခဏ"

ဟု မိန်းမခေါ်သံကြားရသဖြင့် ကျွန်တော်တို့အားလုံး ပြိုင်တူလိုလို အသံလာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ကိုဖိုးထောင်ကို ခေါ်သူမှာ အခြားသူ မဟုတ်ဘဲ ကိုဖိုးထောင်မိန်းမ ဖြစ်နေသည်။

ကိုဖိုးထောင်မိန်းမသည် ဇရပ်ပေါ်သို့ တက်မလာဘဲ ဇရပ်ကြီး၏ လှေကားခြေရင်းမှပင် လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။ ထိုအခါ ကိုဖိုးထောင်က သုတ်ခနဲဆို ပုတီးလေး လက်ကကိုင်ပြီး အောက်သို့ ဆင်းသွားသည်။ ထို့နောက် လင်မယားနှစ်ယောက် တီးတိုး တီးတိုးနှင့် စကားပြောနေရာမှ–

"ဒေါ်ဂွက်ထော် ခဏ"

ဟု ကိုဖိုးထောင်မိန်းမက ခေါ်လိုက်ပြန်သည်။ ဒေါ်ဂွက် ထော် ဆင်းသွား၍ သုံးယောက်စုံသောအခါ၌လည်း စကားကို တီးတိုးတီးတိုးနှင့်ပင် ပြောဆိုနေကြသည်။

ထို့နောက် ကိုဖိုးထောင် ဇရပ်ပေါ် ပြန်တက်လာပြီး ဘာမပြော၊ ညာမပြောနှင့် ဘုရားကို ဦးသုံးကြိမ်ဝတ်ချပြီး သူ့ခေါင်းအုံးလေး၊ စောင်လေးကို သိမ်းဆည်း၍ ချိုင်းကြား ညှပ်ကာ–

"အဲဗျာ၊ ကိစ္စလေးရှိလို့ လိုက်သွားရဦးမယ်"

ဟု ပြောပြီး ကိုဖိုးထောင် သူ့မိန်းမနှင့်အတူ ကျောင်းဝင်း ထဲက ခပ်သုတ်သုတ် ထွက်သွားသည်။ ဒေါ်ဝွက်ထော်က လိုက်မသွားဘဲ ကျွန်တော်တို့ဆီ ပြန်တက်လာသည်။

"ဟဲ့ ဝွက်တော်၊ ဖိုးထောင်မယားက ဘာကိစ္စတဲ့လဲ၊ သူ့ယောကျ်ားလာခေါ်တာ"

"အော်–ဟို သူ့အိမ်မှာ သူ့အသိ ဝက်ဝယ်သမားတွေ ရောက်နေလို့တဲ့။ အဲဒါ ဖိုးထောင်ကလဲ ဥပုသ်ကြီးနဲ့မို့ မရောင်း ချင်သေးဘူးတဲ့။ အဲဒါ ပြန်လွှတ်လိုက်ဖို့ သူ့မိန်းမကို ပြောတာ မရဘူး။ ဟိုဖိုးထောင့်မိန်းမကလဲ သူပြောလို့ ရမှာမဟုတ်ဘူး၊ ဟိုဝက်ဝယ် သမားတွေက အရေးကြီးလို့ ဒီနေ့ပဲ ဝယ်မလို့တဲ့။ အဲဒါ ရှင့်ဘာသာရှင် လိုက်ပြောဆိုလို့ ပြန်လိုက်သွားတာ"

"နို့–နင့်ခေါ်တာကကော"

"အော်–ကျွန်မကို ခေါ်တာကလား၊ ဈေးသိချင်လို့၊ အခါမတိုင်မီက ကျွန်မ ဝက်မကြီး အချိန် ၈၀ လောက် ထွက်မယ်ထင်တယ်၊ ရောင်းလိုက်သေးတယ်၊ အခါတွင်းလဲ

သုံးစွဲရအောင်လို့။ ဖိုးထောင်တို့ ကျောင်းမှာကလဲ သူတို့ ဝက်မကြီးရယ်၊ သူတို့ဝက်မက အနည်းဆုံး အချိန် ၆၀၊ [illegible] တော့ ထွက်မှာ၊ အဲဒါ ဘယ်ဈေးနဲ့ ရောင်းရမလဲ [illegible] ”

“နို့–အစ်မက ဘပဒ်ဈေးနဲ့ ပြောလိုက်သေးလ

“ဟယ်–ဒီကောင်မ ဘုတ်ဆုံ၊ လျှာကိုရှည်တယ်၊ ဒ [illegible] နင့်အလုပ်လား၊ ကိုယ့်မှာ ဥမှုသ်ကြီးနဲ့ဟာ မေးနေရတယ်လို့”

“သိချင်လို့ပါ အမေဗျော့ရဲ့”

“တော်ဆို ဒီကောင်မ”

“အဲ–အဲ–ဖိုးထောင် ဖိုးထောင်၊ ဘယ်တတ်နိုင်မလဲဟယ်၊ သူ့လဲ အသိဉာဏ် ရှိသားဟာကို။

“အင်း–အင်း သတ္တဝါတစ်ခု၊ ကံတစ်ခုရယ်ကိုး”

ဟု ဘကြီးမောင်ခင်မှာ ခေါင်းလေးတညိမ့်ညိမ့်နှင့် မှတ်ချက်ချလိုက်ရှာသည်။

ထွန်းလွင်

(ဓမ္မာစရိယ၊ ဘီအေ)